# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

၁၃၇၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၁ ရက် | ၂၀၁၆ ခုနှစ်၊ ဩဂုတ် ၂၉ ရက်၊ တနင်္လာနေ့၊ | အတွဲ (၅၅)၊ အမှတ် (၃၂၉)


## မိတ်ဆွေကောင်းနှင့်ပေါင်းသင်း

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

**ပဏ္ဍိတဝင်္ဂ (ဓမ္မပဒ - ၇၈)**

# နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး တာ့ဂျ်မဟာသို့ သွားရောက်လေ့လာ



**နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်နှင့် အဖွဲ့ဝင်များ အိန္ဒိယနိုင်ငံ အဂရာမြို့ရှိ တာ့ဂျ်မဟာကို လေ့လာကြစဉ်** (သတင်းစဉ်)

**နယူးဒေလီ ဩဂုတ် ၂၈**

နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်နှင့်အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် ဂယာမြို့မှ အိန္ဒိယအထူးလေယာဉ်ဖြင့် ထွက်ခွာခဲ့ကြရာ အဂရာမြို့သို့ ဒေသစံတော်ချိန် နံနက် ၉ နာရီ ၃၅ မိနစ်တွင် ရောက်ရှိကြသည်။

နိုင်ငံတော်သမ္မတနှင့်ဇနီးတို့အား အဂရာမြို့၌ ပြည်နယ်အုပ်ချုပ်ရေးမှူး မစ္စတာ ရှုရီ ချန်ဒရာ ကန့်၊ ပြည်နယ်တရားသူကြီး မစ္စတာ ရှုရီ ဂလိုဘယ် ဒိုင်ယာနှင့် ပြည်နယ်အဆင့်အကြီးအကဲများက အဂရာမြို့လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ခေတ္တတည်းခိုနားနေမည့် Oberoi Amarvilas ဟိုတယ်သို့ ရောက်ရှိကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်ဇနီးနှင့် အဖွဲ့သည် Oberoi Amarvilas ရှိ စကျင်ကျောက် လက်မှုပန်းချီကျောက်ချပ်များနှင့် လူသုံးကုန်ပစ္စည်းများအား ကြည့်ရှုလေ့လာကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❄

## နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဩဂုတ် ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

(မိုး/ဇလ)

## ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ ကျင်းပရေး ပူးတွဲကော်မတီအစည်းအဝေးကျင်းပ

စာ-၄

## လွှတ်တော်ကိုယ်စားလှယ်များနှင့်ပြည်သူများကြား ဆက်သွယ်ပေးမည့် Hotline စတင်ပေါ်ပေါက်

စာ-၉

## ကမ္ဘာ့အကြီးမားဆုံးပင်လယ်ဆိုင်ရာ ကာကွယ်ရေးနယ်မြေတည်ဆောက်ရန် အမေရိကန်ပြင်ဆင်

စာ-၁၁




# ပြည်သူတို့၏ပူးပေါင်းပါဝင်မှုအားကိုရယူ

မူးယစ်ဆေးဝါးဖမ်းဆီးရမိမှုများက မြန်မာနိုင်ငံအနှံ့အပြားတွင် ဖြစ်ပေါ်နေသည်။ အချို့မှုခင်းများတွင် မူးယစ်ဆေးဝါးအပြင် လက်နက်များပါ ဖမ်းမိခဲ့ကြောင်း သတင်းများတွင်တွေ့ရသည်။ မူးယစ်ဆေးဝါး ဖမ်းဆီးရမိမှုများအားလုံးလိုလိုတွင် သယ်ဆောင်သူ၊ တစ်ဆင့်ခံရောင်းချသူများကိုသာ ဖမ်းဆီးရမိခြင်းဖြစ်ပြီး ပင်ရင်းထုတ်လုပ်သူ၊ ရောင်းချသူဆရာကြီးများကို ဖမ်းဆီးနိုင်ခြင်းမရှိကြောင်းနှင့် တာဝန်ရှိအဖွဲ့အစည်းများနှင့် ပတ်သက်၍ မီဒီယာများ၏ ဝေဖန်မှု၊ မေးခွန်းထုတ်မှုများလည်း ခပ်စိပ်စိပ်တွေ့လာရသည်။

"မြန်မာနိုင်ငံအနှံ့အပြားတွင် မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားနေမှုများ၊ အုပ်စုလိုက် မူးယစ်ဆေးဝါးသုံးစွဲသည့်နေရာများအား အမြစ်ပြတ်ရှင်းလင်းဖယ်ရှားရေး၊ မူးယစ်ဆေးဝါးအန္တရာယ် ပညာပေးမှုများ ရပ်ကွက်၊ ကျေးရွာမကျန် အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရေးနှင့် မူးယစ်ဆေးဝါးသုံးစွဲသူများအား ပြုစုကုသရေးနှင့် ပြန်လည်ထူထောင်ရေးစခန်းများ လိုအပ်သည့်နေရာများတွင် ဖွင့်လှစ်ပေးရေး" အဆိုကို ရှမ်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၃)မှ လွှတ်တော်ကိုယ်စားလှယ်က ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးဆဋ္ဌမနေ့တွင် တင်သွင်းပြီး လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခဲ့ကြသည်။

၎င်းနှင့်တစ်နေ့တည်း (ဩဂုတ် ၂ ရက်)မှာပင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့အစည်းအဝေးကို ကျင်းပခဲ့ရာ မူးယစ်ဆေးဝါးပြဿနာ၌ အကြမ်းဖက်မှုပြဿနာလည်းရှိနေပြီး မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့် စိတ်ပိုင်းဆိုင်ရာပြောင်းလဲမှုများမှတစ်ဆင့် ပြစ်မှုများကျူးလွန်နေသလို မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်ထုတ်လုပ်မှု အပိုင်းတွင်လည်း စနစ်တကျစီစဉ်ထားသော အကြမ်းဖက်မှု၊ လူသတ်မှုများနှင့် ဈေးကွက်ယှဉ်ပြိုင်မှုများဖြစ်လာကြောင်း၊ မြန်မာနိုင်ငံသည် မူးယစ်ဆေးဝါးပြဿနာကို ကမ္ဘာ့နိုင်ငံများနည်းတူ နှစ်ကာလကြာရှည်စွာ ခံစားနေရကြောင်း၊ နိုင်ငံတော်အစိုးရအဆက်ဆက် မူးယစ်ဆေးဝါးအန္တရာယ်ပပျောက်ရေးအတွက် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ခဲ့ကြသော်လည်း မူးယစ်ဆေးဝါးပြဿနာကို ထိန်းချုပ်ထားနိုင်စွမ်းမရှိဘဲ ပိုမိုဆိုးရွားလာသည်ကို တွေ့ရှိရကြောင်း ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေက အဆိုပါအစည်းအဝေး၌ ပြောကြားခဲ့သည်။

မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့် ပုံမှန်မဟုတ်တော့သည့် စိတ်အခြေအနေနှင့် ရာဇဝတ်မှုကျူးလွန်မှုများအပါအဝင် လူငယ်အုပ်စုများ၏ ရန်ပွဲများ၊ အုပ်စုဖွဲ့လုယက်မှုများ၊ အမိရင်းအဖရင်းကိုပင် ရန်ပြုသတ်ဖြတ်မှုများစသည့် အကြမ်းဖက်မှုများကို ကျူးလွန်လာကြရာ လူငယ်ထုအတွင်း မူးယစ်ဆေးဝါးအန္တရာယ် ကြီးမားစွာထိုးဖောက်ဝင်ရောက်နေသည့် သာဓကများပင်ဖြစ်သည်။ အနာဂတ်အတွက် တိုင်းပြည်ရတနာများဟုဆိုရမည့် ကျောင်းသား ကျောင်းသူများ ပညာသင်ကြားရာ စာသင်ခန်းများနှင့် ကျောင်းပရဝဏ် ဆီသို့ပင် မူးယစ်ဆေးဝါးအန္တရာယ်က ရောက်ရှိလာခဲ့ပြီဖြစ်ရာ လွှတ်တော်ကိုယ်စားလှယ်တစ်ဦး ပြောကြားသည့်စကားအရ "မူးယစ်ဆေးဝါးအန္တရာယ်သည် မြန်မာတစ်မျိုးသားလုံးကို ခြိမ်းခြောက်သည့်အဆင့်ကို ကျော်လွန်ကာ အန္တရာယ်ပေးသည့် အဆင့်သို့ရောက်ရှိနေပြီဖြစ်သည်" ဟု ဆိုနိုင်သည်။

မူးယစ်ဆေးဝါးအန္တရာယ် ကာကွယ်တိုက်ဖျက်ရေးသည် အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်သည့်အလျောက် လူငယ်လူရွယ်များအား ပညာပေးလုပ်ငန်းများ ထိထိရောက်ရောက်ဆောင်ရွက်ပေးခြင်း၊ မူးယစ်ဆေးဝါးရောင်းဝယ်သုံးစွဲမှုများအား ပြည်သူများက ပူးပေါင်းပါဝင်ဖော်ထုတ်ပေးနိုင်မည့် အခြေအနေနှင့် အခွင့်အလမ်းများကို လက်လှမ်းတမီတွင် ဖန်တီးပေးထားခြင်း၊ မူးယစ်ဆေးဝါးနှင့် စပ်လျဉ်းသည့် ပြစ်မှုများကို အရေးယူရာတွင်လည်း ထိရောက်ဟန့်တားလောက်သည့် အရေးယူမှုများပြုလုပ်ခြင်းတို့ဖြင့် ပြည်သူတို့၏ ပူးပေါင်းပါဝင်မှုအားကို ရယူဆောင်ရွက်နိုင်ပါစေကြောင်း။ ။




## ဆေးပညာဆွေးနွေးပွဲ ကျင်းပမည်

**ရန်ကုန် ဩဂုတ် ၂၈**

မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)အထွေထွေရောဂါကုဆရာဝန်များအဖွဲ့က ကြီးမှူး၍ အထွေထွေရောဂါ/မိသားစုကျန်းမာရေးစောင့်ရှောက်မှု ဆေးပညာ စဉ်ဆက်မပြတ်တိုးတက်ရေးရည်သန်လျက် ပညာရပ်ဆိုင်ရာဆွေးနွေးပွဲ(Continuing Professional Development Forum)ကိုမြန်မာနိုင်ငံဆရာဝန်အသင်းခန်းမဆောင်(ဘီ)၌ စက်တင်ဘာ ၁ ရက် တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါဆွေးနွေးပွဲသို့ မိသားစုကျန်းမာရေးစောင့်ရှောက်မှုဆေးပညာဆိုင်ရာ စာတမ်းများဖတ်ကြား ဆွေးနွေးခြင်းနှင့် Meet the Specialist: Q & A on Common Renal Problems တို့ပါဝင်မည်ဖြစ်ပြီး စိတ်ပါဝင်စားသည့် ဆရာဝန်များ တက်ရောက်နိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၇၃၂၀၃၇၀၂ နှင့် ၀၉-၇၉၅၃၈၈၉၈၃ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

**မောင်မောင်**

## တာချီလိတ်၌ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁)ရာစု ပင်လုံအား ကြိုဆိုထောက်ခံပွဲကျင်းပ

**တာချီလိတ် ဩဂုတ် ၂၈**

ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစု ပင်လုံအား ကြိုဆိုထောက်ခံပွဲကို တာချီလိတ်မြို့ မဇ္ဈိမလူမှုကူညီရေးအသင်းဥက္ကဋ္ဌ ဦးတင့်ဆွေ ဦးဆောင်၍ ဆန်ဆိုင်း (ခ)ရပ်ကွက်ရှိ ရှမ်းရိုးမကွင်း၌ ဩဂုတ် ၂၈ ရက်က ကျင်းပခဲ့သည်။

အဆိုပါ ကြိုဆိုထောက်ခံပွဲသို့ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များ၊ နိုင်ငံရေးပါတီများ၊ ရွှေတာချီခရီးသွားလုပ်ငန်းမှ တက္ကစီမောင်းသူများ၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များနှင့် ဒေသခံပြည်သူများက '(၂၁)ရာစု ပင်လုံအား ကြိုဆိုပါသည်'၊ '(၂၁)ရာစု ပင်လုံအား ထောက်ခံပါ သည်'၊ '(၂၁)ရာစု ပင်လုံအောင်ရမည်' ဟူသော လက်ကိုင်ပိုစတာများကိုင်ဆောင်ပြီး ကြွေးကြော်သံများဖြင့် ပြုလုပ်ခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**



## ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး၏ ဂုဏ်ပြုလက်မှတ်နှင့် ဆုတံဆိပ်ထူးချွန်ဆုချီးမြှင့်

**ရန်ကုန် ဩဂုတ် ၂၈**

ရန်ကုန်တိုင်းဒေသကြီး၏ ရဲတပ်ဖွဲ့အစီအစဉ်ဖြင့် မြောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံး၌ အမှတ်စဉ်(၃) ဖမ်းဆီးနည်းဆင့်ပွားသင်တန်းဆင်းပွဲ အခမ်းအနားတွင် ထူးချွန်ဆုရတပ်ဖွဲ့ဝင် သုံးဦးအား ဩဂုတ် ၂၆ ရက်က တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး၏ ဂုဏ်ပြုလက်မှတ်နှင့် ဆုတံဆိပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းတွင် အရာရှိနှစ်ဦးအပါအဝင် သင်တန်းသား ၂၀ တက်ရောက်ခဲ့ကာ သင်တန်းဆင်းပွဲတွင် သင်တန်းသားများက ဖမ်းဆီးနည်းပညာရပ် ကို သရုပ်ပြသခဲ့ရာ ထူးချွန်တပ်ဖွဲ့ဝင်သုံးဦးအား မြောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး စိုးဝင်းက တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်ဝင်းနိုင်က ပေးအပ်ချီးမြှင့်သော ဆုတံဆိပ်နှင့် ဂုဏ်ပြုလက်မှတ်ကို ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(၁၆၄)**

## ရဲတပ်ဖွဲ့နှင့်ပြည်သူ ပူးပေါင်း၍ သန့်ရှင်းရေးဆောင်ရွက်

**မြို့သစ် ဩဂုတ် ၂၈**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်အတွင်း ဩဂုတ် ၂၄ ရက် ညနေပိုင်းက မြေလျှင်လှုပ်ခတ်မှုကြောင့် ကံဆွယ်အုပ်စု ကံကြီး(တောင်)ကျေးရွာအနီးရှိ ရှေးဟောင်းသမိုင်းဝင်စေတီငါးဆူအနက် စေတီတစ်ဆူမှာ မြေခဲ့ပြီး နောက်တစ်ဆူမှာ ခြောက်ပေခန့် အက်ကွဲကြောင်းများဖြစ်ပေါ်ခဲ့သဖြင့် စေတီပုထိုးများအား အမြန်ပြန်လည်ပြုပြင်နိုင်ရန်အတွက် ဩဂုတ် ၂၆ရက်က မြို့သစ်မြို့နယ် ဒန့်ဒလွန်ပင် နယ်မြေရဲစခန်းမှူး ရဲမှူး ကျားမောင်နှင့် တပ်ဖွဲ့ဝင်ကိုးဦးတို့သည် ကံဆွယ်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးညွန့်သိန်းနှင့် ကျေးရွာပြည်သူ ၆၀ တို့နှင့်အတူ အပျက်အစီးများကို ဝိုင်းဝန်းကူညီဖယ်ရှား၍ သန့်ရှင်းရေးဆောင်ရွက်ခဲ့ကြကြောင်း သိရသည် ။

**သန်းဝင်းထွန်း(မြို့သစ်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၂၈-၈-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၅၈၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၀၇၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၅၈၅၀၀ |

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၅၂၀ / ၅၅၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၂၀ / ၅၄၀ ကျပ် |
| အောက်တိန်း ၉၅ | ၅၈၀ / ၆၂၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၅၀ / ၅၈၀ ကျပ် |

နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၀၃·၇ |
| ဥရောပ | တစ်ယူရို | ၁၃၅၄·၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၈၈·၂၈ |
| ထိုင်း | တစ်ဘတ် | ၃၄·၇၃၉ |
| အိန္ဒိယ | တစ်ရူပီး | ၁၇·၉၂၀ |
| တရုတ် | တစ်ယွမ် | ၁၈၀·၆၆ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၇·၉၂ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၃၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

❄ *ရှေ့ဖုံးမှ*

ဆက်လက်၍ အဂရာမြို့ရှိ တာ့ဂျ်မဟာကို သွားရောက်လေ့လာကြပြီး ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။

**တာ့ဂျ်မဟာ**

အဆိုပါ တာ့ဂျ်မဟာကို အဂရာမြို့ ယမုံနာမြစ်ကမ်းတောင်ဘက်နံဘေး ၄၂ ဧကအကျယ်ရှိ မြေနေရာ၌ စကျင်ကျောက်ဖြင့် တည်ဆောက်ထားပြီး ၁၆၂၈ - ၁၆၅၈ ခုနှစ်အထိ နှစ်ပေါင်း ၃၀ ကြာ တည်ဆောက်ခဲ့ရကြောင်း သိရသည်။ ဗိသုကာပညာရှင် Ustad Ahmad Lahauri ဦးဆောင်သည့် အဖွဲ့၏ ညွှန်ကြားမှုဖြင့် လက်မှုပညာရှင်အင်အား ၂၀၀၀၀ ခန့် ပါဝင်တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ တာ့ဂျ်မဟာမှာ Shah Jahan ဘုရင်၏ မိဖုရား Mumatz Mahal ၏ ဂူဗိမာန်ဖြစ်ပြီး ၁၉၈၃ ခုနှစ်တွင် ယူနက်စကိုက World Heritage Site အဖြစ် သတ်မှတ်ခဲ့ကြောင်း၊ နှစ်စဉ် ခရီးသွားရှစ်သန်းခန့် လာရောက်လျက်ရှိပြီး ကမ္ဘာ့အံ့ဖွယ် ခုနစ်နေရာအနက် တစ်ခုအပါအဝင်ဖြစ်ကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် အဂရာမြို့မှ အိန္ဒိယ အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာခဲ့ရာ နယူးဒေလီမြို့ Palam လေတပ်စခန်းသို့ ရောက်ရှိကြသည်။



**နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး Oberoi Amarvilas ရှိ စကျင်ကျောက် လက်မှုပန်းချီ ကျောက်ချပ်များနှင့် လူသုံးကုန်ပစ္စည်းများအား ကြည့်ရှုလေ့လာစဉ်**
(သတင်းစဉ်)

**ကြိုဆို**

နိုင်ငံတော်သမ္မတနှင့် ဇနီးတို့အား အိန္ဒိယနိုင်ငံ ဝန်ကြီးချုပ်ရုံး ဝန်ကြီး မစ္စတာ Shri Jitendra Singh နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

**ညစာစားပွဲ**

ညပိုင်းတွင် နိုင်ငံတော်သမ္မတနှင့် ဇနီးနှင့်အဖွဲ့သည် နယူးဒေလီမြို့ရှိ အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးနေအိမ်၌ သံရုံး၊ စစ်သံရုံးမှ ဝန်ထမ်းများ၊ မိသားစုဝင်များ၊ WHO တွင် တာဝန်ထမ်းဆောင်နေကြသည့် မြန်မာဆရာဝန်များ၊ ပညာတော်သင် ကျောင်းသားများအား တွေ့ဆုံပြီး သံအမတ်ကြီး ဦးအောင်ခင်စိုးနှင့်ဇနီး တို့က တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ခဲ့သည်။
**(သတင်းစဉ်)**



**နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး အား အိန္ဒိယနိုင်ငံ ဝန်ကြီးချုပ်ရုံး ဝန်ကြီး မစ္စတာ Shri Jitendra Singh နှင့် တာဝန်ရှိသူများက ကြိုဆိုကြစဉ်**
(သတင်းစဉ်)



**ကမ္ဘာ့အံ့ဖွယ် ခုနစ်နေရာအနက် တစ်ခုအပါအဝင်ဖြစ်သည့် တာ့ဂျ်မဟာအဆောက်အအုံကို တွေ့ရစဉ်**
(သတင်းစဉ်)

## အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) ဘွဲ့ယူလက်ရာမွန်ပြပွဲနှင့် စင်တင် တင်ဆက်ပွဲကျင်းပမည်

**ရန်ကုန် ဩဂုတ် ၂၈**

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)၏ အကြိမ်(၂၀)မြောက် ဘွဲ့ယူ ကျောင်းသားကျောင်းသူများ၏ ပန်းချီ၊ ပန်းပုလက်ရာမွန်ပြပွဲနှင့် ဂီတ၊ သဘင်၊ ရုပ်ရှင်နှင့် ပြဇာတ် စင်တင် တင်ဆက်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၀ ရက် (စနေနေ့) ညနေ ၃ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ အခမ်းအနားနှင့်စပ်လျဉ်းသည့် စာနယ်ဇင်းရှင်းလင်းပွဲကို စက်တင်ဘာ ၁ ရက်(ကြာသပတေးနေ့) နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်ရှိ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)၌ကျင်းပမည်ဖြစ်ရာ သက်ဆိုင်ရာ သတင်းမီဒီယာများ တက်ရောက်ကြရန် ဖိတ်ကြားထားကြောင်း သိရသည်။

**ကိုချစ်**

**ရတနာသစ်တော၊ ပြည့်သွေးကြော
သစ်တောရတနာ၊ ထိန်းသိမ်းပါ**

# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁)ရာစုပင်လုံ ကျင်းပရေးပူးတွဲကော်မတီ အစည်းအဝေးကျင်းပ

**နေပြည်တော် ဩဂုတ် ၂၈**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံကျင်းပရေး ပူးတွဲကော်မတီ အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဟိုတယ်ဇုန်ရှိ သင်္ဂဟဟိုတယ်၌ ကျင်းပသည်။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံကိုလေးရက်ကျင်းပရန် လျာထားပြီး ညီလာခံဖွင့်ပွဲနေ့ နံနက်ပိုင်းတွင် အစိုးရအဖွဲ့၊ တပ်မတော်၊ လွှတ်တော်၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ၊ နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများနှင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်တို့ တက်ရောက် အမှာစကားပြောကြားကြမည်ဖြစ်ကြောင်း နှင့် ညနေပိုင်းတွင် UPDJC ဆောင်ရွက်ချက်အစီရင်ခံစာ၊ JMC ၏ အစီရင်ခံစာ၊ နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင်နှင့်ပတ်သက်သည့် အစီရင်ခံစာ၊ ငြိမ်းချမ်းရေးညီလာခံ ပြင်ဆင်ရေးကော်မတီ၏ အစီရင်ခံစာ၊ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲနှင့် ပတ်သက်သည့် အစီရင်ခံစာများကို ညီလာခံသို့ တင်သွင်းသွားမည်ဖြစ်ကြောင်း သိရသည်။

ညီလာခံ ဒုတိယနေ့၊ တတိယနေ့နှင့် ပိတ်ပွဲနေ့ နံနက်ပိုင်းတို့တွင် အစိုးရအဖွဲ့၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့၊ နိုင်ငံရေးပါတီများပါဝင်သည့် ပထမအဖွဲ့၊ လွှတ်တော်၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့၊ နိုင်ငံရေးပါတီများပါဝင်သည့် ဒုတိယအဖွဲ့နှင့် တပ်မတော်၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့၊ နိုင်ငံရေးပါတီများပါဝင်သည့် တတိယအဖွဲ့ စသည့်အဖွဲ့သုံးဖွဲ့တို့မှ စုစုပေါင်း ၇၆ ဦး အမှာစကားပြောကြားကြမည်ဖြစ်ပြီး နောက်ဆုံးနေ့တွင် ညီလာခံကြီးမှ မှတ်တမ်းတင်ခြင်း၊ အတည်ပြုခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်သွားရန် စီစဉ်ထားရှိကြောင်း သိရသည်။

အစည်းအဝေးသို့ အစိုးရအဖွဲ့၊ တပ်မတော်၊ အရပ်ဘက်အဖွဲ့အစည်းနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



## ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ ထောက်ခံပွဲ တောင်ငူမြို့တွင် ကျင်းပ

**တောင်ငူ ဩဂုတ် ၂၈**

မြန်မာနိုင်ငံသည် တိုင်းရင်းသားပေါင်းစုံ စုပေါင်း နေထိုင်လျက်ရှိသည်နှင့်အညီ ငြိမ်းချမ်းစွာဖြင့် အေးအတူပူအမျှ နေထိုင်ကြခြင်းဖြင့် တိုင်းပြည်၏ အနာဂတ်၏ အလားအလာကောင်းများကို ဖော်ဆောင်နိုင်မည့် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ -(၂၁)ရာစုပင်လုံ ထောက်ခံကြိုဆိုပွဲကို ဩဂုတ် ၂၈ ရက် နံနက်ပိုင်းက တောင်ငူမြို့ မိုင်ဒါကွင်း အတွင်းရှိ ခပေါင်းခန်းမ၌ ကျင်းပခဲ့ရာ တောင်ငူ၊ ကျောက်ကြီး၊ ရေတာရှည်၊ ထန်းတပင်၊ ဖြူး၊ အုတ်တွင်းမြို့နယ်များမှ တိုင်းရင်းသားပြည်သူ ၁၅၀၀ ကျော် တက်ရောက်ခဲ့ကြောင်း သိရသည်။

အခမ်းအနားမကျင်းပမီ နံနက် ၉ နာရီ၌ တောင်ငူမြို့အမှတ်(၁၂) ရပ်ကွက်ရှိ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ရုံးမှတစ်ဆင့် ဗိုလ်မှူးဖိုးကွန်းလမ်း၊ (၅)လမ်းထိပ်၊ နဂါးရုံဘုရားလမ်း၊ ကုန်သည်ကြီးလမ်းနှင့် ကန်လမ်းထောင့်၊ ဆေးရုံထောင့် (ရန်ကုန်-မန္တလေး) ကားလမ်း၊ ထိုမှတစ်ဆင့် 7 TOP လမ်းဆုံ အတိုင်း စုဝေးလမ်းလျှောက်၍ ခပေါင်းခန်းမသို့ရောက်ရှိနေရာယူပြီး အစီအစဉ်အတိုင်းအခမ်းအနားကို ဆက်လက်ကျင်းပခဲ့သည်။

အခမ်းအနားတွင် ခရိုင်အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်မှ ဦးအောင်စိုးမြင့်က သဘာပတိအဖြစ်ဆောင်ရွက်ပြီး ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ -(၂၁)ရာစုပင်လုံ ထောက်ခံပွဲ ကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး အဆိုပါ ထောက်ခံပွဲသို့ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြောင်း သိရှိရသည်။

**ကိုလွင်(ဆွာ)**

## တရားစီရင်ရေးလုပ်ငန်းများနှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၏ တရားဥပဒေစိုးမိုးရေးနှင့် မှုခင်းလက်ကျန်လျှော့နည်းကျဆင်းရေး ညှိနှိုင်းစည်းဝေး

**မန္တလေး ဩဂုတ် ၂၈**

မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော် မှကြီးမှူး၍ တိုင်းဒေသကြီးတရားလွှတ်တော်နှင့် တိုင်းဒေသကြီးအတွင်းရှိ တရားစီရင်ရေးလုပ်ငန်းများနှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ တိုင်းဒေသကြီး အတွင်းရှိ ခရိုင်နှင့် မြို့နယ် တရားရုံး များမှ တရားသူကြီးများနှင့် တရားရေးအရာရှိများပါဝင်သော တရားဥပဒေစိုးမိုးရေးနှင့် မှုခင်းလက်ကျန်လျှော့နည်းကျဆင်းရေး ညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၂၈ ရက် နံနက် ၉ နာရီက တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးအစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

ညှိနှိုင်းအစည်းအဝေးတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က ယခုပြုလုပ်သော အစည်းအဝေးသည် တိုင်းဒေသကြီး အတွင်း တရားဥပဒေစိုးမိုးရေးနှင့် မှုခင်းလက်ကျန်ကျဆင်းရေးတို့အတွက် တရားစီရင်ရေးတွင် အဓိက တာဝန်ရှိသော တရားသူကြီးများနှင့် ဆက်နွှယ်သည့် တရားစွဲအဖွဲ့အစည်းများအားလုံး အပြန်အလှန် ညှိနှိုင်းဆွေးနွေးဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးစသည့် မဏ္ဍိုင်ကြီးသုံးရပ်တွင် မဏ္ဍိုင်တစ်ခုနှင့်တစ်ခုတတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်းနှင့် အပြန်အလှန် ထိန်းကျောင်းခြင်း ပြုလျက်ရှိကြောင်း၊ ပြည်တွင်း ငြိမ်းချမ်းရေးအောင်မြင်အောင် ဆောင်ရွက်လျက်ရှိရာ နိုင်ငံအတွင်း ဒေသများတွင် တရားဥပဒေစိုးမိုးရေး ဖော်ဆောင်ရန် အရေးကြီးကြောင်း၊ ယခု အစည်းအဝေးမှ ကောင်းမွန်သော လုပ်ငန်းစဉ်ကောင်းများရရှိရန် မျှော်လင့်ကြောင်း မှာကြားသည်။

တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်က တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး၊ အမှုများနှောင့်နှေး ကြန့်ကြာမှုမရှိဘဲ မြန်မြန်နှင့်မှန်မှန် စစ်ဆေးစီရင်ရေး၊ ပြည်သူများယုံကြည်ကိုးစားသည့် ပြည်သူ့အကျိုးပြုတရားစီရင်ရေးစနစ် ပေါ်ထွန်းရေး၊ တရားရုံးများ၏ ဂုဏ်သိက္ခာမြှင့်တင်ရေး၊ ကြန့်ကြာနေသော အချုပ်တရားခံအမှုများ၊ ခံဝန်အမှုများကို အမြန်ပြီးပြတ်အောင်ဆောင်ရွက်ရေး၊ မှုခင်းလက်ကျန်ကျဆင်းရေး၊ ပြစ်မှုနှင့် လျော်ညီသော ပြစ်ဒဏ်ရရှိရေး၊ နိုင်ငံတော်လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိပါးစေသောပြစ်မှုများအား ပြစ်မှုနှင့်လျော်ညီစွာ ထိရောက်ဟန့်တားစေသည့် ပြစ်ဒဏ်များချမှတ်ရေး စသည့် ကိစ္စရပ်များကို ဆွေးနွေးမှာကြားခဲ့သည်။ ယင်းနောက် တက်ရောက်လာသည့် ဌာနဆိုင်ရာများမှ တရားစီရင်ရေးနှင့် ဆက်နွှယ်သည့် အခန်းကဏ္ဍများကို ဆွေးနွေးတင်ပြသည်။

ဆွေးနွေးပွဲသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုဥက္ကဋ္ဌ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်နှင့် တရားလွှတ်တော် တရားသူကြီးများ၊ ခရိုင်/မြို့နယ် တရားသူကြီးများ စုစုပေါင်း ၁၈၀ ဦး တက်ရောက်ကြကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**



## ဆရာ၊ ဆရာမများ၏ဘဝရပ်တည်မှု မြှင့်တင်ဆောင်ရွက်ပေးနိုင်မှသာလျှင် ပညာရေးစနစ် အောင်မြင်စွာဆောင်ရွက်နိုင်မည်

**မန္တလေး ဩဂုတ် ၂၈**

ပညာရေးစနစ်အတွက် မူဝါဒများ မည်သို့ပင် ချမှတ်စေကာမူ အကောင်အထည်ဖော်ဆောင်ရွက်မည့် သင်ကြားရေး ဆရာ၊ ဆရာမများ၏ ကိုယ်ရည်ကိုယ်သွေး စားဝတ်နေရေး၊ ကျန်းမာရေးနှင့် ဂုဏ်သိက္ခာပိုင်းများကို မြှင့်တင်ဆောင်ရွက်ပေးနိုင်မှသာလျှင် ပညာရေးစနစ် အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည် ဖြစ်ကြောင်း အောင်မြေသာစံမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာလှမိုးက ပြောကြားသည်။

ဩဂုတ် ၂၈ ရက် နံနက် ၁၀ နာရီက အောင်မြေသာစံမြို့နယ် အမှတ် (၈) အခြေခံပညာ အထက်တန်းကျောင်း၌ ပြုလုပ်သည့် (ထက်/ လယ်/ မူ) ကျောင်းအုပ်ဆရာဆရာမကြီးများနှင့် တွေ့ဆုံပွဲတွင် ယခုကဲ့သို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

"အလွတ်ကျက် ပညာရေးစနစ်နဲ့ စာမေးပွဲတစ်ခုတည်း ကိုကြည့်ပြီး ဆုံးဖြတ်ခဲ့ကြတဲ့အတွက် ကလေးတွေက မိုးလင်းမိုးချုပ် စာသင်စာကျက် လုပ်နေကြရပေမယ့် စာသင်ပြီးပညာမတတ်တဲ့ဘဝကို ရောက်လာခဲ့ရတယ်။ ဒါကြောင့် အလွတ်ကျက်ပညာရေးနစ်ကို လျှော့ချပြီး သင်ယူမှုသင်ကြားမှုတွေ အားလုံးပြောင်းလဲဖို့ လမ်းညွှန်မှာကြားချက်နှင့်အညီ ပြုပြင်ပြောင်းလဲသင်ကြားရမှာဖြစ်သလို ကျွန်တော်တို့ပညာရေး စနစ်ရဲ့ ပြုပြင်ပြောင်းလဲမှုတွေ စတင်လုပ်ဆောင်နေပါတယ်"ဟု ၎င်းက ပြောကြားခဲ့သည်။

အဆိုပါ ပညာရေးပြုပြင်ပြောင်းလဲမှုများလုပ်ဆောင်ရန် ချမှတ်ထားသည့် မူဝါဒများကို အကောင်အထည်ဖော်ဆောင်ရွက်မည့် သင်ကြားရေးဆိုင်ရာ ဆရာ၊ ဆရာမများ၏ အခန်းကဏ္ဍသည် အလွန်အရေးပါသဖြင့် ၎င်းတို့၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် လိုအပ်လျက်ရှိကြောင်း ဆက်လက်ပြောကြားသည်။

"ဒီလိုပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ဖို့အတွက် ပညာရေးဘတ်ဂျက်ကို တိုးမြှင့်သုံးစွဲထားပါတယ်။ ဆရာ၊ ဆရာမများရဲ့ ကိုယ်ရည်ကိုယ်သွေး ဖွံ့ဖြိုးတိုးတက်လာဖို့အတွက် သင်တန်းတွေ အကြိမ်ကြိမ် ပို့ချပေးရမှာဖြစ်ပါတယ်။ သူတို့ရဲ့ရပ်တည်မှုအတွက် ဝန်ထမ်းလစာလုံလောက်စွာရရှိပြီးတော့ နေထိုင်ရေး အဆင်ပြေစေရန် ဦးစားပေးဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု ဒေါက်တာလှမိုးက ဆက်လက်ပြောသည်။

လက်ရှိတွင် အစိုးရက ခန့်အပ်ထားသည့် ဆရာ၊ ဆရာမ လေးသိန်းကျော်အား လစာတိုးမြှင့်ပေးရန်အတွက် စီစဉ်ဆောင်ရွက်လျက်ရှိပြီး ပညာရေးသုံးစရိတ်ကိုလည်း တိုးမြှင့်ပေးလျက်ရှိရာ ၂၀၁၄ -၂၀၁၅ ပညာသင်နှစ်တွင် ဘီလီယံ ၃၀၀၊ ၂၀၁၅ -၂၀၁၆ ပညာသင်နှစ်တွင် ဘီလီယံ ၇၀၀ သုံးစွဲခဲ့ရာမှ ယခုပညာသင်နှစ်တွင် ပညာရေးအသုံးစရိတ် ဘီလီယံ ၁၄၀၀ အထိ တိုးမြှင့်ချထားပေးလျက်ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**




# တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ဆေးနှင့် ဆွမ်းပဒေသာပင်အလှူငွေများလှူ



**နေပြည်တော် ဩဂုတ် ၂၈**

နေပြည်တော် တပ်ကုန်းမြို့နယ်ရှိ ပရိယတ္တိစာသင်တိုက်များ၊ သာသနာ့နွယ်ဝင် သီလရှင်စာသင်တိုက်များသို့ တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင် ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ဆေးနှင့် ဆွမ်းပဒေသာပင်အလှူငွေများ လှူဒါန်းပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် တပ်ကုန်းမြို့ရှိ ငွေတောင်တောရ ပရိယတ္တိစာသင်တိုက်၌ ကျင်းပသည်။

အခမ်းအနားသို့ နေပြည်တော် တပ်ကုန်းမြို့နယ် မဟာသီဟနာဒ ပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တ အာစိဏ္ဏ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ၊ သီလရှင်ဆရာကြီးများ ကြွရောက်တော်မူကြပြီး စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဆန်းဦး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မိုးမြင့်ထွန်း၊ နေပြည်တော် ကောင်စီဝင်များ၊ စေတနာရှင် အလှူရှင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဝတ်အသင်းအဖွဲ့များ တက်ရောက်ကြသည်။

တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် အလှူရှင်များက ဆွမ်းဆန်တော်နှင့် ဆီ၊ ဆား၊ ပဲ၊ ဆေးများအား မဟာသီဟနာဒ ပရိယတ္တိစာသင်တိုက်ကြီး၏ ပဓာနနာယက ဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြသည်။ ယင်းနောက် ဆွမ်းပဒေသာပင် အလှူငွေများကို တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် အလှူရှင်များက အသီးသီးပေးအပ်လှူဒါန်းကြရာ ဒုတိယဗိုလ်ချုပ်ကြီး ဆန်းဦးနှင့် တာဝန်ရှိသူများက လက်ခံကြသည်။

နေပြည်တော် တပ်ကုန်းမြို့နယ်ရှိ ပရိယတ္တိစာသင်တိုက်များ၊ သာသနာ့နွယ်ဝင် သီလရှင်စာသင်တိုက်များသို့ တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင် ပြည်သူများက ၂၀၀၆ ခုနှစ်မှစ၍ နှစ်စဉ်လှူဒါန်းလျက်ရှိပြီး ယနေ့လှူဒါန်းမှုအစုစုမှာ အလှူငွေကျပ် ၈၆၄၅၀၀၀ ၊ ဆန် ၆၄၁ အိတ် ၈ ပြည်၊ ဆီ ၁၅၁ ပိဿာ ၁၀ ကျပ်သား၊ ပဲ ၁၄၄၁ ပိဿာ၊ ဆား ၁၄၄၁ ပိဿာ၊ ငရုပ်သီးမှုန့် ထုပ် ၄၂၀၀၊ ငါးပိထောင်းဘူး ၁၀၀၀၊ နနွင်းမှုန့်ထုပ် ၁၄၀၀၊ မဆလာထုပ် ၁၄၀၀၊ ဆေးမျိုးစုံဘူး ၈၀၄၀ နှင့် လှူဖွယ်ခြင်း ၃၁ ခြင်းတို့ ဖြစ်ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

# ယာဉ်စည်းကမ်း ချိုးဖောက်ယာဉ်များ ထိရောက်သောပြစ်ဒဏ်များ ချမှတ်တော့မည်

**ရန်ကုန် ဩဂုတ် ၂၈**

ယာဉ်စည်းကမ်း ချိုးဖောက်နေသော မော်တော်ယာဉ်များကို ထိရောက်သော ပြစ်ဒဏ်များ ချမှတ်သွားမည် ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး အမှတ် (၂) ယာဉ်ထိန်းတပ်ဖွဲ့ခွဲမှူးရုံးမှ ဒုတိယရဲမှူးကြီး အောင်ကိုဦးက ပြောသည်။

"ကျွန်တော်တို့ ယာဉ်ထိန်းတပ်ဖွဲ့ဝင်တွေအနေနဲ့ တိုင်းဒေသကြီး အတွင်း ယာဉ်စည်းကမ်းချိုးဖောက် မော်တော်ယာဉ်တွေကို ဖမ်းဆီးအရေးယူမှုတွေ ပြုလုပ်နေပါတယ်။ လစဉ် အမှုပေါင်း သောင်းဂဏန်းရှိပါတယ်။ ဒီလို ဖမ်းဆီးအရေးယူမှုတွေ ပြုလုပ်နေပေမယ့် တရားရုံးမှာဒဏ်ရိုက်တဲ့ ဒဏ်တွေက နည်းနေတဲ့အတွက် ယာဉ်စည်းကမ်းချိုးဖောက်မှုတွေ ဆက်လက်ဖြစ်ပွားနေတာဖြစ်ပါတယ်။ တရားရုံးက အများဆုံး ဒဏ်ငွေကို ငွေကျပ်သုံးသောင်းအထိသာ ရိုက်နိုင်ပါတယ်။ ဒီ့အတွက် တိုင်းဒေသကြီး အစိုးရကို တင်ပြထားပြီးဖြစ်ပါတယ်။ မကြာမီမှာ ထိရောက်တဲ့ပြစ်ဒဏ်ချမှတ်ဖို့ လုပ်ဆောင်သွားနိုင်မှာဖြစ်ပါတယ်။ အနည်းဆုံး ငွေကျပ် ၅၀၀၀၀ ကနေ ၁၀၀၀၀၀ အထိ ဒဏ်ငွေ ချမှတ်ပေးဆောင်ရတာတွေ ဖြစ်လာတော့မှာဖြစ်ပါတယ်" ဟု ဒုတိယရဲမှူးကြီး အောင်ကိုဦးက လမ်း ၅၀ ယာဉ်ထိန်းရုံး၌ မီဒီယာများနှင့်တွေ့ဆုံစဉ် ပြောကြားခြင်းဖြစ်သည်။



လွန်ခဲ့သည့် သီတင်းပတ်အတွင်းမှာပင် တိုင်းဒေသကြီးအတွင်း စည်းကမ်းချိုးဖောက် ယာဉ်ဖမ်းဆီးမှု အမှုပေါင်း ၂၀၈၇ မှုရှိခဲ့ကြောင်း၊ လစဉ်ယာဉ်စည်းကမ်းချိုးဖောက်မှု သောင်းဂဏန်းအထိရှိနေကြောင်း၊ ဖမ်းဆီးအရေးယူမှုများ များပြားသော်လည်း ထိရောက်သော တရားရုံးပြစ်ဒဏ်များမရှိ၍ ထိရောက်မှုအားနည်းကြောင်း သိရသည်။

အဆိုပါ စည်းကမ်းချိုးဖောက် မော်တော်ယာဉ်များတွင် ဘတ်စ်ကား၊ တက္ကစီနှင့် ကိုယ်ပိုင်မော်တော်ယာဉ်များ အားလုံးပါဝင်ကြောင်း၊ ယာဉ်ပိုင်ရှင်များ အနေဖြင့် စည်းကမ်းလိုက်နာသော ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များဖြင့် စည်းကမ်းလိုက်နာအောင် ဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ သို့မဟုတ်ပါက လိုင်စင်ဝင်သည့်အခါ များပြားသော ဒဏ်ကြေးငွေများပေးဆောင်ရဖွယ်ရှိကြောင်းဖြင့်လည်း ဒုတိယရဲမှူးကြီးက ပြောသည်။

နောက်ပိုင်းတွင် စည်းကမ်းချိုးဖောက်သော မော်တော်ယာဉ်များအား ထိရောက်သော တရားရုံးပြစ်ဒဏ်များ ချမှတ်လာနိုင်ပြီး ဒဏ်ငွေမှာ ငွေကျပ် ၅၀၀၀၀ မှ ၁၀၀၀၀၀ အထိ ရှိလာနိုင်သည်။ လောလောဆယ်တွင်အများဆုံး ငွေကျပ် ၃၀၀၀၀ အထိသာ ဒဏ်ရိုက်နေမှုကြောင့် အရေးယူမှုအပိုင်းတွင် အားနည်းလျက်ရှိသည်။

**သတင်း-မြင့်မောင်စိုး၊**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

# ကယားပြည်နယ် ငွေတောင်ဆည်ကန်ပေါင်ရိုးပေါ် မော်တော်ယာဉ်များ ဖြတ်သန်းမောင်းနှင်ခြင်း တားမြစ်

**လွိုင်ကော် ဩဂုတ် ၂၈**

ကယားပြည်နယ် လွိုင်ကော်ခရိုင် ဒီးမော့ဆိုမြို့အနီး တည်ဆောက်ထားသော ကယားပြည်နယ်၏ အထင်ကရငွေတောင်ဆည်၏ ကန်ပေါင်ရိုးပေါ်တွင် မော်တော်ယာဉ်များဖြတ်သန်းမောင်းနှင်ခြင်းကို ဩဂုတ် ၂၂ ရက်ကစတင်၍ တားမြစ်ပြီဖြစ်ကြောင်း သိရသည်။

ငွေတောင်ဆည် ကန်ပေါင်ရိုးသည် လွိုင်ကော်-မော်ချီးလမ်းပေါ်၌တည်ရှိပြီး နှစ်ပေါင်း ၅၀ ခန့်ကြာ မော်တော်ကားလမ်းအဖြစ်အသုံးပြုခဲ့ရာ ကန်ပေါင်ရိုး ထိခိုက်ပျက်စီးမှုအချို့ရှိခဲ့သောကြောင့် ယင်းထိခိုက်ပျက်စီးမှုမှ ကာကွယ်ရန်အတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း ငွေတောင်ဆည် ရှောင်ကွင်းလမ်းကို ဖောက်လုပ်ပေးထားခဲ့သော်လည်း အချို့မော်တော်ယာဉ်များက ငွေတောင်ဆည်ကန်ပေါင်ရိုးပေါ်မှ ဖြတ်သန်းမောင်းနှင်နေကြသည်။

ယခုအခါ ငွေတောင်ဆည်ကန်ပေါင်ရိုး လမ်းထိပ်နှစ်ဖက်တွင် ကွန်ကရစ်တိုင်များစိုက်ထူကာရံလျက် မော်တော်ယာဉ်များ ဖြတ်သန်းမောင်းနှင်ခြင်းကို တားဆီးထားကာ အပန်းဖြေအနားယူသူများ၊ ကျန်းမာရေးလေ့ကျင့်ရန် လမ်းလျှောက်သူများသာ ခြေကျင်ဖြတ်သန်းသွားလာနိုင်ကြတော့မည်ဖြစ်ပြီး အားကစားပစ္စည်းကိရိယာအမျိုးမျိုးကို ကန်ပေါင်ရိုးပေါ်၌ တပ်ဆင်ထားရှိပေးရန် ပြည်နယ်အစိုးရအဖွဲ့က စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ငွေတောင်ရေလှောင်တမံကို ၁၉၆၃ မှ ၁၉၆၅ ခုနှစ်အတွင်း တည်ဆောက်ခဲ့ပြီး ကန်ပေါင်အလျားပေ ၆၀၀၀၊ အမြင့် ၃၅ ပေရှိသည်။ ဇူလိုင် ၁၂ ရက်ကစတင်၍ ငွေတောင်ဆည်အဖျားပိုင်းပတ်လည်တွင် အလျားပေ ၁၈၀၀၊ အကျယ် ၁၈ ပေရှိ မြေသားငွေတောင်ဆည် ကန်ပတ်လမ်းတစ်ခုကို ထပ်မံတိုးချဲ့ဖောက်လုပ်လျက်ရှိသည်။ ကန်ပတ်လမ်းဖောက်လုပ်ပြီးစီးပါက ပြည်တွင်း၊ ပြည်ပခရီးသွားများအပန်းဖြေအနားယူနိုင်ရန် နားနေဆောင်များဆောက်လုပ်ခြင်း၊ ကန်အဖျားပိုင်းတွင် သစ်တောဥယျာဉ်များ ပြုစုပျိုးထောင်ခြင်း၊ လမ်းမီးတိုင်များစိုက်ထူခြင်း စသည့်လုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကြီးမြင့်နိုင်(လွိုင်ကော်)**



# မကောင်းမှုဟူသည်ဆိတ်ကွယ်ရာမရှိ

## ဒေါက်တာအောင်သန်းဝင်း(အရှေ့တိုင်းပညာ)

ယခုကဲ့သို့ တိုးတက်နေသောခေတ်ကြီးတွင် မကောင်းမှုပြုလုပ်သူ ဒုစရိုက်သမားများအတွက် ကမ္ဘာကြီးသည် ကျဉ်းမြောင်းလာသည်။ ကမ္ဘာ့နိုင်ငံအသီးသီးကလည်း လက်ချင်းဆက်ကာ မကောင်းမှုဟူသမျှကို နှိမ်နင်းဖြိုခွင်းနေပြီဖြစ်သည်။ ဂြိုဟ်တုခေတ်၊ ဒုံးပျံခေတ်၊ Drone ခေတ်တို့တွင် ကွန်ပျူတာ၊ အင်တာနက်တို့မှတစ်ဆင့် သတင်းအချက်အလက်များရယူကာ ဒုစရိုက်မှုများကို အင်တာပိုကအောင်မြင်စွာ နှိမ်နင်းနေပြီဖြစ်သည်။ ထို့ကြောင့် ဒုစရိုက်သမားများအဖို့ ပြေးစရာမြေမရှိတော့ပါ။

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် ဘုရားရှင်အား ဖူးမြော်ရန်လာကြသော ရဟန်းတို့သည် ခရီးအကြား၌ ရွာတစ်ရွာသို့ ဆွမ်းခံဝင်ကြ၏။ ရွာသားတို့သည် ထိုရဟန်းတို့အား ဆွမ်းစားဇရပ်၌နေစေပြီး ချက်ပြုတ်သူတို့အား ချက်ပြုတ်စေ၍ ဆွမ်းစားချိန်ကို ဆိုင်းငံ့လျက် တရားနာနေကြ၏။ ထိုခဏ၌ ဟင်းအိုးမှ မီးလျှံထ၍ မြက်ဆုပ် ကရွတ်ခွေတစ်ခုကို စွဲလောင်၏။ ထိုကရွတ်ခွေသည် လေကြောင့် တောက်လောင်လျက်ကောင်းကင်သို့ လွင့်ပျံ့သွားရာ ပျံနေသောကျီးတစ်ကောင်၏ လည်ပင်းတွင် စွပ်မိ၏။ ကျီးလည်း မီးလောင်ကာရွာအလယ်၌ကျ၏။ ထိုရဟန်းတို့သည် ထိုကျီးကိုမြင်လျှင် "ထိုကျီး၏ ရှေးမကောင်းမှုကံကို သဗ္ဗညု ဘုရားမှတစ်ပါး ဘယ်သူသိနိုင်အံ့နည်း၊ ဘုရားရှင်အား မေးကုန်အံ့"ဟု ကြံ၍ဆွမ်းစားပြီး ဖဲသွားကြ၏။

အခြားသောရဟန်းတို့လည်း ဘုရားရှင်အား ဖူးမြော်ရန် လှေစီးလာကြသော်၊ လှေသည် သမုဒ္ဒရာအလယ်၌ မတုန်မလှုပ်ရပ်၏။ ထိုအခါ သူယုတ်စာရေးတံကိုချရာ လှေသူကြီး၏ မယားအား သုံးကြိမ်တိုင်တိုင်ကျ၏။ လှေသူကြီးက "ဤမိန်းမယုတ်ကြောင့် လူအများမသေကြသင့်၊ ထိုမိန်းမကို ငါမမြင်ရအောင် သဲအိုးတစ်လုံးကိုလည်ပင်း၌ချည်၍ ရေထဲပစ်ချလော့" ဟုဆို၏။ လူတို့သည် ထိုအတိုင်းပြုသော်၊ ထိုမိန်းမသည် ကျရာအရပ်၌ပင် ငါး၊ လိပ်တို့၏အစာဖြစ်လေ၏။ ထိုရဟန်းတို့လည်း "ထိုမိန်းမ၏ ရှေးကံကို ဘုရားရှင်အားမေးကြအံ့"ဟု လိုရာအရပ်သို့ရောက်လျှင် လှေမှဆင်း၍ ဖဲသွားကြ၏။

တစ်ဖန် ရဟန်းခုနစ်ပါးတို့သည် ဘုရားရှင်အား ဖူးမြော်ရန်လာကြရာ ညနေအချိန်၌ ကျောင်းတစ်ကျောင်းသို့ဝင်၍ နေထိုင်ရန်အရပ်ကို လျှောက်ထားမေးမြန်းပြီး အနီးရှိ ဥမင်လိုဏ်ခေါင်းတစ်ခုထဲဝင်၍ အတွင်းရှိညောင်စောင်း ခုနစ်ခု၌ ကျိန်းစက်ကြ၏။ ညအခါအိမ်လောက်ကြီးသော ကျောက်တုံးကြီးသည် လိမ့်လာ၍ လိုဏ်ဂူတံခါးကိုပိတ်မိလေ၏။ နံနက်လင်း၍ ကျောင်းနေရဟန်းတို့သည် ထိုလိုဏ်ဂူတံခါးပိတ်နေသည်ကိုမြင်လျှင် အနီးရှိရွာခုနစ်ရွာမှလူတို့ကိုခေါ်ပြီး ထိုကျောက်တုံးကြီးကို အတွင်းရှိ ရဟန်းခုနစ်ပါးတို့၏ အားနှင့်ပါ တွန်းဖယ်သော်လည်း နေရာမှမရွေ့ဘဲတည်နေသည်။ လိုဏ်ဂူအတွင်းရှိ ရဟန်းတို့သည် အစာရေစာမရှိကြ၍ ဆင်းရဲကြီးစွာခံစားကြရ၏။ ခုနစ်ရက်မြောက်နေ့၌မူ ထိုကျောက်တုံးကြီးသည် အလိုလိုလိမ့်သွား၏။ ထိုရဟန်းတို့လည်း ထွက်ခဲ့ကြ၍ "ငါတို့၏ ရှေးမကောင်းမှုကံကို ဘုရားရှင်အား မေးလျှောက်ကြအံ့"ဟု သွားကြသော် ရှေးရဟန်းအုပ်စုနှစ်စုနှင့် တစ်နေရာ၌ ပေါင်းဆုံမိကြ၏။

ထိုရဟန်းအားလုံးတို့သည် တစ်ပေါင်းတည်းပင် ဘုရားရှင်ထံသွား၍ မိမိတို့အသီးသီး မြင်ရကိုယ်တိုင်ခံစားရသော အကြောင်းများကို လျှောက်ထားကြကုန်၏။ ထိုအခါ မြတ်စွာဘုရားသည် အစဉ်အတိုင်း ဤသို့ဖြေကြားတော်မူ၏။

"ရှေးအခါက လယ်သမားတစ်ဦးသည် မိမိ၏နွားကို ဆုံးမရာ မရသဖြင့် နွား၏လည်ပင်းကို ကောက်ရိုးဖြင့်ရစ်ပတ်ပြီး မီးတိုက်သတ်ခဲ့၏။ သူသည် ဤမကောင်းမှုကံကြောင့် ကာလရှည်စွာ ငရဲ၌ကျပြီး ထိုကံ၏အကျိုးအကြွင်းအားဖြင့် ခုနစ်ကြိမ်တိုင်ကျီးဖြစ်၍ ဤကဲ့သို့ပင် ကောင်းကင်၌သေဖူးလေပြီ။

ရှေးအခါက မိန်းမတစ်ဦးသည် မိမိ၏ခွေးနှင့်နေရာတကာ သွားလာလေရာ လူငယ်တို့က ထိုခွေးနှင့် သင်္ကာမကင်းသယောင် ပြက်ရယ်ပြုကြသဖြင့် အိုးထဲသဲအပြည့်ထည့်ပြီး ထိုခွေး၏ လည်ပင်း၌ ကြိုးဖြင့်ချည်ကာ မြစ်ထဲသို့ပစ်ချလိုက်၏။ ခွေးသည် ကျရာအရပ်၌ပင် သေရရှာ၏။ ထိုမိန်းမသည် ဤမကောင်းမှုကံကြောင့် ကာလရှည်စွာငရဲ၌ကျပြီး ထိုကံ၏အကျိုးအကြွင်းအားဖြင့် ဘဝ ၁၀၀ တိုင်တိုင် ဤသို့ရေထဲပစ်ချခြင်းခံရဖူးပြီ။

ရှေးအခါက နွားကျောင်းသားခုနစ်ဦးတို့သည် တောဝ်၌ ဖွတ်ကြီးတစ်ကောင် တောင်ပို့ထဲဝင်သွားသည်ကို မြင်၍ အသီးသီးအပေါက်ခုနစ်ခုတို့၌ သစ်ခက်တို့ဖြင့် ပိတ်ဆို့ပြီး သွားကြ၏။ ခုနစ်ရက်ကြာ၍ ထိုနေရာသို့ ရောက်လျှင်၊ သတိရ၍ အပေါက်တို့ကို ဖွင့်လှစ်ကြ၏။ ဖွတ်ကြီးသည် အရိုးအရည်မျှသာ ကျန်ကာ တုန်လှုပ်စွာထွက်လာသော် သူတို့သည် ဖွတ်ကြီးကို သနား၍လွှတ်လိုက်ကြ၏။ သူတို့သည် ဤမကောင်းမှုကံကြောင့် ဆယ့်လေးဘဝတိုင်တိုင် တစ်ပေါင်းတည်းဖြစ်၍ ဤသို့ ခုနစ်ရက် အစာရေစာပြတ်ရသူတို့ ဖြစ်ကြဖူးလေပြီ။"

ထိုအခါ ရဟန်းတစ်ပါးက "မကောင်းမှုကိုပြုပြီးလျှင် ကောင်းကင်၌ ပျံသန်းသွားသောသူသည်လည်းကောင်း၊ သမုဒ္ဒရာသို့သွားသောသူသည်လည်းကောင်း၊ လိုဏ်ဂူထဲဝင်သောသူသည်လည်းကောင်း၊ ထိုမကောင်းမှုကံ၏ ဆိုးကျိုးမှ မလွတ်မြောက်နိုင်ပါတကား" ဟုလျှောက်၏။ မြတ်စွာဘုရားက "မှန်ပေ၏။ ကောင်းကင်စသည်တို့၌လည်း မကောင်းမှုကံ၏ အကျိုးမှ လွတ်ကင်းရာအရပ်တစ်ခုမျှမရှိ" ဟုမိန့်တော်မူ၏။

ယနေ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဆောင်ပုဒ်မှာ "မကောင်းမှုဟူသည်ဆိတ်ကွယ်ရာမရှိ" ဖြစ်သည်။ ထိုဆောင်ပုဒ်သည် ငါးရာ့ငါးဆယ်ဇာတ်တော်လာ သုံးရာ့ငါးခုမြောက် "သီလဝီမံသန" ဇာတ်တော်မှ "နတ္ထိလောကေ ရဟော နာမပါပကမ္မံပကုဗ္ဗတော" အစချီသော ပါဠိဂါထာကိုထုတ်နုတ်ဘာသာပြန်ဆိုထားခြင်းဖြစ်သည်။ နိဿယ ပြန်ဆို ရသော် "လောကေ-လောက၌၊ ပါပကမ္မံ-မကောင်းမှုကို၊ ပကုဗ္ဗတော-ပြုသူအဖို့ (ပြုသူအား)၊ ရဟောနာမ-ဆိတ်ကွယ် ရာမည်သည်၊ နတ္ထိ-မရှိ" ဟူ၍ ဖြစ်သည်။

ဇာတ်လမ်းအကျဉ်းကို ဖော်ပြရသော်- ဗာရာဏသီပြည်တွင် ဒိသာပါမောက္ခဆရာကြီးသည် အရွယ်ရောက်နေပြီဖြစ်သော မိမိသမီးအား ကိုယ်ကျင့်သီလမြင့်မြတ်သူနှင့် လက်ဆက်ပေးရန် ရည်ရွယ်ထားသည်။ ထို့ကြောင့် ကိုယ်ကျင့်သီလပြည့်စုံသူအား စုံစမ်းရန် တပည့်ငါးရာတို့အား မိဘဆွေမျိုးများအိမ်မှ ပစ္စည်းဥစ္စာတို့ကို ခိုးယူစေသည်။ ဆရာကြီး၏ ထောင်ချောက်ကိုမသုံးသပ်မိဘဲ လုပတင့်တယ်သော သမီးကိုသာ ရလိုဇောရှိကြသော တပည့်မိုက်တို့သည် မိမိတို့အိမ်မှ ပစ္စည်းဥစ္စာများကို ခိုးယူ၍ပေးကြသည်။ ဘုရားလောင်းတပည့်သည်သာ မည်သည့်ဥစ္စာပစ္စည်းကိုမျှ ခိုးယူမလာခဲ့ဘဲနေသည်။ ဆရာကြီးက အကျိုးအကြောင်း မေးမြန်းသောအခါ ဘုရားလောင်းတပည့်က တပည့်တို့သည် ဆရာများထံ၌ အသက်မွေးမှုပညာရရန်လည်းကောင်း အရာရာသော အမှုကိစ္စတို့တွင် သင့်မသင့်၊ တော်မတော် တွေးခေါ်မြော်မြင်နိုင်အောင် လမ်းညွှန်မှုခံယူရန်လည်းကောင်း ပညာသင်ယူဆည်းကပ်ခြင်း ဖြစ်သည်။ ယခုဆရာကြီးစေခိုင်းချက်သည် မကောင်းမှုသာဖြစ်သည်။ လောကတွင် မကောင်းမှုပြုရာ၌ ဆိတ်ကွယ်ရာမရှိ။ လူတို့မမြင်မသိသော်လည်း ကိုယ်စောင့်နတ်၊ တောစောင့်နတ် အစရှိသည့်နတ်များ၊ အရိယာသူတော်စင်များ သိမြင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့်ခိုးယူခြင်းအမှုကို မပြုကြောင်း ရှင်းလင်းဖြေကြားသည်။ တပည့်၏ ရှင်းလင်းဖြေကြားချက်နှင့် အကျင့်သီလကို သဘောကျပြီး ဆရာကြီးသည်သူ၏သမီးနှင့် ထိမ်းမြားလက်ဆက်ပေးလိုက်သည်။

ကျွန်ုပ်တို့သည် သီလဝီမံသနဇာတ်တော်မှ ဘုရားလောင်း၏ကိုယ်ကျင့်သီလကို အတုယူရမည်ဖြစ်သည်။ မကောင်းမှုဟူသည် ဆိတ်ကွယ်ရာမရှိကြောင်း ပညာဉာဏ်ဖြင့် တွေးဆပြီး မကောင်းမှုမှန်သမျှကို သတိဖြင့်ရှောင်ကြဉ်ရမည်ဖြစ်သည်။ လူနှင့်တိရစ္ဆာန်တို့သည် အိပ်၊ စား၊ ကာမ ဤသုံးဝတွင် တူညီကြသည်။ လူနှင့်တိရစ္ဆာန်တို့၏ အဓိကကွာခြားချက်မှာ အသိဉာဏ်ဖြစ်သည်။ လူသည် ဆင်ခြင်တုံတရားကင်းမဲ့စွာဖြင့် မကောင်းမှုများကိုပြုလုပ်ပြီး ဆိုးသွမ်းယုတ်မာနေမည်ဆိုပါက တိရစ္ဆာန်နှင့်မခြားတော့ပေ။ ထို့ကြောင့် အသိဉာဏ်ရှိသော လူတို့သည်အစဉ်သဖြင့် မကောင်းမှုမှဝေးစွာရှောင်ကြဉ်ရမည် ဖြစ်သည်။

ယခုခေတ်တွင်လည်း ရာဇဝတ်ဘေးမှပြေးမလွတ်သော သာဓကများစွာရှိသည်။ ကိုလံဘီယာမူးယစ်ရာဇာ ဘာရီရာ (၄၈)နှစ်သည် ကိုးကင်းတန်ချိန်များစွာကို ကမ္ဘာတစ်လွှားသို့ မှောင်ခို ထုတ်လုပ်သော ဒေါ်လာသန်းရာနှင့်ချီသည့် အစီအစဉ်တွင် ပါဝင်ပတ်သက်ခဲ့မှုဖြင့် ဇူလိုင် ၂၅ ရက်က ၎င်းအား အမေရိကန်အကျဉ်းထောင်တွင် ထောင်ဒဏ် ၃၅ နှစ် အပြစ်ပေးလိုက်ပြီ ဖြစ်ကြောင်းသိရသည်။ ၎င်းသည် လွန်ခဲ့သည့်နှစ် ၂၀ အတွင်းက မူးယစ်ဆေးဝါးမှောင်ခို အကြီးအကျယ် လုပ်ကိုင်သူများအနက် တစ်ဦးအပါအဝင် ဖြစ်ပြီး အချိန်အတော်ကြာ ပုန်းအောင်းနေရာမှ ၂၀၁၂ ခုနှစ်တွင် ဗင်နီဇွဲလားနိုင်ငံ၌ ဖမ်းမိခဲ့ခြင်းဖြစ်သည်။ (၂၇-၇-၂၀၁၆-စံတော်ချိန်)

ဒေါ်လာသန်း ၆၀ ကျော်ကို အကြံအဖန်လုပ်ခဲ့သည့် အွန်လိုင်းလိမ်လည်မှုကွန်ရက်ကို နောက်ကွယ်မှ စီမံခန့်ခွဲသည့် နိုင်ဂျီးရီးယားနိုင်ငံသားတစ်ဦးကို ရေနံထွက်သည့်မြို့ ဖြစ်သော Port Harcourt တွင် ဖမ်းဆီးရမိခဲ့သည်ဟု အပြည်ပြည်ဆိုင်ရာရဲတပ်ဖွဲ့ အင်တာပိုက ဩဂုတ် ၁ ရက်တွင် ထုတ်ပြန်ခဲ့သည်။ မိုက်ဟုသိရှိရသည့် အသက် ၄၀ အရွယ်ရှိ နိုင်ဂျီးရီးယားနိုင်ငံသားသည် ကမ္ဘာတစ်ဝန်းရှိ ရာနှင့်ချီသောသူများထံမှ စုစုပေါင်းဒေါ်လာသန်း ၆၀ ကျော်လိမ်လည်ခဲ့မှု နောက်ကွယ်တွင်ပါဝင်သည်ဟု ယူဆကြောင်း အင်တာပိုက ထုတ်ပြန်ခဲ့သည်။

အဆိုပါကွန်ရက်သည် ဩစတြေးလျ၊ ကနေဒါ၊ အိန္ဒိယ၊ မလေးရှား၊ ရိုမေးနီးယား၊ တောင်အာဖရိက၊ ထိုင်းနှင့် အမေရိကန်အပါအဝင် ကမ္ဘာတစ်ဝန်းရှိ အသေးစားမှသည် အလယ်အလတ်စား စီးပွားရေးလုပ်ငန်းများ၏ အီးမေးများနှင့် အပေးအယူလုပ်ခဲ့သည်ဟု အင်တာပိုကဆိုသည်။ မိုက်သည် နိုင်ဂျီးရီးယား၊ မလေးရှားနှင့် တောင်အာဖရိကမှ လူ ၄၀ ထက်မနည်းပါဝင်သည့် ကွန်ရက်ကိုဦးစီးခဲ့ပြီး လိမ်လည်မှုကျူးလွန်ခဲ့သည်။ ၎င်းသည် တရုတ်၊ ဥရောပနှင့် အမေရိကန်တွင် ငွေကြေးခဝါချသည့် အဆက်အသွယ်များ ရှိခဲ့ပြီး တရားမဝင်ငွေကြေးစီးဆင်းမှုအတွက် ဘဏ်စာရင်းအပြည့်အစုံကို ပေးခဲ့သည်။ လိမ်လည်မှုတွင် ပါဝင်သည်ဟု သံသယရှိသော အသက် ၃၈ နှစ်အရွယ်ရှိ အဖွဲ့ဝင်တစ်ဦးကိုလည်း ယင်းမြို့တွင် ဖမ်းဆီးခဲ့သည်ဟု သိရသည်။ (The Daily ELEVEN 3 -8-2016)

ထို့ကြောင့် မကောင်းမှုဟူသည် ဆိတ်ကွယ်ရာမရှိဟု ဆိုခြင်းဖြစ်သည်။ မကောင်းမှုပြုသူသည် ကောင်းကင်၌ နေသည်ဖြစ်စေ၊ သမုဒ္ဒရာအလယ်၌ နေသည်ဖြစ်စေ၊ တောင်ခေါင်းထဲဝင်၍ နေသည်ဖြစ်စေ၊ မကောင်းမှုကံအကျိုးမှ လွတ်မြောက်မည်မဟုတ်ပေ။ မကောင်းမှုကံအကျိုးမှ လွတ်မြောက်မည့် အရပ်ဌာနမျိုးသည် ဤကမ္ဘာလောက၌ မရှိပေ။ ဗုဒ္ဓဒေသနအရကမ္မဝါဒသည် သတ္တဝါတိုင်းအတွက် မိမိတို့ကိုယ်၊ နှုတ်၊ စိတ်တို့ဖြင့်ပြုလုပ်သော ကောင်းမှုဆယ်ပါး၊ မကောင်းမှုဆယ်ပါးတို့၏ အကျိုးသက်ရောက်မှုကို မိမိတို့ကိုယ်တိုင်သာလျှင် ခံကြ၊ စံကြရမည်ဖြစ်သည်။ မကောင်းမှုပြုပါက မျက်မှောက်တွင်လည်း တရားဥပဒေ (ရာဇဝတ်ကြောင်း)အရ၊ သံသရာတွင်လည်း ဓမ္မကြောင်းအရ ခံကြရမည်ဖြစ်သည်။ ထို့ကြောင့် မကောင်းမှုပြုလုပ်ခြင်းကို ကိုယ်၊ နှုတ်၊ စိတ်သုံးပါးလုံးဖြင့် ရှောင်ကြဉ်ရမည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပေသည်။

**မကောင်းမှုဟူသည် ဆိတ်ကွယ်ရာမရှိကြောင်း ပညာဉာဏ်ဖြင့်တွေးဆပြီး မကောင်းမှုမှန်သမျှကို သတိဖြင့်ရှောင်ကြဉ်ရမည်ဖြစ်သည်။ လူနှင့်တိရစ္ဆာန်တို့သည် အိပ်၊ စား၊ ကာမ ဤသုံးဝတွင် တူညီကြသည်။ လူနှင့်တိရစ္ဆာန်တို့၏ အဓိကကွာခြားချက်မှာ အသိဉာဏ်ဖြစ်သည်။ လူသည်ဆင်ခြင်တုံတရားကင်းမဲ့စွာဖြင့် မကောင်းမှုများကို ပြုလုပ်ပြီး ဆိုးသွမ်းယုတ်မာနေမည်ဆိုပါက တိရစ္ဆာန်နှင့်မခြားတော့ပေ။ ထို့ကြောင့် အသိဉာဏ်ရှိသောလူတို့သည် အစဉ်သဖြင့် မကောင်းမှုမှဝေးစွာရှောင်ကြဉ်ရမည်**

**ရည်ညွှန်း--ဓမ္မပဒ-- ဦးမြင့်ဆွေ၊မဟာဝိဇ္ဇာ(လန်ဒန်)**

---

## မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ချောင်းနက်-တောင်ညို-နေပြည်တော် ကားလမ်းမကြီးလမ်းပခုံးမြေသားပဲ့ကျပျက်စီး

**တောင်တွင်းကြီး ဩဂုတ် ၂၈**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်၌ ဩဂုတ် ၂၇ ရက်က မိုးများအဆက်မပြတ်ရွာသွန်းခဲ့ခြင်းကြောင့် ချောင်းနက် - တောင်ညို - နေပြည်တော် ကားလမ်းမကြီးမိုင်တိုင်အမှတ် ၄၆/၁-၂ အတွင်းရှိ လမ်းပခုံးမြေသားအပါ ပေ ၄၀၊ ကတ္တရာလမ်းမှလမ်းပခုံး ကတ္တရာလမ်း အရှည်ပေ ၁၅၀ ခန့် လမ်းအကျယ်ငါးပေခန့် မြေသားပဲ့ကျခဲ့ကြောင်း သိရသည်။

အဆိုပါ လမ်းပခုံးမြေသား ပဲ့ကျသည့်နေရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဝင်းနှင့် မြို့နယ်လမ်းဦးစီးဌာနမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးကာ လမ်းအသုံးပြုသူများ အန္တရာယ်မဖြစ်စေရေးအတွက် လမ်းညွှန်ဆိုင်းဘုတ်စိုက်ထူခြင်း၊ ပျက်စီးသွားသည့်နေရာအား ပြန်လည်ပြုပြင်နိုင်ရေး စီစဉ်ဆောင်ရွက်နေပြီး ယာဉ်ကြီးယာဉ်ငယ်များ သွားလာလျက်ရှိကြောင်း သိရသည်။

**နိုင်ဝင်း(တောင်တွင်း)**

## လက်ပံအိုင့်ကျေးရွာ ယာယီကယ်ဆယ်ရေးစခန်းသို့ ဝေဠုကျော်လာရောက်၍ ကူညီဆောင်ရွက်

**တပ်ကုန်း ဩဂုတ် ၂၈**

နေပြည်တော် တပ်ကုန်းမြို့နယ် သံပုရာကုန်းကျေးရွာအုပ်စု သံပုရာကုန်းနှင့် လက်ပံအိုင့်ကျေးရွာတွင် အနောက်ရိုးမတောင်တန်းပေါ် မိုးများစွာရွာသွန်း၍ မိုးရေများ ဆင်သေချောင်းထဲသို့ စီးဝင်ရောက်ရှိပြီး ဆင်သေချောင်းရေ မြင့်တက်မှုကြောင့် ရေကြီးရေလျှံဖြစ်သည့် ကျေးရွာနှစ်ရွာမှ ဒေသခံပြည်သူများအား ဩဂုတ် ၂၆ ရက်က လက်ပံအိုင့်ကျေးရွာ ယာယီကယ်ဆယ်ရေးစခန်းသို့ ဝေဠုကျော်(သရုပ်ဆောင်) လာရောက်၍ လူအား၊ ငွေအားများ ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



အဆိုပါကျေးရွာနှစ်ရွာမှ ချောင်းနံဘေးအနီးရှိ ရေဝင်ရောက်သောအိမ်များမှ ဆန်အိတ်၊ စပါးအိတ်နှင့် ပစ္စည်းများ ရေလွတ်ရာနေရာများသို့ သယ်ပိုးဆောင်ရွက်ပေးပြီး ရေစီးနောက်မျောပါအိမ် ၂၂ လုံးအတွက် တစ်အိမ်လျှင် ငွေကျပ် တစ်သိန်းနှုန်းဖြင့် ထောက်ပံ့ကူညီခဲ့ကြောင်း သိရသည်။

**တင်စိုးလွင်**

ကျောဖုံးမှ

ပခုက္ကူခရိုင်ရှိ ပခုက္ကူမြို့နယ် ရေစကြိုမြို့နယ်၊ မြိုင်မြို့နယ်၊ ပေါက်မြို့နယ်၊ ဆိပ်ဖြူမြို့နယ်တို့တွင် အဆိုပါ မြေငလျင်ဒဏ်ကြောင့် ဘုရားစေတီ စုစုပေါင်း ၁၄၆ ဆူပျက်စီးခဲ့ပြီး စေတီတချို့မှာ မြေခ ပျက်စီးခြင်းများ ဖြစ်ပေါ်ခဲ့ကြောင်း၊ ထို့အပြင် ဘုန်းတော်ကြီးကျောင်း ငါးကျောင်း အပါအဝင် နေအိမ်နှင့် အစိုးရရုံး အဆောက်အအုံတချို့လည်း ပြိုကျပျက်စီးခြင်းနှင့် နံရံအက်ကွဲခြင်းများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

"ဒီငလျင် သဘာဝဘေးအန္တရာယ် ဖြစ်ဖြစ်ချင်းပဲ စာရင်းကောက်ယူပါတယ်။ အမှတ် (၁၀၁) ခြေမြန်တပ်မဌာနချုပ်အောက်မှာရှိတဲ့ တပ်ရင်းတပ်ဖွဲ့တွေ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်တွေ၊ မီးသတ်တပ်ဖွဲ့ဝင်တွေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်တွေ၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတွေ၊ ဒေသခံ ရပ်မိရပ်ဖတွေနဲ့ အားလုံး ဝိုင်းဝန်းဆောင်ရွက်ရှင်းလင်းဖယ်ရှားခဲ့ပါတယ်"ဟု ဦးကံစောလှိုင်က ဆက်လက်ပြောသည်။

ပခုက္ကူခရိုင်အတွင်း မြို့နယ်ငါးမြို့နယ်၌ ပခုက္ကူမြို့နယ်သည် ထိခိုက်ပျက်စီးမှု အများဆုံးဖြစ်ခဲ့ပြီး လူနေအိမ်ခြောက်လုံး၊ သာသနိကအဆောက်အအုံ ၁၆ လုံး၊ ဘုရားစေတီ ၅၇ ဆူ ပျက်စီးခဲ့ကြောင်း မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးတင်ထူးအောင်က ပြောသည်။

"ပခုက္ကူမြို့ရဲ့ တန်ခိုးကြီးဘုရားငါးဆူ ရွှေမုဋ္ဌောဘုရားက စိန်ဖူးတော် အထက်ပစ္စယံကနေ ပြုတ်ကျသွားတယ်။ သမိုင်းဝင် ရွှေတန့်တင့်ဘုရားကြီးကလည်း စိန်ဖူးတော်ကြီး ယိုင်သွားတယ်။ နောက်ပြီး သရက္ခန်ဘုရားကြီး စိန်ဖူးတော်အုပ်ထားတဲ့ မှန်ပေါင်းချောင် အက်ကွဲသွားတယ်။ ရွှေတန့်တင့်ဘုရားမှာရှိတဲ့ ခြင်္သေ့ရုပ်ကြီးလည်း ဦးခေါင်းပိုင်း ပျက်စီးသွားတယ်" ဟု ၎င်းက ပြောသည်။



ငလျင်ဒဏ်ကြောင့် အပျက်အစီးများကို ဒေသခံများ ရှင်းလင်းနေစဉ်

ပြန်လည် ပြင်ဆင်ရေးပိုင်းနဲ့ ပတ်သက်ပြီး ဦးတင်ထူးအောင်က "ကျွန်တော်တို့ မြို့နယ်ထွေအုပ်က ဦးဆောင်ပြီး ဌာနဆိုင်ရာရော လူမှုရေးအသင်းအဖွဲ့တွေပါ ပါဝင်ပူးပေါင်းပြီး ပြန်လည်ပြင်ဆင်ဖို့ စီမံဆောင်ရွက်ထားပါတယ်။ နောက်ပြီး ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးကို ငလျင်လှုပ်ပြီးပြီးချင်းမှာ ရော၊ ငလျင်ငယ်တွေ ထပ်မံဖြစ်လာနိုင်တဲ့အတွက် အိမ်တွင်းအိမ်ပြင် နေထိုင်သွားလာမှုတွေ သတိပြုကြဖို့ မိမိရပ်ကွက်ကျေးရွာအလိုက် နှိုးဆော်ထားဖို့ စီစဉ်ဆောင်ရွက်ထားပါတယ်" ဟု ဦးတင်ထူးအောင်က ဆိုသည်။

အဆိုပါငလျင်ကြောင့် ပခုက္ကူမြို့နယ် ကွန်းရွာကျေးရွာရှိ နှစ်ပေါင်းကြာမြင့်ပြီဖြစ်သော ဗာဂျီးနီးယားဆေးပေါင်းရုံ မြင်းမိုရ်ပိတ်နံရံပြိုကျခဲ့မှုကြောင့် အမျိုးသားတစ်ဦး ပိမိသေဆုံးခဲ့ပြီး အမျိုးသမီးတစ်ဦး ဒဏ်ရာရရှိမှုကြောင့် ပခုက္ကူဆေးရုံ၌ အတွင်းလူနာ (မစိုးရိမ်ရ) အဖြစ် တက်ရောက်ကုသလျက်ရှိရာ ယခုအခါ ကျန်းမာရေးအခြေအနေ ကောင်းမွန် သက်သာလျက်ရှိကြောင်း သိရသည်။

ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသည့် ပခုက္ကူရှေးဟောင်းသမိုင်းဝင် ဘုရားစေတီများ ပြန်လည်ပြင်ဆင်ရေးနှင့်ပတ်သက်ပြီး ရွှေတန့်တင့်ဘုရားဂေါပကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးမောင်နိုင်က" ကျွန်တော်တို့ ပခုက္ကူမြို့ သမိုင်းဝင် ခြင်္သေ့ကြီးရဲ့ နားရွက်နဲ့ ဦးသျှောင် ပဲ့ကျသွားတာရှိတယ်။ သရက္ခန်ဘုရားကိန်းဝပ်တဲ့ဂန္ဓကုဋိတိုက်ရဲ့ ပြာသာဒ်ဆောင် ထိပ်ပိုင်းကနေ ပြုတ်ကျသွားတယ်။ သရက္ခန်ဘုရားကိန်းဝပ်တဲ့ ကန္ဓကုဋိတိုက်ကြီးလည်း ပျက်စီးခဲ့လို့ အသစ်တစ်ဖန် ပြန်လည်တည်ဆောက်ခဲ့ရပါတယ်။ အခုလည်း ဆက်လက်ပြီးတော့ ဒေသခံ အာဏာပိုင်အဖွဲ့အစည်းတွေ၊ အလှူရှင်တွေ၊ ဒေသခံတွေအားလုံး ပူးပေါင်းပြီးမှ ဘုရားစေတီတွေ ပြန်လည်ပြုပြင်မွမ်းမံရေးတွေ ပြုလုပ်ဖို့ ဆောင်ရွက်နေပါတယ်။ လတ်တလော ပျက်စီးခဲ့တာကိုလည်း ဖယ်ရှားရှင်းလင်းပြီး ရှင်းလင်းရေးတွေ လုပ်ဆောင်နေပါတယ်"ဟု ပြောကြားသည်။

"၁၉၇၅ ခုနှစ်က လှုပ်တဲ့ ပုဂံအင်အားပြင်း ငလျင်တုန်းကလည်း ကျွန်တော်တို့မြို့ရဲ့တန်ခိုးကြီးရွှေတန့်တင့်စေတီတော်မြတ်ကြီးမှာ လုံးလုံးပျက်စီးပြီး စိန်ဖူးတော် မြေခခဲ့ဖူးပါတယ်။ အခုတစ်ဖန် စေတီတော်ကြီး ထပ်မံပျက်စီးသွားတော့ မြို့ခံတစ်ဦးအနေနဲ့ ပြောရရင် အလွန်ဝမ်းနည်းစရာကောင်းပါတယ်" ဦးမောင်နိုင်က မှတ်ချက်ပြုပြောကြားသည်။

## မြန်မာနိုင်ငံစာရေးဆရာအသင်း ဒုတိယအကြိမ် ညီလာခံအောင်မြင်စွာ ကျင်းပပြီးစီး

**ရန်ကုန် ဩဂုတ် ၂၈**

မြန်မာနိုင်ငံစာရေးဆရာအသင်း ဒုတိယအကြိမ် ညီလာခံဒုတိယနေ့ကို ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန ဗဟိုပုံနှိပ်စက်ရုံ၌ ဆက်လက်ကျင်းပရာ ညနေပိုင်းတွင် အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။

ညီလာခံ ပထမနေ့တွင် ဗဟိုအမှုဆောင်ကော်မတီ အစီရင်ခံစာ၊ ဘဏ္ဍာရေး အစီရင်ခံစာနှင့် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်း၊ ဘဏ္ဍာရေးစည်းမျဉ်း ပြင်ဆင်ဖြည့်ဆည်းချက်များကို တင်သွင်းခြင်းနှင့် ညီလာခံကိုယ်စားလှယ်များ၏ တင်သွင်းချက်များအပေါ် ထောက်ခံခြင်း၊ ထပ်ဆင့်ထောက်ခံခြင်းနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံကို ထောက်ခံသည့် အဆိုတင်သွင်းခြင်း၊ ထပ်ဆင့်ထောက်ခံခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

ဒုတိယနေ့(ယနေ့)တွင် မြို့နယ်အသီးသီးမှ ညီလာခံကိုယ်စားလှယ် ၂၀၃ ဦး တက်ရောက်ကြပြီး ညီလာခံကိုယ်စားလှယ်များက ဗဟိုအမှုဆောင်ကော်မတီဝင်များကို ရွေးကောက်တင်မြှောက်ကြသည်။

ရွေးချယ်တင်မြှောက်တာဝန်ပေးသော ဗဟိုအမှုဆောင်ကော်မတီတွင် ဥက္ကဋ္ဌ ဦးကျော်ဝင်း (မနုဿကျော်ဝင်း)၊ ဒုတိယဥက္ကဋ္ဌ(၁) ဒေါ်ချိုချိုတင်(မစန္ဒာ)၊ ဒုတိယဥက္ကဋ္ဌ(၂) ဦးချစ်နိုင်(ချစ်နိုင်-စိတ်ပညာ)၊ ဒုတိယဥက္ကဋ္ဌ(၃) ဦးအုန်းမောင် (မြင်းမူ-မောင်နိုင်မိုး)၊ အတွင်းရေးမှူး ဦးညွန့်တင် (မောင်ငြိမ်းသူ-ကြို့ပင်ကောက်)တို့ အပါအဝင် ဗဟိုအမှုဆောင်ကော်မတီဝင် ၃၀ ပါဝင်သည်။

**ရီရီမြင့်၊ဥမ္မာသန့်**

## မြန်မာနိုင်ငံသတင်းစာဆရာအသင်း(မွန်ပြည်နယ်) နှစ်ပတ်လည်အစည်းအဝေးကျင်းပ

**မော်လမြိုင် ဩဂုတ် ၂၈**

မွန်ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး ကမ်းနားလမ်း မော်လမြိုင်မြို့၌ ဩဂုတ် ၂၈ ရက် နံနက် ၁၁ နာရီက မြန်မာနိုင်ငံ သတင်းစာဆရာအသင်း(မွန်ပြည်နယ်)နှစ်ပတ်လည်အစည်းအဝေး ကျင်းပသည်။

အခမ်းအနားတွင် အသင်း၏နာယက သတင်းစာဆရာကြီး ဦးဝင်းကြည်က သတင်းနှင့် ပတ်သက်သည့် အတွေ့အကြုံများကိုလည်းကောင်း၊ ဥက္ကဋ္ဌ ဦးသိန်းလှိုင်က အသင်း၏လုပ်ဆောင်နေမှုများကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။

ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ခင်ခင်ဦးက ပြည်နယ်ရုံးခန်းမကို လိုအပ်ပါက အသုံးပြုနိုင်ကြောင်း ပြောကြားပြီး အသင်းဝင်များ အကြံပြုတင်ပြချက်များအပေါ် ဆွေးနွေးကြသည်။

မြန်မာနိုင်ငံ သတင်းစာဆရာအသင်း(မွန်ပြည်နယ်)တွင် သတင်းထောက် အသင်းဝင် ၇၉ ဦးနှင့် ပြန်/ဆက် ဝန်ထမ်း ၁၁ ဦး စုစုပေါင်း ၉၀ ရှိကြောင်း သိရသည်။

**ခွန်(ဝင်းပ)**

ကျောဖုံးမှ

အဲဒီရေကြီးရေလျှံမှုကြောင့် အိမ်ခြေ ၂၂ လုံး မျောပါခဲ့တယ်။ ချောင်းရေကြီးမှုက ဒီနေ့မှာ ရေကျသွားပါပြီ။ ဒါပေမယ့် ဒေသခံတွေကတော့ စိုးရိမ်နေကြပါတယ်။ ဒီလို ကျေးရွာမှာ အိမ်ခေါင်မိုးအထိ ရေနစ်မြုပ်တာ ကျွန်တော့်တစ်သက် တစ်ခါမှ မဖြစ်ဖူးပါဘူး။ ရွာလုံးကျွတ်ရေမြုပ်မှုကြောင့် ဆည်ကျိုးပြီဆိုတဲ့ ကောလာဟလတွေ ထွက်နေတာပါ။ သက်ဆိုင်ရာ တာဝန်ရှိသူတွေကလည်း လိုက်လံကြေညာပေးနေပါတယ်"ဟု လက်ပံအိုင့်ကျေးရွာ ဒေသခံတစ်ဦးက ပြောသည်။

ဩဂုတ် ၂၆ ရက် နံနက် ၂ နာရီတွင် ဆင်သေချောင်းရေ ရုတ်တရက်စီးဆင်းလာသောကြောင့် တပ်ကုန်းမြို့နယ်ရှိ သံပုရာကုန်းကျေးရွာနှင့် လက်ပံအိုင့်ကျေးရွာတို့တွင် ရေကြီးနစ်မြုပ်မှုများ ဖြစ်ပွားခဲ့ရာတွင် လူနေအိမ် ၂၂ လုံး ရေစီးနောက် မျောပါခဲ့ပြီး အိမ်ခြေ ၂၄၀ နစ်မြုပ်ကာ သိုလှောင်ထားသည့် ဆန်စပါးနှင့် အိမ်တွင်းပစ္စည်းများ မျောပါပျက်စီးဆုံးရှုံးခဲ့သည်။ လူနှင့်တိရစ္ဆာန် ပျောက်ဆုံးမှုမရှိကြောင်း သိရသည်။ အဆိုပါ ရေကြီးမှုကိုအကြောင်းပြုပြီး ဆင်သေဆည် ကျိုးပေါက်မှုဖြစ်ပွားသည်ဟု ကောလာဟလများ ထွက်ပေါ်လာခြင်းဖြစ်သည်။ ရေဘေးသင့် အိမ်ထောင်စုများကို လက်ပံအိုင့်ကျေးရွာ ဘုန်းကြီးကျောင်းတွင် ယာယီကယ်ဆယ်ရေးစခန်း ဖွင့်လှစ်ထားရှိကာ အလှူရှင်များ၊ လူမှုအဖွဲ့အစည်းများက လာရောက်လှူဒါန်းလျက်ရှိသည်။

"ကျွန်တော်တို့ ကယ်ဆယ်ရေးစခန်းကို သက်ဆိုင်ရာ တာဝန်ရှိသူတွေ၊ လူမှုရေးအဖွဲ့အစည်းတွေနဲ့ စေတနာရှင်တွေက နေ့စဉ်လာရောက်လှူဒါန်းနေပါတယ်။ ကျောင်းသားလေးတွေအတွက် အခက်အခဲဖြစ်နေပါတယ်၊ စာအုပ်စာတမ်းတွေအကုန်လုံး ရေမြုပ်တဲ့အထဲ ပါကုန်ပါတယ်။ ကျောင်းတက်ဖို့အတွက် ကျောင်းသုံးစာအုပ်နဲ့ ဗလာစာအုပ်တွေတော့ လိုပါတယ်။ ရွာမှာရှိတဲ့ ကျောင်းသားတွေရဲ့ကျောင်းစာအုပ်တွေ အကုန်လုံးနီးပါး ရေနောက်ပါသွားပါတယ်" ဟု ရေဘေးသင့်ဒေသခံတစ်ဦးက ပြောပြသည်။

အဆိုပါ ယာယီကယ်ဆယ်ရေးစခန်းသို့ နေပြည်တော် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း ဗဟိုအဖွဲ့ဝင်များ၊ မြို့နယ် ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများက ရေကြီးရေလျှံမှုဖြစ်သော ကျေးရွာနှစ်ရွာမှ ဒေသခံပြည်သူများအား လိုအပ်သော ကျန်းမာရေးစစ်ဆေးမှုများ ပြုလုပ်ခဲ့ပြီး ဆေးဝါးများ ထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။

မြို့ပေါ်၊ ရပ်ကွက်၊ ကျေးရွာများတွင် ကောလာဟလများကြောင့် နောက်ပိုင်းတွင် အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများ ပြန်လွှတ်ကာ ခေတ္တပိတ်ခဲ့ရသည်။ အဆိုပါ ဆည်ကျိုးသည်ဟူသော ကောလာဟလသည် ဖေ့ဘုတ်လူမှုကွန်ရက်ပေါ်တွင် ပျံ့နှံ့လာသောကြောင့် ဒေသခံများ စိုးရိမ်ခဲ့ရသည်။ ဆင်သေချောင်းရိုးတစ်လျှောက်ရှိ ကျေးရွာများတွင် လူနှင့် တိရစ္ဆာန်များ ပြောင်းရွှေ့နေကြကြောင်း ဒေသခံများ၏ ပြောပြ ချက်အရ သိရသည်။

ဆင်သေဆည်သည် တပ်ကုန်းမြို့နယ်တွင် အကြီးဆုံးဆည်ဖြစ်ပြီး ရေလှောင်ပမာဏမှာ ၁၄၃၀၀၀ ကျော်ကေပေရှိကာ လယ်ဧကများစွာကို တစ်နှစ်ပတ်လုံး ရေများထုတ်လွှတ်ပေးလျက်ရှိသည်။ ယခု မိုးရာသီတွင် မိုးရွာသွန်းမှု များလာသောကြောင့် ရေများ ပိုမိုဝင်ရောက်လာသော်လည်း ဆည်ရေပြည့်ရန် ၁၈ ပေကျော်လိုကြောင်း၊ ယခု ရေကြီးရေလျှံမှုမှာ ဆည်မှထုတ်လွှတ်သည့် ရေမဟုတ်ဘဲ မိုးရေများသာဖြစ်ကြောင်း၊ အနောက်ရိုးမပေါ်တွင် မိုးများပြီး ဆင်သေချောင်းထဲသို့ စီးဝင်လာကာ အနိမ့်ပိုင်းတွင်ရှိသည့် ကျေးရွာနှစ်ရွာအား ရေများ ဝင်ရောက်လာ၍ နစ်မြုပ်ခြင်းဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ တပ်ကုန်းမြို့နယ်မှာရှိတဲ့ ဆင်သေဆည်ကျိုးတယ်ဆိုတာ လုံးဝမဟုတ်ပါဘူး။ ရေဖောက်ချတယ်ဆိုတာလည်း မဟုတ်ပါဘူး။ ဆည်ရေပြည့်ဖို့တောင် ၁၈ ပေကျော် လိုနေသေးပါတယ်။ ဆည်ကျိုးတယ်ဆိုတာ ကောလာဟလပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ ဆည်မြောင်းဦးစီးဌာနက တာဝန်ရှိသူတွေကလည်း ဆည်ခံနိုင်ရည် ရှိ မရှိ အမြဲစစ်ဆေးနေပါတယ်။ အနောက်ရိုးမ ရေပိုရေလွှဲရေိယာမှာ မိုးရွာသွန်းမှုတွေများပြီး ဆင်သေချောင်းထဲ ရေတွေ



ဆင်သေဆည် ရေထိန်းမျှော်စင်ကို တွေ့ရစဉ် (ဓာတ်ပုံ - သက်ထက်)

ဒလဟော စီးဆင်းတာဖြစ်ပါတယ်။ ဆင်သေချောင်း အရင်းပိုင်းမှာသာ ရေကြီးမှုတွေဖြစ်ပေါ်ပြီး ချောင်းဖျားပိုင်းမှာ ဘာမှမဖြစ်ပါဘူး။ ကျေးရွာနှစ်ရွာ ရေကြီးတယ်ဆိုတာကလည်း ချောင်းရေကြီးတာကြောင့် ဖြစ်ပါတယ်။ ဆင်သေဆည်ဟာ ၂၀၀၅ ခုနှစ်မှာ ရေပြည့်မှတ်ရောက်ခဲ့ပေမယ့် စိုးရိမ်ဖွယ်ရာ မရှိခဲ့ပါဘူး။ လူမှုကွန်ရက်စာမျက်နှာတွေမှာ ဆင်သေဆည် ကျိုးကျတယ်ဆိုတာ အမှန်တကယ် မဟုတ်ပါဘူး။ ဆည်အက်ကွဲတာတို့၊ ကတွက်ပေါက်တာတို့လည်း မဖြစ်ပါဘူး။ ကျွန်တော်တို့ ဆည်မြောင်းအဖွဲ့က နေ့ညမပြတ် ဆင်သေဆည်ကြံ့ခိုင်မှု ရှိ မရှိ အမြဲစစ်ဆေးနေပါတယ်" ဟု တပ်ကုန်းမြို့နယ် ဆည်မြောင်းဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးနန်းအောင်က ပြောသည်။

အဆိုပါ ဆင်သေချောင်းရေကြီးမှုကြောင့် ချောင်းအနီးရှိ စိုက်ခင်းများ ပျက်စီးဆုံးရှုံးခဲ့ရသည်။ ဆင်သေချောင်းသည် ရေကြီးရေလျှံမှု မဖြစ်ပေါ်သည်မှာ နှစ်ပေါင်းများစွာ ကြာပြီဖြစ်ကြောင်း၊ ချောင်းရိုးတစ်လျှောက်ရှိ ကျေးရွာများမှ ဒေသခံများ စိုက်ပျိုးထားသော ပြောင်း၊ ငရုတ်၊ မုန်လာဥ စသည်တို့ ရေကြီးမှုကြောင့် ပျက်စီးခဲ့ရကြောင်း ဒေသခံများ၏ ပြောပြချက်အရ သိရသည်။

ဆင်သေဆည်သည် စတင်တည်ဆောက်စဉ်မှ ယခုအချိန်ထိ ရေကြီးရေလျှံမှု တစ်ကြိမ်တစ်ခါမှ မဖြစ်ပေါ်ခဲ့ဖူးခြင်းကြောင့် ဒေသခံများအနေဖြင့် ဆည်ကျိုးသည်ဟူသော ကောလာဟလများကို မယုံကြည်ဘဲ ပြည်သူများအနေဖြင့် သက်ဆိုင်ရာက ထုတ်ပြန်ကြေညာအသိပေးမှုများကိုသာ အမြဲမပြတ် သတိပြုကြရန် လိုအပ်ကြောင်း ဆည်မြောင်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

# ရေဘေးသင့်ပြည်သူများအတွက် IGE က ငွေကျပ်သိန်း ၄၀၀၀ လှူဒါန်း

**နေပြည်တော် ဩဂုတ် ၂၈**

ရေဘေးသင့်ပြည်သူများ ပြန်လည်အသက်မွေးဝမ်းကျောင်း ပြုနိုင်ရေး၊ ကျန်းမာရေးနှင့် နေစရာများပြန်လည်ထူထောင်နိုင်ရေးတို့အတွက် IGE ကုမ္ပဏီက ငွေကျပ်သိန်း ၄၀၀၀ ထောက်ပံ့လှူဒါန်းမှုကို နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးရုံး၌ ဩဂုတ် ၁၈ ရက်က လှူဒါန်းခဲ့ရာ ဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက လက်ခံယူခဲ့သည်။

"ရေဘေးသင့်ပြည်သူတွေ အတွက် လှူဒါန်းပေးလို့ ကျေးဇူးတင်ပါတယ်။ တချို့နေရာတွေကလူတွေ ပြန်နေနေကြပါပြီ။ အချို့နေရာတွေကတော့ ပြန်နေလို့မရသေးပါဘူး။ ခိုလှုံတဲ့စခန်းမှာနေကြတုန်းပဲရှိပါသေးတယ်။ သူတို့တွေ အလုပ်တွေ၊ လယ်မြေတွေ ဆုံးရှုံးကြရတယ်"ဟု လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ပြောသည်။

ကမ္ဘာ့ရာသီဥတု ပြောင်းလဲမှုများကြောင့် လည်းကောင်း၊ သဘာဝတွင်း ထွက်သယံဇာတများ ထုတ်ယူမှုများကြောင့် လည်းကောင်း မြစ်ကြောင်းများ တိမ်ကောလာပြီး မြစ်ကြောင်းပြောင်းလဲမှု၊ ပိတ်ဆို့မှုများဖြစ်ပေါ်လာရာ မြန်မာနိုင်ငံသည် သဘာဝဘေးအန္တရာယ်များ အမြဲလိုလိုပင် ကျရောက်နိုင်သည့်နိုင်ငံတစ်နိုင်ငံဖြစ်လာနိုင်သည့် အတွက် ကြိုတင်ပြင်ဆင် ထားသင့်သည်ဟု ပြည်ထောင်စုဝန်ကြီးက ပြောသည်။

"ရေဘေးသင့်တဲ့နေရာက ပြည်သူတွေဟာ စားဝတ်နေရေး၊ ကျန်းမာရေး၊ နေစရာရရှိရေး စတဲ့အခက်အခဲမျိုးစုံနဲ့ ရင်ဆိုင်နေကြရတယ်ဆိုတာ ကျွန်တော်တို့ကြားနေရပါတယ်။ အဲဒီအခက်အခဲကို ကူညီတဲ့အနေနဲ့ ပါဝင်ထောက်ပံ့ပေးတာဖြစ်ပါတယ်"ဟု ဦးသန်းဝင်းဆွေ (Group Deputy Managing Director of IGE Group of Companies) က ပြောသည်။

IGE ကုမ္ပဏီသည် လက်ရှိအချိန်အထိ သောက်သုံးရေခက်ခဲသောနေရာများ၊ ပညာသင်ကြားရန်ခက်ခဲသောနေရာများနှင့် သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့သည့်နေရာများသို့ အလှူငွေများ ထောက်ပံ့ပေးခဲ့သည်။

"ကျွန်တော်တို့ ကုမ္ပဏီအနေနဲ့လည်း စတင်တည်ပြီးကတည်းက လိုအပ်နေတဲ့ လူ့အဖွဲ့အစည်းအတွက် မျှဝေထောက်ပံ့မှုတွေလုပ်ခဲ့ပါတယ်။ ကျွန်တော်တို့ CSR ကို ကုမ္ပဏီရဲ့ DNA အဖြစ်နဲ့ ဆောင်ရွက်နေခြင်းတာ ဖြစ်ပါတယ်" ဟု ဦးသန်းဝင်းဆွေက ပြောသည်။

"Corporate Social Responsibility ဆိုတာ လူ့အဖွဲ့အစည်းတစ်ခုကို စဉ်ဆက်မပြတ် တိုးတက်လာအောင် ထောက်ပံ့ပေးမှုပဲလို့ ကျွန်တော်တို့နားလည်ထားပါတယ်။ ဒါကြောင့်လည်း သောက်သုံးရေမရရှိတဲ့ဒေသတွေအတွက် ရေတွင်းတူးဖော်မှုတွေကို စီမံကိန်းချပြီး ယနေ့တိုင် လုပ်ဆောင်နေဆဲဖြစ်ပါတယ်။ ဒါ့အပြင် ပညာရေးမှာလည်း ကျောင်းပညာ မသင်ရတဲ့နေရာတွေမှာ ကျောင်းတွေ ဆောက်လုပ်ပေးတဲ့အပြင် ပညာတော်တဲ့ ကလေးတွေကိုလည်း နိုင်ငံတကာအဆင့် ပညာသင်ကြားခွင့်ရအောင်လုပ်ဆောင်ပေးနေပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

**(မြန်မာ့အလင်း)**

# နိုင်ငံတကာသင်္ချာပြိုင်ပွဲ မြန်မာကျောင်းသား ကျောင်းသူများ ပထမဦးဆုံးအကြိမ် ဝင်ရောက်ယှဉ်ပြိုင်မည်

**ရန်ကုန် ဩဂုတ် ၂၈**

ကိုရီးယားနိုင်ငံ၌ နိုဝင်ဘာ ၂၃ ရက်မှ ၂၇ ရက်အထိ ကျင်းပမည့် နိုင်ငံတကာသင်္ချာပြိုင်ပွဲဖြစ်သော World Mathematics Team Championship (WMTC) ပြိုင်ပွဲသို့ နိုင်ငံတကာသင်္ချာပြိုင်ပွဲများကို ဝင်ရောက်ယှဉ်ပြိုင်နေသည့် T&H Maths Centre မှ မြန်မာကျောင်းသား ကျောင်းသူများ ပထမဦးဆုံး အကြိမ် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲမှာ တစ်နှစ်လျှင် နိုင်ငံတစ်နိုင်ငံစီ အလှည့်ကျလုပ်ဆောင်လေ့ရှိပြီး ပြီးခဲ့သည့်နှစ်က တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ စတင်ကျင်းပခဲ့ကြောင်း၊ ယခုနှစ်တွင်လည်း မြန်မာနိုင်ငံရှိ အသက် ၁၁ နှစ်နှင့် ၁၅ နှစ်ကြား သင်္ချာထူးချွန် ကျောင်းသား ကျောင်းသူများအား ပထမဦးဆုံးအနေဖြင့် ဖိတ်ခေါ်ခြင်းဖြစ်ကြောင်းနှင့် ခန့်မှန်းမြန်မာကျောင်းသား ကျောင်းသူ ၂၀ ကျော် သွားရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း T&H Maths Centre မှ သိရသည်။

T&H Maths Centre တည်ထောင်သည့် ကျောင်းအုပ်ဆရာမ ဒေါ်နှင်းဆက်အေးက "ဒီပြိုင်ပွဲဝင်ရောက်ကြမယ့် ကလေးတွေအတွက် ကျွန်မတို့ လူရွေးချယ်ပြီးသွားပါပြီ။ ဩဂုတ်လကုန်ဆို ကလေးတွေကို Training ပေးပြီး သွားရောက်ယှဉ်ပြိုင်တော့မှာပါ၊ ဒီကမ္ဘာ့အဆင့် နိုင်ငံတကာသင်္ချာပြိုင်ပွဲမှာလည်း တိုက်ကြီးခုနစ်တိုက်က ကလေးတွေအကုန်ဝင်ရောက်ယှဉ်ပြိုင်ကြပါလိမ့်မယ်။ ကျွန်မတို့ မြန်မာနိုင်ငံအနေနဲ့ကတော့ ဒီနှစ်မှ စတင်သွားရောက်ယှဉ်ပြိုင်မှာပါ၊ ဒီ WMTC ကလည်း ကျွန်မတို့ T&H Maths Centre က ကျောင်းသား၊ ကျောင်းသူတွေကိုသာ ဖိတ်ခေါ်တာပါ၊ သင်္ချာထူးချွန်ကျောင်းသား ကျောင်းသူတွေအနေနဲ့လည်း တစ်ဦးချင်းအလိုက်၊ နှစ်ယောက်တွဲအလိုက်နဲ့ အဖွဲ့လိုက် ဝင်ရောက်ယှဉ်ပြိုင်ကြရမှာပါ၊ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်မတို့နိုင်ငံက သင်္ချာထူးချွန်ကျောင်းသား ကျောင်းသူတွေက ဒီလို နိုင်ငံတကာသင်္ချာပြိုင်ပွဲတွေကို ဝင်ရောက်ယှဉ်ပြိုင်ခြင်းအားဖြင့် နိုင်ငံတကာက ကလေးတွေနဲ့ ဆက်ဆံခွင့်ရတယ်။ ပြီးတော့ နိုင်ငံတစ်နိုင်ငံကိုကိုယ်စားပြုပြီးသွားကြတာဆိုတော့ သူတို့အချင်းချင်း တွေ့ဆုံကြရတယ်။ ကိုယ့်နိုင်ငံ၊ သူ့နိုင်ငံအကြောင်းတွေကို ဆွေးနွေးခွင့်ရတယ်ဆိုတော့ သူတို့ဘဝတစ်သက်တာအတွက် တန်ဖိုးမဖြတ်နိုင်တဲ့အတွေ့အကြုံတွေကို ရရှိစေတော့မှာပါ" ဟု ပြောသည်။

အမေရိကန်နိုင်ငံက ဦးဆောင်ကျင်းပနေသော နိုင်ငံတကာသင်္ချာပြိုင်ပွဲမှာလည်း နှစ်စဉ်အောက်တိုဘာလတွင် ကျင်းပလျက်ရှိကြောင်း၊ ပြင်သစ်နိုင်ငံက ဦးဆောင်ကျင်းပပေးနေသော ကမ္ဘာ့အကြီးဆုံးသင်္ချာပြိုင်ပွဲမှာလည်း နှစ်စဉ် မတ်လ၌ ကျင်းပကြောင်း၊ စင်ကာပူနိုင်ငံက ဦးဆောင်ကျင်းပပေးနေသော ပါဝင်ယှဉ်ပြိုင်သည့် နိုင်ငံအများဆုံး သင်္ချာပြိုင်ပွဲမှာလည်း နှစ်စဉ် ဧပြီလတွင် ကျင်းပနေကြောင်းသိရပြီး ယင်းပြိုင်ပွဲများမှ ရွှေ၊ ငွေ၊ ကြေးတံဆိပ်ဆွတ်ခူးရရှိသည့် ကျောင်းသား ကျောင်းသူများသည် တစ်နှစ်လျှင် အိမ်ရှင်တစ်နိုင်ငံ ရွေးချယ်ကျင်းပသည့် Asia International Mathematical Olympiad နှင့် Singapore International Mathematical Olympiad Challenge ပြိုင်ပွဲများ၌ ဝင်ရောက်ယှဉ်ပြိုင်နိုင်ခွင့်ရရှိကြောင်း သိရသည်။

ဩဂုတ် ၂ ရက်မှ ၆ ရက်အထိ ဟောင်ကောင်နိုင်ငံ၌ ကျင်းပခဲ့သည့် အာရှသင်္ချာထူးချွန်သူလူငယ်များတွေ့ဆုံပွဲ၊ ယဉ်ကျေးမှုဖလှယ်ပွဲနှင့် သင်္ချာပြိုင်ပွဲ (Asia International Mathematical Olympiad )၌ မြန်မာနိုင်ငံမှ သင်္ချာထူးချွန်ကျောင်းသား ကျောင်းသူ ၄၅ ဦး သွားရောက်ယှဉ်ပြိုင်ခဲ့ကြရာ ၃၈ ဦး ဆုဆွတ်ခူးရရှိခဲ့ပြီး ရွှေတံဆိပ်တစ်ခု၊ ငွေတံဆိပ် ခုနစ်ခု၊ ကြေးတံဆိပ် ၃၀ ဆွတ်ခူးရရှိခဲ့ကြောင်း၊ ဩဂုတ် ၁၂ ရက်မှ ၁၆ ရက်အထိ ကျင်းပခဲ့သည့် စင်ကာပူနိုင်ငံ အပြည်ပြည်ဆိုင်ရာသင်္ချာအိုလံပစ်ဖိတ်ခေါ်ပြိုင်ပွဲ (Singapore International Mathematical Olympiad Challenge) ၌လည်း မြန်မာနိုင်ငံမှ သင်္ချာထူးချွန်ကျောင်းသား ကျောင်းသူ ၁၀ ဦးသွားရောက်ယှဉ်ပြိုင်ခဲ့ကြရာ ခြောက်ဦး ဆုဆွတ်ခူးရရှိခဲ့ပြီး ရွှေတံဆိပ်တစ်ခု၊ ငွေတံဆိပ် သုံးခု၊ ကြေးတံဆိပ် နှစ်ခု ဆွတ်ခူးရရှိခဲ့ကြောင်းနှင့် SIMOC ၏ Executive Director ဖြစ်သူ Mr.Henry Ong က ကျေးဇူးတင်စကားပြောကြားခဲ့ကာ စင်ကာပူနိုင်ငံဝန်ကြီးက ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့်နိုင်ငံများကို ချီးကျူးစကားပြောကြားခဲ့ကြောင်း သိရသည်။ ထို့ပြင် မြန်မာနိုင်ငံအတွင်းရှိ ထူးချွန်ကျောင်းသား ကျောင်းသူများအတွက် ပြည်တွင်း၌ ပုံမှန်ကျင်းပနေသောသင်္ချာပြိုင်ပွဲများမှာလည်း လေးနှစ်တာကာလကို လေးကြိမ်မြောက် ကျင်းပနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

**တင်လှမောင်**




# မန္တလေးတိုင်းဒေသကြီးအတွင်း စစ်ဘေးရှောင်စခန်းများရှိ ပြည်သူများအတွက် ကမ္ဘောဇက အနွေးထည်များလှူဒါန်း

**မန္တလေး ဩဂုတ် ၂၈**

ကမ္ဘောဇအေနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းသည် မန္တလေးတိုင်းဒေသကြီးအတွင်း အအေးဓာတ်လွှမ်းကဲနိုင်သည့် စစ်ဘေးရှောင်စခန်းများမှ ရဟန်းသံဃာများ၊ သီလရှင်များနှင့် တိုင်းရင်းသားပြည်သူများအတွက် ခေါင်းစွပ်ပါအနွေးထည် ၃၆၅၀၀ကို ယမန်နေ့ နံနက် ၈ နာရီက ကမ္ဘောဇအုပ်စုကုမ္ပဏီလီမိတက်၊ အုပ်ချုပ်မှုဒါရိုက်တာ ဦးမိုးဆန်းအောင်နှင့် ကမ္ဘောဇဘဏ်လီမိတက် အထက်မြန်မာပြည်တာဝန်ခံ ဒုတိယအုပ်ချုပ်မှုဒါရိုက်တာ ဦးတင်ထွန်းတို့က တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့်မောင်ထံ လှူဒါန်းခဲ့သည်။

ထိုသို့ လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ကမ္ဘောဇဘဏ်လီမိတက် ဒုတိယအုပ်ချုပ်မှုဒါရိုက်တာ ဦးတင်ထွန်းက ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါ်နန်းလိုင်းခမ်း၏ညွှန်ကြားမှုဖြင့် အအေးဓာတ်လွှမ်းကဲမှုဒဏ်ကို ပိုမိုခံစားရရှိနိုင်သည့်ဒေသများရှိ ရဟန်းသံဃာများ၊ သီလရှင်များနှင့် စစ်ဘေးရှောင်စခန်းများမှ တိုင်းရင်းသားပြည်သူများအတွက် အမေရိကန်ဒေါ်လာ နှစ်သန်းကျော်တန် ခေါင်းစွပ်ပါအနွေးထည် ၁၆၀၀၀၀ကို ပြည်ပမှ မှာယူတင်သွင်းခဲ့ပြီး ဆောင်းရာသီကာလအမီ သက်ဆိုင်ရာဒေသများသို့ ပေးပို့လှူဒါန်းလျက်ရှိကြောင်း၊ ပြည်တွင်း၊ ပြည်ပမှ မိုးလေဝသပညာရှင်များကလည်း မြန်မာနိုင်ငံအတွင်းအောက်တိုဘာလမှ ဒီဇင်ဘာလအထိ လာနီညာရာသီဥတုဖြစ်ပေါ်ကာ ထူးခြားသည့် အအေးဒဏ်ကို ပိုမိုခံစားရနိုင်သည်ဟု ကြိုတင်ခန့်မှန်းတွက်ချက်ထားသောကြောင့် ယခုကဲ့သို့ စီစဉ်လှူဒါန်းရခြင်းဖြစ်ကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးခရိုင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့ရှိ နာဂတိုင်းရင်းသားများအတွက် အနွေးထည် ၃၅၀၀ကို ဩဂုတ် ၁၈ ရက်က သွားရောက်လှူဒါန်းခဲ့ပြီး ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ် အစရှိသော အအေးဓာတ်လွှမ်းကဲနိုင်သည့် ဒေသများသို့ ဆက်လက်လှူဒါန်းသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**သဲနိုင်ဦး(မြန်မာစာ)**

## မိုးအသင့်အတင့် ထစ်ချုန်းရွာမည်

**နေပြည်တော် ဩဂုတ် ၂၈**

နေပြည်တော်နှင့်ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ **(မိုး/ဇလ)**

# ရေလှောင်တမံကြီးများနှင့် ရေလှောင်တမံများ ကျိုးပေါက်မှုမရှိ၊ ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုလျက်ရှိ

**နေပြည်တော် ဩဂုတ် ၂၈**

မြန်မာနိုင်ငံတစ်ဝန်းတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဆည်တာတမံများ ကျိုးပေါက်မှုမရှိစေရေး ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုဆောင်ရွက်လျက်ရှိရာ ယနေ့နံနက် ၉ နာရီတိုင်းထွာချက်အရ ရေလှောင်တမံကြီး ၂၉ ခုတွင် သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲများမှ ရေကျော်ကျလျက်ရှိပြီး တာတမံများ ကျိုးပေါက်မှုမရှိကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

**သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲမှ ရေကျော်ကျလျက်ရှိသည့် ရေလှောင်တမံကြီးများ**

| စဉ် | ဆည်အမည် | နေရာ/ဒေသ | ကန်ရေပြည့်ရေလှောင်ပမာဏ (ဧကပေ) | ရေပိုလွှဲမှရေကျော်ကျမှု(ပေ) |
|---|---|---|---|---|
| ၁။ | ရေဘုတ်ရေလှောင်တမံ | ကရင်- လှိုင်းဘွဲ့မြို့ | ၂၈၄၇၄ | ၀.၅၀' |
| ၂။ | လိုင်ဗားရေလှောင်တမံ | ချင်း- ဖလမ်းမြို့ | ၁၉၅၄ | ၀.၄၀' |
| ၃။ | ပေကြီးရေလှောင်တမံ | စစ်ကိုင်း-ကန့်ဘလူမြို့ | ၈၁၀၀ | ၁.၉၀' |
| ၄။ | မဟာနန္ဒာကန် | စစ်ကိုင်း-ရွှေဘိုမြို့ | ၁၀၉၅ | ၁.၆၀' |
| ၅။ | မြောက်ယမားရေလှောင်တမံ | စစ်ကိုင်း-ယင်းမာပင်မြို့ | ၁၄၀၅၇ | ၂.၇၀' |
| ၆။ | မြောက်ယမားရေကူရေလှောင်တမံ | စစ်ကိုင်း-ပုလဲမြို့ | ၁၂၂၉၀၀ | ၂.၄၀' |
| ၇။ | ရာဇဂြိုဟ်ရေလှောင်တမံ | စစ်ကိုင်း- ကလေးမြို့ | ၅၂၀၀၀ | ၁.၇၀' |
| ၈။ | ပသိရေလှောင်တမံ | ပဲခူး- တောင်ငူ | ၃၀၅၀၀ | ၀.၅၀' |
| ၉။ | မင်းရဲရေလှောင်တမံ | ပဲခူး-အုတ်တွင်းမြို့ | ၂၃၅၀ | ၀.၃၀' |
| ၁၀။ | ဘောနီရေလှောင်တမံ | ပဲခူး- ဒိုက်ဦးမြို့ | ၃၅၂၀၀ | ၀.၁၀' |
| ၁၁။ | ပျဉ်ပုံကြီးရေလှောင်တမံ | ပဲခူး- ဒိုက်ဦးမြို့ | ၁၁၁၃၀ | ၀.၁၀' |
| ၁၂။ | မဇင်းရေလှောင်တမံ | ပဲခူး- ပဲခူးမြို့ | ၂၆၁၈၆ | ၀.၅၀' |
| ၁၃။ | ဇလက်ထော်ရေလှောင်တမံ | ပဲခူး- ပဲခူးမြို့ | ၁၈၉၁၂ | ၀.၅၀' |
| ၁၄။ | တောင်နဝင်းရေထိန်းတမံ | ပဲခူး- ပေါက်ခေါင်းမြို့ | ၂၁၁၉၆ | ၁.၁၅' |
| ၁၅။ | ဝဲကြီးရေလှောင်တမံ | ပဲခူး- ပေါင်းတည်မြို့ | ၂၅၂၀၀၀ | ၀.၃၀' |
| ၁၆။ | သဲကောရေလှောင်တမံ | ပဲခူး- လက်ပံတန်းမြို့ | ၅၂၅၀၀ | ၀.၃၀' |
| ၁၇။ | ဆဒ္ဒန်ရေလှောင်တမံ | မကွေး-မြို့သစ်မြို့ | ၂၅၀၀၀ | ၂.၁၀' |
| ၁၈။ | ငမင်ရေလှောင်တမံ | မကွေး-တောင်တွင်းကြီးမြို့ | ၇၇၅၀ | ၀.၆၀' |
| ၁၉။ | စလင်းရေလှောင်တမံ | မကွေး-စလင်းမြို့ | ၁၃၃၀၀၀ | ၀.၉၀' |
| ၂၀။ | မုန်းချောင်းရေလှောင်တမံ | မကွေး- စေတုတ္တရာမြို့ | ၆၇၄၄၀၇ | ၄.၁၀' |
| ၂၁။ | မန်းချောင်းရေလှောင်တမံ | မကွေး- ငဖဲမြို့ | ၁၂၀၀၀၀ | ၀.၆၀' |
| ၂၂။ | ကြီးအုံကြီးဝရေလှောင်တမံ | မကွေး- ပွင့်ဖြူမြို့ | ၃၁၉၇၀၀ | ၄.၇၀' |
| ၂၃။ | မြစ်သာရေလှောင်တမံ | မကွေး- ဂန့်ဂေါမြို့ | ၃၇၇၆၀၀ | ၁.၁၀' |
| ၂၄။ | မာလဲနတ်တောင်ရေလှောင်တမံ | မန္တလေး-စဉ့်ကူးမြို့ | ၅၀၉၇၀ | ၁.၈၀' |
| ၂၅။ | ညောင်ကုန်းရေလှောင်တမံ | မန္တလေး-မိတ္ထီလာမြို့ | ၂၉၂၃ | ၀.၁၀' |
| ၂၆။ | ရှောက်ချောင်းရေလှောင်တမံ | ရခိုင်- ကျောက်တော်မြို့ | ၁၁၄၀ | ၀.၃၀' |
| ၂၇။ | ဘန့်ဘွေးကုန်းရေလှောင်တမံ | ရန်ကုန်-သန်လျင်မြို့ | ၁၇၃၅ | ၀.၃၀' |
| ၂၈။ | ဇာမဏီအင်းရေလှောင်တမံ | ရန်ကုန်-သန်လျင်မြို့ | ၅၃၆၄ | ၀.၁၀' |
| ၂၉။ | မုံးရင်ရေလှောင်တမံ | ရှမ်းမြောက်- နမ္မတူမြို့ | ၂၅၉၀၀ | ၁.၀၀' |

**(သတင်းစဉ်)**

# လွှတ်တော်ကိုယ်စားလှယ်များနှင့်ပြည်သူများကြား ဆက်သွယ်ပေးမည့် Hotline စတင်ပေါ်ပေါက်



**ရန်ကုန် ဩဂုတ် ၂၈**
မြန်မာနိုင်ငံတွင် လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်သူများအကြား ဝေးကွာနေသည့် စိန်ခေါ်မှုပြဿနာကို ဖြေရှင်းပေးမည့် ပထမဆုံးသော Hotline ဖုန်းနံပါတ် ပြည်သူများစတင်အသုံးပြုနိုင်ရန် စတင်လိုက်ပြီဖြစ်ကြောင်း Blue Ocean Contact Center မှ သိရသည်။

"ကျွန်တော်တို့အနေနဲ့ ပြည်သူနဲ့ လွှတ်တော်ကိုယ်စားလှယ်များကြား ဝေးကွာနေတဲ့ စိန်ခေါ်မှုပြဿနာကို အထိရောက်ဆုံးဖြေရှင်းပေးနိုင်ဖို့ ဒီ Hotline ကို ပထမဆုံးအနေနဲ့စတင်ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တွေက အလုပ်များကြတယ်။ ဖုန်းမကိုင်နိုင်ဘူး။ ပြည်သူတွေရဲ့လိုအပ်ချက်တွေကို အချိန်နဲ့တစ်ပြေးညီ လုပ်ဆောင်ပေးဖို့ စိန်ခေါ်မှုတွေရှိလာတယ်။ ဒါကြောင့် ဒီ Hotline ကို ပြည်သူတွေအနေနဲ့ လွှတ်တော်ကိုယ်စားလှယ်တွေကို သိစေချင်၊ ကြားစေချင်၊ တိုင်ကြားစေချင်စတဲ့ဘယ်လို မက်ချ်ဆေ့မျိုးကိုမဆို ပေးချင်တယ်။ ပြောချင်တယ်ဆိုရင် ဒီ Hotline ၀၁-၂၃၉၉၃၀၈ ကနေ ၂၄ နာရီပတ်လုံးပြောဆိုလို့ရအောင် ဝန်ဆောင်မှုပေးသွားမှာ ဖြစ်ပါတယ်။ အကြံပြုတာပဲဖြစ်ဖြစ် လက်ခံပြီးတော့ ဖြေကြားပေးမယ်။ လွှတ်တော်ကိုယ်စားလှယ်တွေ သိကြားစေချင်တဲ့အကြောင်းအရာတွေကို မှတ်သားထားပြီး တိုက်ရိုက်အီးမေးလ်ပို့ပေးတာတို့ ပြန်လည်အကြောင်းကြား ဖြေပေးတာတို့ကို အချိန်နဲ့တစ်ပြေးညီ လုပ်ဆောင်ပေးသွားမှာ ဖြစ်ပါတယ်။ အဲဒီဝန်ဆောင်မှုအတွက် ကျွန်တော်တို့ Blue Ocean က ဝန်ဆောင်စရိတ် လုံးဝယူမှာမဟုတ်ပါဘူး။ CSR အနေနဲ့ လုပ်ဆောင်ပေးတာဖြစ်ပါတယ်" ဟု Blue Ocean မှ Assistant General Manager ဦးအောင်အောင်ဇော်က ပြောသည်။

မြန်မာနိုင်ငံတွင် ပထမဆုံးအနေဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ပေးမည့် Hotline ၀၁-၂၃၉၉၃၀၈ ကို ပြည်သူများအနေဖြင့် သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များကို ပြောကြားစေလိုသည့် အကြောင်းအရာများအား စတင်အသိပေးပြောကြားနိုင်ပြီဖြစ်ပြီး ဩဂုတ် ၂၇ ရက်နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီ အကြားတွင် လွှတ်တော်ကိုယ်စားလှယ် ၁၀ ဦးက ပြည်သူများ မေးမြန်း၊ သိလိုသည့်အချက်များကို ကိုယ်တိုင်ပြန်လည် ဖြေကြားပေးခဲ့သည်။ ယခုကဲ့သို့ နောက်ရက်များတွင်လည်း အကြောင်းအရာကို ဖုန်းဆက်ပြောဆိုတိုင်ကြားနိုင်ပြီး အဆိုပါ ပြောဆိုတိုင်ကြားမှုများကို မှတ်သားထားပြီး အချိန်နှင့်တစ်ပြေးညီ Blue Ocean Contact Center မှ လွှတ်တော်ကိုယ်စားလှယ်များသို့ အကြောင်း ကြားအသိပေးလုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

ယခု စတင်အကောင်အထည်ဖော်သည့် Hotline ကို ပိုင်းလော့ပရောဂျက်အနေဖြင့် ရန်ကုန်တောင် ပိုင်းခရိုင်အတွင်းရှိ ကွမ်းခြံကုန်း၊ ဒလ၊ ဆိပ်ကြီး ခနောင်တို၊ တွံတေး၊ ကော့မှူးနှင့် ကိုကိုးကျွန်းမြို့နယ်များမှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ အား စတင်အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ပြီး မများမကြာမီကာလတွင်လည်း ယခုကဲ့သို့ ဆက်သွယ်သွားလာမှု အဆင်မပြေသည့်မြို့နယ်များကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း Blue Ocean Contact Center မှ သိရသည်။

"ကျွန်တော်တို့အနေနဲ့ ပထမဆုံးပိုင်းလော့ပရောဂျက်ကို ရန်ကုန်တောင်ပိုင်းခရိုင်အတွင်းမှာရှိတဲ့ ဒီမြို့ နယ်ခြောက်ခုက သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်တွေနဲ့ ပြည်သူတွေကြား ပေါင်းကူးအသွင်စတင်ခဲ့တာ ဖြစ်ပါတယ်။ ဒီမြို့နယ်တွေက Downtown မြို့နယ်တွေနဲ့စာရင် လမ်းပန်းဆက်သွယ်ရေးက အခက်အခဲဖြစ်တာမို့ပါ။ နောက်ထပ်မြို့နယ်တွေကိုလည်း ဆက်လက်အကောင်အထည်ဖော် လုပ်ဆောင်သွားဖို့ရှိပါတယ်" ဟု ဦးအောင်အောင်ဇော်က ထပ်မံရှင်းပြသည်။

"ဒီစနစ်က ကျွန်တော်လွှတ်တော်ကိုယ်စားလှယ်တွေ Hotline နဲ့ ပြည်သူလူထုကို ထိတွေ့တဲ့စနစ်သစ်တစ်ရပ်ပါ။ ဒီစနစ်ကလွှတ်တော်ကိုယ်စားလှယ်တွေ ပြည်သူလူထုနဲ့ ဘယ်လို ထိတွေ့ဆက်ဆံရမယ်ဆိုတဲ့အပိုင်းမှာ ခေတ်မီနည်းစနစ်နဲ့ပထမဆုံးမိတ်ဆက်လိုက်တာပါ။ အရင်လုပ်နေကျ အဟောင်းတွေ၊ အားနည်းချက်တွေကို ကျော်လွှားသွားနိုင်မှာဖြစ်ပါတယ်။ အရင်တုန်းကဆို ပြည်သူတွေနဲ့တွေ့ဆုံဖို့ တွေ့ဆုံပွဲတွေ၊ စာပေးစာယူစနစ်တွေ၊ ကိုယ်တိုင်လာရောက်ပြီးပြောကြတဲ့စနစ်တွေနဲ့ ကျွန်တော်တို့ လုပ်ကြရတယ်။ ဒီစနစ်ပေါ်ပေါက်လာပြီဖြစ်တာကြောင့် အခုဆိုရင် ၂၄ နာရီ အွန်လိုင်းကနေ အချိန်နဲ့တစ်ပြေးညီလုပ်ပေးနိုင်တယ်။ ဒီစနစ်ကို ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲနိုင်မယ်ဆိုရင် နှစ်ဖက်ကြားအကျိုးရှိမှာအမှန်ပါ။ ဒါ့အပြင် ပြည်သူတွေအနေနဲ့ လွှတ်တော်ကိုယ်စားလှယ်တွေကို ပြောဆိုဆက်ဆံတဲ့အခါမှာ ကိုယ့်ရဲ့စိတ်ခံစားမှုကိုတော့ ရှေ့တန်းမတင်ဖို့ လိုပါတယ်။ ကျွန်တော်တို့ လွှတ်တော်ကိုယ်စား လှယ်တွေကတော့ ပြည်သူ့ကိုယ်စားလှယ်တွေဖြစ်တာကြောင့် ပြည်သူ့ထံမှ ပြည်သူ့ထံသို့ဆိုတဲ့အတိုင်းပဲ ဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်" ဟု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ စိန်မြအေးက ပြောသည်။

Blue Ocean အနေဖြင့် မြန်မာနိုင်ငံတွင် ပထမဆုံး Contact Center ကို ၂၀၁၁ ခုနှစ်က စတင်ဖွင့်လှစ်ခဲ့ပြီး ယခုအခါတွင် ရန်ကုန်- မန္တလေး အမြန်လမ်းအရေးပေါ် Hotline ၁၈၈၀၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ Hotline ၁၈၈၁၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ Hotline ၁၈၈၂၊ ပြန်ကြားရေးဝန်ကြီးဌာန Hotline ၁၈၈၃နှင့် ယခုလွှတ်တော် ကိုယ်စားလှယ်များ Hotline ၀၁-၂၃၉၉၃၀၈ တို့ကို CSR အနေအဖြင့် ဝန်ဆောင်မှုပေးလျက်ရှိပြီး အခြားစီးပွားရေးလုပ်ငန်းသုံး Hot-line များကိုလည်း ဝန်ဆောင်မှုပေးလျက်ရှိ ကြောင်း သိရသည်။

**သတင်း- မောင်စိန်လွင် (မြန်မာ့အလင်း)၊ဓာတ်ပုံ - မင်းထက်**

## ကျန်းမာရေးအသိပညာပေး တက်ရောက်လေ့လာနိုင်

**ရန်ကုန် ဩဂုတ် ၂၈**
ပြည်ထဲရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ဖွဲ့စည်းထားသော မြန်မာ့ဒေါင်းဆင်ဒရုန်းအသင်း၏ ဒုတိယအကြိမ်မြောက် World Down Syndrome Awareness Month အဖြစ် ဒေါင်းဆင်ဒရုန်းကလေးများ နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့် လည်ပင်းခွဲစိတ် အထူးကုဆေးရုံကြီး(ရန်ကုန်)မှ Meuro-Oto Audiology Special Interest Group နှင့် ပူးပေါင်းကာ အကြားအာရုံစစ်ဆေးခြင်းအကြောင်း သိကောင်းစရာ အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၂၈ ရက် နံနက် ၁၀ နာရီက မသန်စွမ်းသက်ငယ် သင်တန်းကျောင်း အမှတ်(၆၅) ကျိုက်ဝိုင်းဘုရားလမ်း မရမ်းကုန်းမြို့နယ်၌ ကျင်းပမည်ဖြစ်သည်။

စိတ်ပါဝင်စားသော ဒေါင်းဆင်ဒရုန်း မိသားစုဝင်များ တက်ရောက် လေ့လာမေးမြန်းစုံစမ်းနိုင်ပါကြောင်းနှင့် အလှူဒါနပါဝင်လှူဒါန်းလိုသော အလှူရှင် များအနေဖြင့် ဖုန်း-၀၉-၅၀၄၀၀၉၆သို့ တိုက်ရိုက်ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း သိရသည်။

**စန်းမောင်**

## ကျောက်ခွက်-လက်ပံတို-အရာတော် ရေနံပိုက်လိုင်း လေးနေရာ ပိုက်လိုင်းပေါက်မှုဖြစ်ပွား

**ပခုက္ကူ ဩဂုတ် ၂၈**
ကျောက်ခွက်-လက်ပံတို ရေနံမြေမှ အရာတော်သို့ သွယ်တန်းပို့လွှတ်လျက်ရှိသော ရှစ်လက်မ ရေနံပိုက်လိုင်းသည် ဩဂုတ် ၂၈ ရက်နံနက်ခုနာရီခန့်က ပခုက္ကူမြို့နယ်အတွင်း လေးနေရာပိုက်လိုင်းပေါက်မှုဖြစ်ပွားခဲ့သည်။

ပခုက္ကူမြို့နယ် ကမ္မမြို့ အမှတ် (၂) ရပ်ကွက်အတွင်းရှိ ဦးမျိုးဝင်း၏နေအိမ်ဝိုင်းအတွင်းနှင့် ဦးလှချင်း၏နေအိမ်ဝင်းအတွင်းတို့တွင်လည်းကောင်း၊ ကမ္မ-မြစ်ခြေကားလမ်း မိုင်တိုင် ၈ မိုင် ၁ ဖာလုံနှင့် ၈ မိုင် ၂ ဖာလုံကြား တစ်နေရာနှင့် မိုင်တိုင် ၅ မိုင် ၆ ဖာလုံအနီး(ကျတ်ထိုးကျေးရွာအနီး) တို့တွင်လည်းကောင်း ရေနံပိုက်လိုင်း လေးနေရာပေါက်မှုဖြစ်ပွားခြင်းဖြစ်သည်။

အဆိုပါပိုက်လိုင်းပေါက်သည့်နေရာများသို့ ပခုက္ကူခရိုင်ရဲတပ်ဖွဲ့မှူးနှင့်တပ်ဖွဲ့ဝင်များ၊မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ခိုင်၊ကမ္မမြို့အုပ်ချုပ်ရေးမှူး ဦးမင်းသက်ခိုင်၊ မီးသတ်တပ်ဖွဲ့ဝင်များ၊သာကြီးတောင်၊ လက်ပံတိုရေနံမြေများမှ တာဝန်ရှိသူများ အချိန်မီရောက်ရှိလာပြီး အပေါက်ဖာထေးခြင်း၊ ယိုစိမ့်သောရေနံများခပ်ယူခြင်း၊ မီးသတ်ဆေးမှုတ်ဖျန်းခြင်း၊လုံခြုံရေးချထားခြင်းများ ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ အဆိုပါရေနံပိုက်လိုင်းသည် သက်တမ်း ၂၅ နှစ်ခန့်ရှိပြီး ဩဂုတ် ၂၄ ရက်က လှုပ်ခတ်ခဲ့သောငလျင်ဒဏ်ကြောင့် ဆွေးမြည့်နေသည့်နေရာများမှ ယိုစိမ့်ပေါက်ပြဲရခြင်းဖြစ်နိုင်ကြောင်း ဒေသခံများ၏ပြောကြားချက်အရ သိရသည်။ ရေနံပိုက်လိုင်းပေါက်မှုကြောင့် လူနှင့်တိရစ္ဆာန်များ ထိခိုက်ပျက်စီးမှုမရှိသော်လည်း ကမ္မမြို့အတွင်းမှ အမှတ် ၂၊၃၊၅၊၁၂ ရပ်ကွက်အတွင်းဖြတ်သန်းသွားသဖြင့် ပိုက်လိုင်းပေါက်ချိန်မီးသုံးစွဲပါက အန္တရာယ်များကြောင်း သိရသည်။

**ကိုဇော်(ဓာတု)**

## အခြေခံပညာကျောင်းများတွင် သန့်ရှင်းရေးပညာပေးဆောင်ရွက်မည်



**ရန်ကုန် ဩဂုတ် ၂၈**
မြန်မာ-ဂျပန် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအသင်း (Myanmar-Japan SEDA)အနေဖြင့် ရွှေတိဂုံဘုရားနှင့် ဆေးရုံကြီးများတွင် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေသကဲ့သို့ အခြေခံပညာကျောင်းများတွင်လည်း သန့်ရှင်းရေးပညာပေးလုပ်ငန်း အစီအစဉ်များ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အသင်းတာဝန်ရှိသူတစ်ဦးက ပြောသည်။

"ကျွန်တော်တို့ အသင်းကြီးအနေနဲ့ ရည်ရွယ်ချက် သုံးရပ်ရှိပါတယ်။ လူ့အရင်းအမြစ်များ တည်ဆောက်ရေး၊ မြန်မာနဲ့ ဂျပန် စီးပွားရေးဆက်ဆံမှုချိတ်ဆက်ပေးခြင်းနဲ့ လူမှုရေးလုပ်ငန်းတွေ ဆောင်ရွက်ပေးခြင်းတို့ပဲ ဖြစ်ပါတယ်။ လူမှုရေးလုပ်ငန်းတစ်ခုဖြစ်တဲ့ သန့်ရှင်းရေးလုပ်ငန်းကို ဘုရားတွေ၊ ဆေးရုံတွေမှာ လစဉ်ဆောင်ရွက်နေပါတယ်။ ဒါ့အပြင် လာမယ့်လတွေမှာတော့ အခြေခံပညာကျောင်းတွေမှာ သန့်ရှင်းရေးနဲ့ ပတ်သက်တဲ့ ပညာပေးရေးအစီအစဉ်တွေကို ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်"ဟု အသင်း၏ နိုင်ငံတကာဆက်ဆံရေးနှင့် စီးပွားရေးကော်မတီ ဒုတိယဉက္ကဋ္ဌ ဦးအေးမင်းက ပြောသည်။

အဆိုပါ မြန်မာ-ဂျပန်အသင်းမှ အသင်းသား အသင်းသူများသည် ဩဂုတ် ၂၇ ရက်က ခုတင် ၅၀၀ ဆံ့ အင်းစိန်ပြည်သူ့ဆေးရုံကြီး၌ ကမ္ဘာ့ရတနာဘဏ်၏ ပူးပေါင်းကူညီမှုဖြင့် စုပေါင်းသန့်ရှင်းရေး ပြုလုပ်ခြင်း၊ သန့်ရှင်းရေးနှင့် ပတ်သက်သော လက်ကမ်းစာစောင်များကို ဆေးရုံတက်လူနာနှင့် လူနာစောင့်များအား ဖြန့်ဝေပေးခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

ထို့အပြင် အင်းစိန်အထွေထွေရောဂါကုဆေးရုံကြီးသို့ ရေသန့်စက်နှင့် အမှိုက်ပုံးကြီးလေးပုံးကိုလည်း ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

မြန်မာ-ဂျပန် အသင်းအနေဖြင့် လာမည့်လမှစတင်ကာ ကျောင်းသားကျောင်းသူများ ကလေးအရွယ်မှစတင်၍ အမှိုက်ကိုစည်းကမ်းတကျ စွန့်ပစ်သည့် အလေ့အထကောင်းများ တိုးပွားလာစေရေးအတွက် အခြေခံပညာကျောင်းများ၌ စုပေါင်းသန့်ရှင်းရေးကို ဆောင်ရွက်ကြမည့်အပြင် အမှိုက်နှင့်ပတ်သက်သော ပညာပေးအစီအစဉ်များ အလေးထား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-မြင့်မောင်စိုး**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

(၂၁)ရာစု၊ ပင်လုံညီလာခံအား လှိုက်လှဲစွာ ကြိုဆိုပွဲအဖြစ် ဂီတစာဆိုဦးရဲလွင် ဦးဆောင်သော ပန်းရဲ့လမ်းဂီတအဖွဲ့မှ ပညာရှင်များ၊ ဘိုကလေးမြို့နယ် နိုင်ငံရေးအင်အားစုများနှင့် ဒီမိုကရေစီလိုလားသူပြည်သူများ ပူးပေါင်း၍ ဂီတဖျော်ဖြေမှုများကို ဩဂုတ် ၂၅ ရက်နှင့် ၂၆ ရက်တို့တွင် ဘိုကလေးမြို့ပေါ် လူစည်ကားရာ ရပ်ကွက်များ၌ လှည့်လည် သီဆိုဖျော်ဖြေကြစဉ်။
အောင်မင်း (ဘိုကလေး)



# တရားမဝင် နိုင်ငံဖြတ်ကျော်ဝင်ရောက်မှုများ ရပ်တန့်စေရေးအတွက် ခြေရာခံစနစ်ကို ထရန့်အဆင့်မြှင့်တင်မည်

**ဝါရှင်တန် ဩဂုတ် ၂၈**

အမေရိကန်၏ ရီပတ်ဘလစ်ကန် သမ္မတလောင်းအဖြစ် အမည်စာရင်းတင်သွင်းခံထားရသူ ဒေါ်နယ်ထရန့်သည် လူဝင်မှုကြီးကြပ်ရေးကိစ္စရပ်များတွင် ခြေရာခံစစ်ဆေးမှုစနစ်ကို အဆင့်မြှင့်တင် ဆောင်ရွက်ခြင်းဖြင့် အာဏာပိုင်များကို ကူညီမည်ဟု ပြောဆိုခဲ့သည်။

လိုဝါ၌ မဲဆွယ်စည်းရုံးရေးအတွက် ဟောပြောခဲ့ရာတွင် ထရန့်က ဗီဇာသက်တမ်းကို ကျော်လွန်၍ နေထိုင်သူများကို ခြေရာခံသိရှိနိုင်မည့် အဝင်အထွက်လမ်းကြောင်းစနစ် အစီအစဉ်ကို အလေးအနက်ပြောဆိုခဲ့သည်။

ထရန့်သည် မက္ကဆီကိုတောင်ပိုင်း နယ်စပ်တစ်လျှောက် နံရံတစ်ခုတည်ဆောက်ရာတွင် ကူညီထောက်ပံ့မှုလုပ်ဆောင်သွားမည့်အကြောင်းကိုလည်း ထပ်ကာတလဲလဲ ပြောဆိုခဲ့သည်။ ပြည်သူတို့၏ အကျိုးစီးပွားအတွက် တရားမဝင်နိုင်ငံဖြတ်ကျော်ဝင်ရောက်မှုများ ရပ်တန့်စေရေး အစွမ်းကုန်လုပ်ဆောင်မည်ဟု ကတိပေးအပ်ခဲ့သည်။

"ဗီဇာသက်တမ်း ကုန်ဆုံးမှုကို ဥပဒေနဲ့အညီ အတည်ပြုဆောင်ရွက်မှု မရှိဘူးဆိုရင် ကျွန်တော်တို့ရဲ့နယ်စပ်ကို ဖွင့်ပေးလိုက်တာ၊ နယ်စပ်ကျိုးပေါက်တာနဲ့အတူတူပါပဲ" ဟု ၎င်းက ထပ်မံပြောကြားခဲ့သည်။

**(ရိုက်တာ)**



# ယခုနှစ်အတွင်း ဂျာမနီ၌ ရွှေ့ပြောင်းသွားလာသူ သုံးသိန်းကျော် ဝင်ရောက်လာမည်ဟု ခန့်မှန်းထား



**မြူးနစ် ဩဂုတ် ၂၈**

ဂျာမနီနိုင်ငံ၌ ယခုနှစ်အတွင်း ရွှေ့ပြောင်းဒုက္ခသည် သုံးသိန်းမက ရောက်ရှိလာလိမ့်မည်ဟု ခန့်မှန်းထားကြောင်း ရွှေ့ပြောင်းသွားလာမှုနှင့် ဒုက္ခသည်များဆိုင်ရာ ဖက်ဒရယ်ရုံးချုပ်အကြီးအကဲက ပြောကြားခဲ့သည်။

ဖရန့်ဂျူအာဂန်ဝိုက်စီက ယခုထက်ပို၍ ဒုက္ခသည်အရေအတွက် အများအပြားဝင်ရောက်လာပါက ရုံးချုပ်အနေဖြင့် အခက်အခဲများစွာ ရင်ဆိုင်ရတော့မည်ဟု Bild am Sonntag သတင်းစာသို့ ပြောကြားခဲ့သည်။

သို့သော် ခန့်မှန်းထားသည့်အတိုင်း အသစ်ထပ်မံရောက်ရှိလာဦးမည့် ရွှေ့ပြောင်းသူအရေအတွက်ပမာဏကို ရင်ဆိုင်နိုင်မည်ဟု ၎င်းအနေဖြင့်ယုံကြည်မှုရှိကြောင်း ပြောဆိုခဲ့သည်။ ပြီးခဲ့သည့်နှစ်က အရှေ့အလယ်ပိုင်းဒေသ၊ အာဖဂန်နစ္စတန်နှင့်အာဖရိကနိုင်ငံများမှ ရွှေ့ပြောင်းဒုက္ခသည် တစ်သန်းကျော် ဂျာမနီနိုင်ငံသို့ ရောက်ရှိလာခဲ့သည်။

ဂျာမနီပြည်ထဲရေးဝန်ကြီးဌာနက ယခုနှစ် ပထမခြောက်လပတ်အတွင်း ဂျာမနီတွင် လာရောက်ခိုလှုံသူ ၃၉၀၀၀၀ ကျော်ရှိကြောင်း၊ သို့သော် ၎င်းတို့ထဲတွင် ၂၀၁၅ ခုနှစ်ကတည်းက ရောက်ရှိနေခဲ့ကြသူအရေအတွက် မည်မျှရှိသည်ကို အတိအကျ မသိရသေးကြောင်း ပြောကြားခဲ့သည်။ ဂျာမနီဝန်ကြီးချုပ်၏ ရွှေ့ပြောင်းသွားလာမှုဆိုင်ရာ မူဝါဒမှာ အကြီးအကျယ် ဝေဖန်ခံနေရသည်။

**(ဘီဘီစီ)**

# နယ်စပ်ကျော်ဖြတ်သည့် စစ်ဆင်ရေးတွင် ကာ့ဒ်တိုက်ခိုက်ရေးသမားများ၏ ပစ်ခတ်မှုကြောင့် တူရကီတပ်ဖွဲ့ဝင်တစ်ဦးကျဆုံး

**အန်ကာရာ ဩဂုတ် ၂၈**

ဆီးရီးယားမြောက်ပိုင်း၌ တူရကီတို့ အပြင်းအထန် ထိုးစစ်ဆင်နွှဲခဲ့ရာတွင် တူရကီဘက်မှ ပထမဆုံးအကြိမ် ထိခိုက်ကျဆုံးမှုရှိခဲ့ကြောင်း သိရသည်။



ကာ့ဒ်တိုက်ခိုက်ရေးသမားများက တူရကီဘက်မှ တင့်ကားများကို ပစ်ခတ်မှုပြုလုပ်ခဲ့ရာ တူရကီ တပ်ဖွဲ့ဝင်တစ်ဦး ကျဆုံးသွားခဲ့ပြီး တင့်ကားသုံးစီးပျက်စီးသွားခဲ့ကြောင်း စစ်ဘက်ဆိုင်ရာ သတင်းရင်းမြစ်များမှ သိရသည်။

တူရကီသံချပ်ကာ တင့်ကားများသည် ယခုရက် အစောပိုင်းကာလအတွင်း အိုင်အက်စ် စစ်သွေးကြွအဖွဲ့များနှင့် ကာ့ဒ်တိုက်ခိုက်ရေး အင်အားစုများကို ထိုးစစ်ဆင် ချေမှုန်းတိုက်ခိုက်ရန် ဆီးရီးယားမြောက်ပိုင်းသို့ နယ်စပ်ဖြတ်ကျော်လာခဲ့သည်။

အလက်ပို၌ ဖြစ်ပွားခဲ့သည့် ဗုံးခွဲတိုက်ခိုက်မှုများစွာအတွင်း ပြည်သူ ၁၅ ဦး ထက်မနည်းသေဆုံးခဲ့ရကြောင်း နိုင်ငံရေးတက်ကြွ လှုပ်ရှားသူများက ပြောကြားခဲ့သည်။

ဂျရာဘလပ်စ်နယ်စပ်မြို့အနီးတွင် စနေနေ့က ဖြစ်ပွားခဲ့သည့်တူရကီတင့်ကားများနှင့် ကာ့ဒ်တိုက်ခိုက်ရေးအဖွဲ့တို့၏ တိုက်ပွဲများအတွင်း တူရကီတပ်ဖွဲ့ဝင်သုံးဦး ထိခိုက်ဒဏ်ရာရရှိကြောင်း သိရသည်။

တူရကီ အရှေ့တောင်ပိုင်း ဒီရာဘာကာမြို့ လေဆိပ်အနီး စစ်ဆေးရေးဂိတ်တွင်လည်း စနေနေ့ ညနေပိုင်းက ဒုံးကျည်ပစ်ခတ်မှုများဖြစ်ပွားခဲ့သည်။

**(ရိုက်တာ)**

# ဆီးရီးယားမြောက်ပိုင်းနယ်စပ်မြို့ရှိ လက်နက်သိုလှောင်ရုံကို တူရကီစစ်လေယာဉ်များ တိုက်ခိုက်ဖျက်ဆီး

**အန်ကာရာ ဩဂုတ် ၂၈**

တူရကီစစ်လေယာဉ်များသည် စနေနေ့က ဆီးရီးယားမြောက်ပိုင်းမြို့တော် ဂျရာဘလပ်စ်ရှိ စစ်လက်နက်သိုလှောင်ရုံကို ဖျက်ဆီးခဲ့ကြောင်း စစ်ဘက်ဆိုင်ရာ သတင်းအရင်းအမြစ်များက စီအန်အန်တာ့ခ် သတင်းဌာနသို့ ပြောကြားခဲ့သည်။

ဂျရာဘလပ်စ်တောင်ဘက် ရှစ်ကီလိုမီတာအကွာ၌ ဒေသစံတော်ချိန် နံနက် ၁၀ နာရီခန့်က ပြည်သူ့ကာကွယ်ရေးယူနစ် စစ်သွေးကြွအဖွဲ့များကို လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းပေးပို့မှုများအရ သိရသည်။

လေကြောင်းတိုက်ခိုက်မှုများအပြင် တူရကီတင့်ကားခြောက်စီးသည် စနေနေ့ အစောပိုင်းက တူရကီအရှေ့တောင်ပိုင်း ဂါဇီယန်တက်ပြည်နယ်မှ ဆီးရီးယားသို့ ဝင်ရောက်လာခဲ့ကြောင်း သိရသည်။

ပြည်သူ့ကာကွယ်ရေးယူနစ် (YPG)သည် ဆီးရီးယားဒီမိုကရက်တစ် အင်အားစု (SDF)မဟာမိတ်ညွန့်ပေါင်းအဖွဲ့၏ အစိတ်အပိုင်းဖြစ်ပြီး ဆီးရီးယားရှိ အိုင်အက်စ်အဖွဲ့ကို နှိမ်နင်းသည့် အမေရိကန်ဦးဆောင်သော စစ်ဆင်ရေးတွင် ပါဝင်လျက်ရှိသည်။

တူရကီသည် ၎င်း၏နယ်စပ်တစ်လျှောက်တွင် (YPG) အဖွဲ့၏ဆူပူအုံကြွနေမှုများကို စိုးရိမ်ပူပန်နေကြောင်း မကြာခဏပြောဆိုခဲ့သည်။ ထို့ပြင် ဆီးရီးယားမြောက်ပိုင်း၌ တိုက်ခိုက်ရေးအဖွဲ့၏ နယ်မြေထူထောင်ရန် ကြိုးစားမှုကို လက်မခံသည့် ၎င်း၏သဘောထားမှာလည်း ပြောင်းလဲမှုမရှိခဲ့ပေ။

**(ဆင်ဟွာ)**

# အာဖဂန်မြောက်ပိုင်း စစ်ဆေးရေးဂိတ်များကို ဝင်ရောက်တိုက်ခိုက်သည့် တာလီဘန်စစ်သွေးကြွများသေဆုံး

**ရှီဘာဂန် ဩဂုတ် ၂၈**

အာဖဂန်မြောက်ပိုင်းတွင် အစိုးရ အင်အားစုများနှင့် တာလီဘန်စစ်သွေးကြွများအကြား စနေနေ့က ဖြစ်ပွားခဲ့သောတိုက်ပွဲများကြောင့် စစ်သွေးကြွ ငါးဦးသေဆုံးခဲ့ပြီး ၁၀ ဦးဒဏ်ရာရရှိသွားကြောင်း ပြည်နယ်ရဲအရာရှိချုပ် ရာမာတူလာတာကစ်စတန်နီက ပြောကြားခဲ့သည်။

အာဏာပိုင်များ၏ ပြောပြချက်အရ စနေနေ့ အစောပိုင်းက မာဒီယန် ဒေသရှိ လုံခြုံရေးစစ်ဆေးရေးဂိတ်များကိုတာလီဘန်စစ်သွေးကြွတစ်စုက ဝင်ရောက်တိုက်ခိုက်ခဲ့ကြသည်ဟု ဆိုသည်။ ထိုသို့ဝင်ရောက်တိုက်ခိုက်မှုမှာ မအောင်မမြင်ဖြစ်ခဲ့ပြီး စစ်သွေးကြွများသေဆုံးကာ အဖွဲ့ဝင်နှစ်ဦးကိုထားခဲ့၍ ဆုတ်ခွာထွက်ပြေးသွားခဲ့ကြကြောင်း သိရသည်။

အဆိုပါနေ့တစ်ရက်တည်းတွင်ပင် ကတ်ရှတီပါဒေသ၌ အစိုးရအဖွဲ့၏တိုက်ခိုက်မှုကြောင့် တာလီဘန်စစ်သွေးကြွနောက်ထပ်သုံးဦး ထပ်မံကျဆုံးသွားကြောင်း အာဏာပိုင်များက ပြောကြားခဲ့သည်။

**(ဆင်ဟွာ)**

# ပြင်သစ်သမ္မတရွေးကောက်ပွဲမှာ သမ္မတဟောင်း နီကိုးလပ်စ်ဆာကိုဇီ တစ်ကျော့ပြန်အောင်ပွဲဆင်နိုင်မှာလား



ပြင်သစ်သမ္မတဟောင်း နီကိုးလပ်စ်ဆာကိုဇီ

**ချိုးစန္ဒီနွေး**

လာမယ့်နှစ်ကျင်းပမယ့် ပြင်သစ်သမ္မတရွေးကောက်ပွဲမှာ သမ္မတဟောင်း နီကိုးလပ်စ်ဆာကိုဇီဟာ သမ္မတအဖြစ်ပြန်ပြီး ဝင်ရောက်အရွေးခံမယ်လို့ ကြေညာခဲ့ပါတယ်။ နီကိုးလပ်စ်ဆာကိုဇီဟာ ၂၀၀၇ ခုနှစ်ကနေ ၂၀၁၂ ခုနှစ်အထိ ပြင်သစ်နိုင်ငံရဲ့သမ္မတအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ သူဟာ ပြီးခဲ့တဲ့သမ္မတရွေးကောက်ပွဲမှာ ဆိုရှယ်လစ်တစ်ဦးဖြစ်တဲ့ ဖရန်ဆွာဟော်လန်းကိုရှုံးနိမ့်ခဲ့ပါတယ်။ သူဟာ သမ္မတရွေးကောက်ပွဲကို နောက်တစ်ကြိမ်ဝင်ပြိုင်ဖို့ဆိုရင် အရင်ဦးဆုံး သူ့ရဲ့ပါတီဖြစ်တဲ့ လက်ယာယိမ်းရီပက်ဘလစ်ကန်ပါတီမှာ အနိုင်ရဖို့ကြိုးစားရဦးမှာပါ။ သူ့ရဲ့ပါတီဟာ နိုဝင်ဘာလထဲမှာ ယှဉ်ပြိုင်ရွေးချယ်မှုတွေ လုပ်သွားမှာပဲဖြစ်ပါတယ်။ မစ္စတာဆာကိုဇီကတော့ ပြင်သစ်နိုင်ငံအတွင်းမှာ ဖြစ်ပွားခဲ့တဲ့ ဆိုးရွားခဲ့တဲ့ဖြစ်ရပ်တွေကို သူကပြန်ပြီးတည့်မတ်သွားအောင်လုပ်ဖို့ ယုံကြည်ချက်ရှိတယ်လို့ ပြောခဲ့ပါတယ်။ သူရဲ့စိတ်အားထက်သန်မှုနဲ့ အစွမ်းအစတွေဟာ သံသယဖြစ်ဖွယ်မရှိပေမယ့် နောက်တစ်ကြိမ်သမ္မတအဖြစ် ပြန်ပြီးရွေးချယ်ခံရဖို့ ဆိုရင်တော့ သူဖြတ်ကျော်ရမယ့်အခက်အခဲအတားအဆီးတွေကတော့ အများကြီးပါပဲ။ နီကိုးလပ်စ်ဆာကိုဇီသမ္မတအဖြစ် တာဝန်ယူခဲ့တဲ့ ၂၀၀၇ ခုနှစ်ကနေ ၂၀၁၂ ခုနှစ်အထိကာလမှာ သူဟာအောင်မြင်မှုတွေသိပ်ပြီးတော့ မရခဲ့ပါဘူး။




၂၀၀၈ ခုနှစ် စီးပွားရေးအကျပ်အတည်းကြုံတွေ့စဉ်ကာလက ပြည်သူများ။

သူမဲဆွယ်စည်းရုံးစဉ်ကာလက ကတိပေးခဲ့တဲ့ အလုပ်ပိုလုပ်ရင် ဝင်ငွေပိုရရမယ် ဆိုတဲ့ကတိကိုလည်း ဖြည့်စွမ်းမပေးနိုင်ခဲ့ပါဘူး။ စီးပွားရေးတိုးတက်မှုနှုန်းနှေးကွေးတာကို လည်းမဖြေရှင်းနိုင်ခဲ့ပါဘူး။ ပြင်သစ်မှာ အလုပ်လက်မဲ့ပမာဏတွေ ပိုပြီးမြင့်တက် လာခဲ့ပါတယ်။ ဒါပေမယ့်လည်း မစ္စတာဆာကိုဇီကတော့ သူသမ္မတအဖြစ် တာဝန်ယူစဉ်ကာလတုန်းက စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် အကောင်းဆုံးဆောင်ရွက်ပေးခဲ့ပေမယ့် ၂၀၀၈ ခုနှစ် ကမ္ဘာ့စီးပွားရေးအကျပ်အတည်းနဲ့ ရင်ဆိုင်ခဲ့ရတာကြောင့် ရလဒ်ကောင်းတွေမရခဲ့တာပါလို့ တုံ့ပြန်ဖြေရှင်းခဲ့ပါတယ်။

မစ္စတာဆာကိုဇီဟာ မီဒီယာတွေရဲ့ ခေါင်းကြီးသတင်းတွေမှာ နေရာယူနိုင်လာဖို့အားထုတ်လာခဲ့ပါတယ်။ နိုင်ငံတော်ရဲ့ရပ်တည်ချက်နဲ့ ပြင်သစ်နိုင်ငံအတွင်းမှာ ဒုက္ခသည်တွေနေရာချထားမှုနဲ့ပတ်သက်ပြီး ပြောဆိုခဲ့ပါတယ်။ ဒါ့အပြင် လူမှုမီဒီယာတွေကတစ်ဆင့် မဲဆွယ်စည်းရုံးမှုတွေပြုလုပ်ခဲ့ပါတယ်။ "နောက်ငါးနှစ်အတွင်းမှာ ပြင်သစ်နိုင်ငံဟာ အန္တရာယ်တွေနဲ့ရင်ဆိုင်ရဖွယ်ရှိပါတယ်။ ဒါပေမယ့် အားလုံးကို ကျော်ဖြတ်နိုင်ဖို့ မျှော်လင့်ချက်တွေအပြည့်ရှိပါတယ်"လို့လည်း သူကပြောပါတယ်။ သူဟာပြင်သစ်နိုင်ငံ အဓိကရင်ဆိုင်နေရတဲ့ စိန်ခေါ်မှုကြီးငါးချက်ကို စာရင်းပြုစုပြခဲ့ပါတယ်။ အဲဒီအချက်တွေထဲမှာ ပြင်သစ်နိုင်ငံရဲ့ အခြေအနေကို ကာကွယ်ဖို့ရယ်၊ ယှဉ်ပြိုင်မှုတွေပျောက်ဆုံးနေတာကို ပြန်လည်ဖော်ထုတ်ဖို့နဲ့ တိုင်းပြည်ရဲ့အာဏာတည်မြဲဖို့၊ ဥပဒေအတိုင်းဖြစ်ဖို့ဆိုတဲ့ အချက်တွေပါဝင်ပါတယ်။ ဆာကိုဇီဟာ ပါတီအတွင်းမှာ အမည်စာရင်းတင်သွင်းခံရဖို့ယှဉ်ပြိုင်တဲ့အခါ ၂၀၁၂ ခုနှစ်တုန်းကနဲ့မတူတဲ့ မူဝါဒတွေကို ချပြရမှာပဲဖြစ်ပါတယ်။ သူဟာ ပုဂ္ဂလိကကုမ္ပဏီတွေနဲ့ တက္ကသိုလ်တွေမှာ မွတ်ဆလင်တွေ မျက်နှာဖုံးအုပ်ထားတာကို တားမြစ်ချင်တယ်။ နိုင်ငံခြားသားမိဘတွေက မွေးဖွားတဲ့ကလေးငယ်ကို ပြင်သစ်နိုင်ငံသားအဖြစ် အခွင့်အရေးပေးဖို့ကို ကန့်သတ်လိုတယ်။

ပထမဦးဆုံးအကြိမ်အနေနဲ့ ပြင်သစ်နိုင်ငံရဲ့ပါတီကြီးဟာ သမ္မတလောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်မယ့်ပုဂ္ဂိုလ်ကို ပွင့်ပွင့်လင်းလင်းနဲ့ရွေးချယ်နိုင်ဖို့ ကျင်းပပေးလိုက်တာပဲ ဖြစ်ပါတယ်။ ရွေးကောက်ပွဲ မှတ်ပုံတင်စာရင်းမှာ ပေးသွင်းထားတဲ့ လူတွေဟာ ယူရို ၁ ဒသမ ၇၂ ပေါင်ပေးပြီး မဲပေးနိုင်မှာပဲ ဖြစ်ပါတယ်။ နိုဝင်ဘာ ၂၀ ရက်နဲ့ ၂၇ ရက်တို့မှာ ကျင်းပမယ့် မဲပေးပွဲမှာ လူပေါင်း ၃ သန်း သို့မဟုတ် ၄ သန်းလောက် မဲပေးနိုင်ကြမယ်လို့ ယူဆရတယ်။ ဆာကိုဇီဟာ သူ့ပါတီအတွင်းမှာ အဓိကလူကြိုက်များတဲ့ လူလို့လည်း ပြောလို့မရသေးပါဘူး။ လတ်တလော ပြင်သစ်တွေသဘောကျနှစ်ခြိုက်နေတဲ့ နိုင်ငံရေးသမားကတော့ ဝန်ကြီးချုပ်ဟောင်းလည်း ဖြစ်ခဲ့ဖူးပြီး ဘော်ဒိုး မြို့တော်ဝန်လည်းဖြစ်တဲ့ အလန်ဂျူပီပဲ ဖြစ်ပါတယ်။ သူဟာ မစ္စတာဆာကိုဇီသမ္မတအဖြစ် တာဝန်ထမ်းဆောင်စဉ်အခါက နိုင်ငံခြားရေး ဝန်ကြီးအဖြစ် တာဝန်ယူခဲ့သူလည်းဖြစ်ပါတယ်။

အသက် ၇၁ နှစ် အရွယ်ရှိလာပြီဖြစ်တဲ့ အလန်ဂျူပီဟာ ပြုပြင်ပြောင်းလဲရေးကာလတုန်းကဖြစ်ရပ်တွေကို ရင်ဆိုင်ကြုံတွေ့ခဲ့ဖူးသူတစ်ယောက်ပါ။ လွန်ခဲ့တဲ့နှစ် ၂၀ တုန်းက သူ့ရဲ့ပင်စင် ဥပဒေကြောင့် လူသန်း ၂၀ ကျော် လမ်းမပေါ်ထွက်ပြီး ကန့်ကွက်ဆန္ဒပြခဲ့ကြဖူးပါတယ်။ အခုအချိန်မှာတော့ သူ့ကိုတည်ငြိမ်ပြီး ပြုပြင်ပြောင်းလဲလိုစိတ်ရှိတဲ့လူ၊ ဝါရင့်နိုင်ငံရေးသမားကြီးလို့ မြင်လာကြပါတယ်။

မစ္စတာဆာကိုဇီဟာ သမ္မတလောင်းအဖြစ် အမည်စာရင်းတင်သွင်းခံရဖို့ ခဲခဲယဉ်းယဉ်းယှဉ်ပြိုင်ရမှာပါ။ သူ့ရဲ့နောက်ထပ် အဓိကပြိုင်ဘက်တစ်ဦးကတော့ ဝန်ကြီးချုပ်ဟောင်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးတဲ့ ဖရန်ဆွာဖီယွန်ပဲ ဖြစ်ပါတယ်။ သူဟာလည်း မစ္စတာဆာကိုဇီရဲ့လက်အောက်မှာ တာဝန်ထမ်းဆောင်ခဲ့ဖူးတဲ့လူပဲဖြစ်လို့ မစ္စတာဆာကိုဇီရဲ့အကြောင်းကို ကောင်းကောင်းသိပါတယ်။ မစ္စတာဆာကိုဇီပြုလုပ်ခဲ့ဖူးတဲ့ အမှားတွေနဲ့ အခက်အခဲတွေကို ဘယ်လိုရင်ဆိုင်ရမယ်ဆိုတာကို သူနားလည်ပါတယ်။ မစ္စတာဆာကိုဇီမှာလည်း ဖြေရှင်းရမယ့် ပြဿနာတွေ၊ ပဋိပက္ခတွေအများကြီး ရှိနေပါသေးတယ်။ ပထမဦးဆုံးအချက်ကတော့ သူဟာ ၂၀၁၂ ခုနှစ် ရွေးကောက် ပွဲကာလမှာတုန်းက မဲဆွယ်စည်းရုံးမှုတွေ ပြုလုပ်တဲ့အခါမှာ ရန်ပုံငွေကို သတ်မှတ်ထားတဲ့ ပမာဏထက်ကျော်ပြီး သုံးထားခဲ့တယ်ဆိုတဲ့ စွပ်စွဲမှုတွေလည်း ရှိပါတယ်။ ဒုတိယအချက်ကတော့ သူဟာ တရားသူကြီးကို ဖိအားပေးခဲ့ဖူးတယ်ဆိုတဲ့ စွပ်စွဲချက်ပဲဖြစ်ပါတယ်။

ဒီကိစ္စတွေအားလုံးအတွက် သူဟာ ဂျူရီအဖွဲ့ရဲ့ စုံစမ်းစစ်ဆေးမှုတွေခံယူပြီး တရားခွင်မှာပဲ အဆုံးသတ်ကောင်းသတ်နိုင်ပါတယ်။ ဒါ့အပြင် ဆာကိုဇီဟာ ပြင်သစ်နိုင်ငံအတွင်း အကြမ်းဖက်သမားတွေရဲ့ လက်ချက်ကြောင့် လူပေါင်း ၂၃၀ ကျော် အသက်ဆုံးရှုံးစေခဲ့ပြီးတဲ့နောက်မှာတော့ သူ့လိုပဲ ကောင်းကောင်းထိန်းသိမ်းနိုင်တဲ့ အုပ်ချုပ်သူတစ်ယောက်လိုလာပြီလို့ ယူဆခဲ့ပါတယ်။

ဖရန်ဆွာဟော်လန်းကတော့ ပြင်သစ်နိုင်ငံရဲ့ စီးပွားရေးအခြေအနေပေါ်ကြည့်ပြီး သုံးသပ်ပြီးမှသာ ရွေးကောက်ပွဲဝင်သင့် မဝင်သင့် ဆုံးဖြတ်မယ်လို့ကြေညာခဲ့ပါတယ်။

တကယ်လို့များ နီကိုးလပ်စ်ဆာကိုဇီဟာ ၂၀၁၇ ခုနှစ် သမ္မတရွေးကောက်ပွဲမှာ လက်ရှိသမ္မတ ဖရန်ဆွာဟော်လန်းကို အနိုင်ယူနိုင်မယ်ဆိုရင် ၂၀၁၂ ခုနှစ်က တင်နေတဲ့အကြွေးကို ပြန်ဆပ်လိုက်နိုင်တယ်လို့ပဲ ပြောရမှာပါ။

**ကိုးကား-ဘီဘီစီ**

**-သည်ဂါဒီယန်**

(၂၃-၈-၂၀၁၆)

**စီးပွားရေးတိုးတက်မှုနှုန်း နှေးကွေးတာကိုလည်း မဖြေရှင်းနိုင်ခဲ့ပါဘူး။ ပြင်သစ်မှာ အလုပ်လက်မဲ့ ပမာဏတွေ ပိုပြီးမြင့်တက်လာခဲ့ပါတယ်။ ဒါပေမယ့်လည်း မစ္စတာဆာကိုဇီကတော့ သူသမ္မတအဖြစ် တာဝန်ယူစဉ်ကာလတုန်းက စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် အကောင်းဆုံး ဆောင်ရွက်ပေးခဲ့ပေမယ့် ၂၀၀၈ ခုနှစ် ကမ္ဘာ့စီးပွားရေးအကျပ်အတည်းနဲ့ ရင်ဆိုင်ခဲ့ရတာကြောင့် ရလဒ်ကောင်းတွေမရခဲ့တာပါလို့ တုံ့ပြန်ဖြေရှင်းခဲ့**

## ကမ္ဘာ့အကြီးမားဆုံးပင်လယ်ဆိုင်ရာ ကာကွယ်ရေးနယ်မြေတည်ဆောက်ရန် အမေရိကန်ပြင်ဆင်

**ဂျေတီ**

**ဝါရှင်တန် ဩဂုတ် ၂၈**

ဟာဝိုင်ရီကမ်းလွန်ရှိ အမျိုးသားအထိမ်းအမှတ်နယ်မြေတစ်ခုကို ချဲ့ထွင်ပြီး ကမ္ဘာ့အကြီးမားဆုံးပင်လယ်ဆိုင်ရာ ကာကွယ်ရေးနယ်မြေတစ်ခု ဖန်တီးရန် အမေရိကန်သမ္မတဘားရက်အိုဘားမားက ဆုံးဖြတ်လိုက်ကြောင်း အိမ်ဖြူတော်က ဩဂုတ် ၂၆ ရက်တွင် ကြေညာသည်။

ဟာဝိုင်ရီကျွန်းစုများ၏ အနောက်မြောက်ဘက်ရှိ ပင်လယ်ပြင်ဧရိယာကို ထိန်းသိမ်းစောင့်ရှောက်ရန် ရည်ရွယ်ချက်ဖြင့် အမေရိကန်သမ္မတဟောင်း ဂျော့ရှ်ဒဗလျူဘုရှ်က ၂၀၀၆ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သည့် ပင်လယ်ဆိုင်ရာ အမျိုးသားအထိမ်းအမှတ်ဖြစ်သော ပါပါဟာနော်မိုကွာကီယာနယ်မြေသည် ချဲ့ထွင်မှုအပြီးသတ်ခဲ့ပါက စုစုပေါင်းဧရိယာ ၅၈၂, ၅၇၈ စတုရန်းမိုင်ခန့် ရှိလာမည်ဖြစ်ပြီး ကမ္ဘာ့အကြီးမားဆုံးပင်လယ်ပြင်ဆိုင်ရာ ကာကွယ်ရေးနယ်မြေတစ်ခု ဖြစ်လာမည်ဖြစ်ကြောင်း သိရသည်။

သမ္မတအိုဘားမားသည် နေရာရွေးချယ်သတ်မှတ်မှုပြုလုပ်ရန် လာမည့်သီတင်းပတ်အတွင်း အဆိုပါအထိမ်းအမှတ်နေရာသို့ သွားရောက်မည်ဖြစ်သည်ဟု အိမ်ဖြူတော်က ကြေညာသည်။

နယ်မြေချဲ့ထွင်မှုလုပ်ငန်းများ လုပ်ဆောင်နေစဉ်အတွင်း မည်သည့်စွမ်းအင်ဖွံ့ဖြိုးမှုအသစ်နှင့် စီးပွားဖြစ်ငါးဖမ်းမှုမျိုးကိုမဆို ပိတ်ပင်ထားမည်ဖြစ်ကြောင်း၊ သို့သော် ဟာဝိုင်ယီယဉ်ကျေးမှုဆိုင်ရာ အလေ့အထများနှင့် သုတေသနနှင့် သိပ္ပံပညာရပ်ဆိုင်ရာ စူးစမ်းရှာဖွေခြင်းများကိုမူ တရားဝင်ခွင့်ပြုချက်ဖြင့် လုပ်ဆောင်ရမည်ဖြစ်ကြောင်း အိမ်ဖြူတော်ကထုတ်ပြန်သည့် မှတ်တမ်းမှတ်ရာများတွင် ရေးသားဖော်ပြထားသည်။

စီးပွားဖြစ်မဟုတ်ဘဲ အပျော်သဘောငါးဖမ်းခြင်းများကိုလည်း တရားဝင်ခွင့်ပြုချက်ရရှိမှသာ လုပ်ဆောင်ခွင့်ပြုမည်ဖြစ်သည်။

ယခုကဲ့သို့ အထိမ်းအမှတ်နယ်မြေချဲ့ထွင်မှုသည် သမ္မတအိုဘားမား၏ သမ္မတသက်တမ်းကာလအတွင်း ၂၆ ခု မြောက် နယ်မြေချဲ့ထွင်မှုဖြစ်ကြောင်း သိရသည်။

**(ဆင်ဟွာ)**



# ပုဂံရှေးဟောင်းစေတီ ပုထိုးဘုရားများသို့ သွားရာလမ်း လပွတ္တာမြို့ လူမှုကူညီရေးအသင်းအဖွဲ့ မြေနီလမ်းခင်း

**ညောင်ဦး ဩဂုတ် ၂၈**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင်အတွင်းရှိ ပုဂံရှေးဟောင်း စေတီပုထိုးဘုရားများသို့ သွားရာလမ်းများကို လပွတ္တာမြို့ အဖြူရောင် ရောဝတီလူမှုကူညီရေးအသင်းနှင့် လပွတ္တာမြို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပူးပေါင်းသောအဖွဲ့တို့သည် ဓမ္မရံကြီးဘုရား၊ စူဠာမဏိဘုရား၊ ပြသာဒ်ကြီးဘုရားနှင့် အခြားဘုရားစေတီပုထိုး သွားရာလမ်းများကို မြေနီလမ်းခင်းခြင်းနှင့် ချိုင့်ခွက်များ မြေဖို့ခြင်းလုပ်ငန်းကို ဩဂုတ် ၂၇ ရက်တွင် ပြုပြင်လုပ်အားပေးနေကြောင်း တွေ့ရသည်။

"ကျွန်တော်တို့ ဒီမြို့ကို ရောက်တာ နှစ်ရက်ရှိပါပြီ။ လွန်ခဲ့တဲ့ ၂၄ ရက် ညနေပိုင်းမှာ လျှောက်လှုပ်တယ်။ လျှောက်လှုပ်ပြီးတော့ ပုဂံဘုရားတွေ ပျက်စီးတဲ့ သတင်းရတယ်။ သတင်းရတော့ ဘုရားတွေကို သန့်ရှင်းရေးလုပ်ဖို့ အုတ်တွေဖယ်ရှားပြီး ဘုရားစေတီတော်တွေ ပြုပြင်ပေးဖို့ လာခဲ့ကြတာပါ။ ဒီရောက်တော့ သန့်ရှင်းရေးလုပ်ခွင့်မရသေးတဲ့ အတွက် လောလောဆယ်လမ်းမကောင်းတာတွေ့နေတာနဲ့ မြေနီလမ်းခင်းပြီး လမ်းပြင်နေပါတယ်"ဟု လမ်းပြင်နေသူ လပွတ္တာမြို့သား ကိုမျိုးအောင်က ပြောသည်။

"ကျွန်တော်တို့အဖွဲ့မှာ ရောဝတီ အဖြူရောင်တိုးကုမ္ပဏီနှင့် ကားသမားအဖွဲ့က ကိုယ့်စရိတ်ကိုယ်စားပြီး လောလောဆယ် ဘုရားတွေသွားတဲ့ လမ်းမကောင်းဖြစ်တဲ့နေရာတွေကို ကျွန်တော်တို့ တစ်ဖွဲ့လုံးက ပြင်နေတာ ဖြစ်ပါတယ်။ မြေနီကတော့ ပုဂံအဖွဲ့က လှူဒါန်းပါတယ်။ လာတုန်းကတော့ လှုပ်လှုပ်လို့ပြိုတဲ့ဘုရားတွေကို သန့်ရှင်းရေးလုပ်ရအောင်လာခဲ့ကြတာပါ။ အခုသန့်ရှင်းရေးလုပ်ရမယ့် အမိန့်မရခင် လောလောဆယ် ဘုရားသွားတဲ့လမ်းတွေကို ပြင်နေပါတယ်"ဟု လပွတ္တာဖြူစင်မေတ္တာအဖွဲ့ဝင်ဖြစ်သူ ကိုအောင်အောင်က ပြောပြသည်။

**ကျော်ဌေး(ညောင်ဦး)**

# ကွမ်း၊ ဆေးလိပ်စားသုံးမှုအန္တရာယ် ပညာပေးဟောပြော

**ရန်ကုန် ဩဂုတ် ၂၈**

ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း အမှတ်(၄) ပညာရတနာခန်းမ၌ ဩဂုတ် ၁၂ ရက်က ပြုလုပ်သော ကွမ်း၊ ဆေးလိပ်စားသုံးမှုကျဆင်းရေး အသိပညာပေး ဟောပြောဆွေးနွေးပွဲတွင် "ကွမ်း၊ ဆေးလိပ်သုံးစွဲခြင်းကြောင့် ရုပ်ပိုင်းနဲ့စိတ်ပိုင်းဆိုင်ရာ လျော့နည်းကျဆင်းမှုတွေရှိကြောင်း၊ ဒါတွေကို ကျောင်းသား ကျောင်းသူတွေ သိရှိနားလည်ရှောင်ကြဉ်စေဖို့အတွက် ယခုလိုပညာပေးဟောပြောပွဲတွေ ပြုလုပ်ရခြင်းဖြစ်ကြောင်း" ဟု မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးသိန်းထွန်းက အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

အစီအစဉ်အရ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ဒေါ်သင်းသင်းနိုင်နှင့် ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်းမှ Project Assistant ဦးမြင့်သိန်းတို့က ကွမ်းနှင့်ဆေးလိပ်သုံးစွဲမှု၏ အန္တရာယ်များကို ဆွေးနွေးဟောပြောခဲ့ကြောင်း သိရသည်။ (၃၄၉)



**မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့တွင် ဩဂုတ် ၂၈ ရက်က မြေထိန်းနံရံပြိုကျမှုကြောင့် နေအိမ်တစ်လုံးပျက်စီးခဲ့သည်ကို တွေ့ရစဉ်။** (ရေနံချောင်းမြို့ မြို့မတောင်ရပ်ကွက် တွင်းကြီးမင်းစုရပ်၊ စနေနံဘုရားကြီး အနောက်ဘက်ရှိ မြေထိန်းနံရံအမြင့် ၂၅ ပေ၊ အကျယ် ၂၅ ပေခန့် ပြိုကျသဖြင့် ရပ်ကွက်အတွင်းရှိ ဒေါ်ခင်သန်းထွေး၏ သက်ငယ်မိုးသုံးပင် အိမ်တစ်လုံးပြိုကျပျက်စီးပြီး အိမ်တွင်လူမရှိသောကြောင့် ထိခိုက်မှုမရှိကြောင်း သိရသည်။)
**(မြို့နယ် ပြန်/ ဆက်)**

# စက်ပစ္စည်းများတင်ဆောင်လာသည့် ကုန်တင်ယာဉ်တိမ်းမှောက်

**နေပြည်တော် ဩဂုတ် ၂၈**

နေပြည်တော် ဇေယျာသီရိမြို့နယ် ရန်ကုန်-မန္တလေး ကားလမ်းဟောင်း၌ ဩဂုတ် ၂၈ ရက် နံနက် ၆ နာရီခန့်က လယ်ယာသုံး စပါးရိတ်သိမ်းစက်ပစ္စည်းများ အပြည့်တင်ဆောင်လာသော ကုန်တင်ယာဉ်တစ်စီး တိမ်းမှောက်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယာဉ်မောင်း သက်ဆွေဝင်း(၃၇ နှစ်) မြစ်သားမြို့နယ်နေသူ မောင်းနှင်ပြီး သန်းမျိုးအောင် (၁၈နှစ်) န္တားထိုးကြီးမြို့နယ်နေသူ လိုက်ပါလာသည့် 9B/-----၁၂ ဘီး ကုန်တင်ယာဉ်သည် ရန်ကုန်ဘက်မှ မန္တလေးဘက်သို့ မောင်းနှင်လာစဉ် ဇေယျာသီရိမြို့နယ် ရင်ကွဲပင်ကျေးရွာ ရန်ကုန်-မန္တလေး ကားလမ်းမဟောင်း မိုင်တိုင်အမှတ် (၂၆၅/၃)နှင့် (၂၆၅/၄)ကြား၌ လမ်းချော်ပြီး ကားလမ်းပေါ်တွင် ကန့်လန့်ဖြတ် တိမ်းမှောက်ခဲ့ခြင်းဖြစ်ကြောင်း ယာဉ်မှုစစ်ရဲတပ်ဖွဲ့ တာဝန်ရှိသူများ၏ ပြောကြားချက်အရ သိရသည်။

အဆိုပါ ကုန်တင်ယာဉ်သည် ရွှေထွန်းကုမ္ပဏီပိုင် စပါးရိတ်သိမ်းစက်ပစ္စည်းများ အပြည့်တင်ဆောင်လာပြီး ရန်ကုန်ဘက်မှ ဩဂုတ် ၂၇ ရက် ညနေပိုင်းက ထွက်ခွာလာပြီး မန္တလေးသို့ ဦးတည်မောင်းနှင်လာခြင်း ဖြစ်ကြောင်း၊ တိမ်းမှောက်မှုမဖြစ်ပွားမီ တစ်ဖက်ယာဉ်ကြောမှ အရှိန်ဖြင့်မောင်းနှင်လာသည့် ရှေ့မှ တွဲယာဉ်တစ်စီးက ၎င်းဘက်သို့ ပြေးကပ်လာသည့်အတွက် ရုတ်တရက် တိမ်းရှောင်လိုက်ရာ တင်ဆောင်လာသည့် ကုန်ပစ္စည်းများဝိတ်ကြောင့် အရှိန်မထိန်းနိုင်ဘဲ လမ်းချော်ပြီး တိမ်းမှောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။



ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်နှစ်ဦးစလုံး ထိခိုက်ဒဏ်ရာရရှိခြင်း မရှိကြောင်းနှင့် ဖြစ်စဉ်နှင့် ပတ်သက်ပြီး သက်ဆိုင်ရာ ရဲတပ်ဖွဲ့တာဝန်ရှိသူများက ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်း - မောင်လွင်(တပ်ကုန်း)**
**ဓာတ်ပုံ - မောင်မွှေး**

# အသက်ကယ်အင်္ကျီဝတ်ဆင်ပြသခြင်းနှင့် သက်ငယ်မုဒိမ်းမှုလျော့ကျရေး အသိပညာပေးဟောပြော

**မိုးညို ဩဂုတ် ၂၈**

ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့ အထက သရဖူခန်းမ၌ ဩဂုတ် ၂၃ ရက်က အသက်ကယ်အင်္ကျီ ဝတ်ဆင်ပြသခြင်းနှင့် သက်ငယ်မုဒိမ်းမှုလျော့ကျရေး အသိပညာပေးဟောပြောပွဲကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးပီတာဒွဲလက အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ခင်မောင်လွင်က သက်ငယ်မုဒိမ်းမှုအကြောင်း၊ ဒုရဲမှူး ဝင်းထွန်းက မှုခင်းအသိပညာပေးဟောပြောခြင်း၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဇော်ထက်နှင့် မီးသတ်တပ်ဖွဲ့ဝင်များက အသက်ကယ်အင်္ကျီများ ဝတ်ဆင်ပြသခဲ့သည်။

အလားတူ ရေကင်းကျေးရွာအထက သရဖီခန်းမ၌လည်း ဩဂုတ် ၂၄ ရက်က မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးခင်မောင်လွင်နှင့် နယ်မြေစခန်းမှူးတို့က သက်ငယ်မုဒိမ်းမှုအကြောင်း အသိပညာပေးဟောပြောပြီး မိုးညိုမြို့နယ် မီးသတ်ဦးစီးဌာနမှ တပ်ကြပ်သန်းထွန်းအောင်နှင့် တပ်ဖွဲ့ဝင်များက အသက်ကယ်အင်္ကျီဝတ်ဆင်နည်းအား သရုပ်ပြသင်ကြားပေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## မြစ်သားမြို့နယ်တရားရုံးတော်၌
## ၂၀၁၆ ခုနှစ် တရားမကြီးမှုအမှတ်-၆၅

| | | |
|---|---|---|
| မဂျင်မီသန်း | နှင့် | ကိုသိန်းဇံ |
| **တရားလို** | | **တရားပြိုင်** |

မန္တလေးတိုင်းဒေသကြီး၊ မြစ်သားမြို့၊ မြို့မအရှေ့ရပ်နေ ကိုသိန်းဇံ (ဘ) ဦးကြံအောင် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ မန္တလေးတိုင်းဒေသကြီး၊ မြစ်သားမြို့၊ မြို့မအရှေ့ရပ်နေ မဂျင်မီသန်းမှ လင်မယားကွာလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော် အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အမှုကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၆ ခုနှစ် စက်တင်ဘာ ၂၂ ရက် (၁၃၇၈ ခုနှစ် တော်သလင်းလပြည့်ကျော် ၆ ရက်) မွန်းမတည့်မီ ၁၀:၀၀နာရီတွင် အထက်အမည်ပါ ရေးသားပါရှိသူ တရားပြိုင်မှ စွဲဆိုချက်ကိုရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့် နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ထုချေတင်ပြလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ ခုနှစ် ဩဂုတ် ၂၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(နိုင်လင်း)**
**မြို့နယ်တရားသူကြီး**
**မြစ်သားမြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ၁နှင့် ၅)
## မဟာအောင်မြေမြို့နယ်တရားရုံးတော်
## ၂၀၁၆ခုနှစ် တရားမကြီးမှုအမှတ်-၈

| | | |
|---|---|---|
| ဒေါ်မြမြရွှေ (၎င်း၏အထွေထွေကိုယ်စားလှယ်လွှဲစာရသူ ဦးစိုးမင်း) | နှင့် | ၁။ ဦးကီရှန်း |
| **တရားလို** | | **တရားပြိုင်** |

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ၂၁ လမ်း၊ ၈၃×၈၆ ကြား ရွှေမြန်မာထမင်းဆိုင်ဝင်းကြားရပ်နေ ဦးကီရှန်း NEW LIFE (MDY) (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ ဒေါ်မြမြရွှေ (၎င်း၏ အထွေထွေကိုယ်စားလှယ်လွှဲစာရသူဦးစိုးမင်း)က ကုန်ဖိုးကြွေးကျန်ငွေ(၃၅၀၄၉၀၀ိ/-)နှင့် နစ်နာကြေးငွေ (၁၇၇၅၀၀ိ/-)၊ စုစုပေါင်းငွေ (၅၂၇၉၉၀ိ/-)ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၁၆ ခုနှစ် စက်တင်ဘာ ၂၉ရက် (၁၃၇၈ ခုနှစ် တော်သလင်းလပြည့်ကျော် ၁၃ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ ခုနှစ် ဩဂုတ် ၂၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဖြိုးကေခိုင်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၄)**
**မဟာအောင်မြေမြို့နယ်တရားရုံး**

## ဦးလှထွန်းမေတ္တာရိပ်မွန် (ကင်ဆာ) ဖောင်ဒေးရှင်းသို့ ကျပ်(၁၅)သိန်း လှူဒါန်းခြင်း



ပဲခူးမြို့၊ ဥသျှောမြို့သစ်၊ (၇/၃)ရပ်ကွက်၊ ရန်ကုန်-မန္တလေးလမ်း၊ အမှတ်(၃၆)နေ ဦးသီး-ဒေါ်ခင်မြမြ၊ သား-မောင်မျိုးမင်းထွဋ် မိသားစုတို့မှ ဦးလှထွန်းမေတ္တာရိပ်မွန် (ကင်ဆာ)ဖောင်ဒေးရှင်းသို့ အလှူငွေကျပ်(၁၅)သိန်း လှူဒါန်းရာ သူနာပြုအုပ်-ဒေါ်မြင့်မေမှ လက်ခံယူစဉ်။

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 4H/8756 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 2G/1847 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

# ခန္တီးအချုပ်ခန်း ဖောက်ပြေးလွတ်မြောက်နေသူနှစ်ဦးအနက် တစ်ဦးပြန်မိ

**ခန္တီး ဩဂုတ် ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့မရဲစခန်းအချုပ်မှ ဩဂုတ် ၂၆ ရက် ည ရနာရီက အချုပ်ခန်းဖောက်၍ ထွက်ပြေးသူကိုးဦးအနက် ခုနစ်ဦးကို ချက်ချင်းဖမ်းမိပြီး နှစ်ဦးလွတ်မြောက်သွားခဲ့ရာ ယခုအခါ တစ်ဦးကို ပြန်လည်ဖမ်းဆီးရမိခဲ့ပြီး ရာပေ့ါဆိုသူ အချုပ်သားတစ်ဦး လွတ်မြောက်နေဆဲဖြစ်ကြောင်း ခန္တီးမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးမှ တာဝန်ရှိသူတစ်ဦးထံက သိရသည်။

ပြန်လည်ဖမ်းမိသော အချုပ်သား ရှစ်ဦးကို အရေးယူပေးရန် ဩဂုတ် ၂၇ ရက်က ခန္တီးမြို့မရဲစခန်း ခေတ္တစခန်းမှူး ဒုရဲမှူးသန်းထွန်းအောင်က တရားလိုအမှုစစ် ပြုလုပ်ကာ ခန္တီးမြို့မရဲစခန်းက အမှုများရေးဖွင့်၍ အချုပ်သားရှစ်ဦးအား စစ်ဆေးဆောင်ရွက်လျက်ရှိပြီး လွတ်နေသောအချုပ်သားတစ်ဦးအား ဖမ်းဆီးရမိရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# နေကြယ်မင်းခရီးသည်တင်ယာဉ် အရှိန်လွန် လမ်းဘေးထိုးကျ

**ကျောက်တံခါး ဩဂုတ် ၂၈**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး မြို့ချောင်းအမြန်လမ်းမကြီး ရဲစခန်းအပိုင်တွင် ဩဂုတ်၂၇ ရက် မွန်းလွဲ ၁ နာရီခွဲခန့်က ခရီးသည်တင်ယာဉ်တစ်စီး အရှိန်လွန်၍ လမ်းဘေးသို့ ထိုးကျမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

အခင်းဖြစ်ပွားရာနေရာသို့ မြို့ချောင်းအမြန်လမ်းမကြီးရဲစခန်းမှ တာဝန်ရှိသူများ၊ မီးသတ်တပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးခဲ့ရာ ရန်ကုန်ဘက်မှရမည်းသင်းဘက်သို့ ယာဉ်မောင်း ဝင်းနိုင်ဦး (၄၇ နှစ်) တိုက်ကြီးမြို့ ဈေးရပ်ကွက် ရန်ကုန်တိုင်းဒေသကြီးနေသူ မောင်းနှင်လာသော ယာဉ်အမှတ် 7I/---- နေကြယ်မင်း ခရီးသည်တင်ယာဉ်သည် အခင်းဖြစ်နေရာအရောက်၌ အရှိန်လွန်ကာ လမ်း၏ယာဘက်ခြမ်းရှိ Gueet Rail တန်းကိုးတန်း၊ သံဆန်ခါတန်း ခြောက်ခန်းကို ဝင်ရောက်တိုက်မိခဲ့သည်။ အဆိုပါယာဉ်တိုက်မှုကြောင့် ခရီးသည် အမျိုးသားသုံးဦး (မစိုးရိမ်ရ) ဒဏ်ရာရရှိကာ မြို့ချောင်းတိုက်နယ်ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုခံယူခဲ့ရကြောင်း သိရ သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်းအား မြို့ချောင်းအမြန်လမ်းမကြီး ရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**ခင်ကို(ကျောက်တံခါး)**

# ပြည်မြို့၌ လင်မယားချင်းစကားများရာမှ ဓားခုတ်မှုဖြစ်

**ပြည် ဩဂုတ် ၂၈**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ ရွာဘဲရပ်ကွက် မြို့ရှောင်လမ်း လမင်းရောင် စက်သုံးဆီဆိုင်အနီးတွင် ဩဂုတ် ၂၆ ရက် ည ၇ နာရီခန့်က အမျိုးသမီးတစ်ဦး ဓားခုတ်ခံရပြီး ဒဏ်ရာများဖြင့် သေဆုံးသွား၍ ပြစ်မှုကျူးလွန်သူသည်ဆိုင်ကယ်ဖြင့်မောင်းနှင်ထွက်ပြေးစဉ် မြို့မရဲတပ်ဖွဲ့က ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်မှာ မကေကေ(ခ)မအေလာဝင်းသည် ၎င်း၏ခင်ပွန်းဖြစ်သူ ဖိုးသာထူး(ခ)မျိုးညွန့်နှင့်အတူ ခင်ပွန်းသည်၏မိဘများနေအိမ်ဖြစ်သော ပြည်မြို့ ခေတ္တရာမြို့သစ်ရပ်ကွက် အောင်သီရိရပ်တွင်အတူနေထိုင်ခဲ့ကြောင်း၊ ဩဂုတ် ၂၆ ရက် ညနေ ၃ နာရီခွဲခန့်က လင်မယားချင်းစကားများခဲ့ပြီး မကေကေ(ခ)မအေလာဝင်း၏ ညီမအရင်းဖြစ်သူနေထိုင်ရာ ပြည်မြို့ ဆင်စုရပ်ကွက် ကမ်းနားလမ်းရှိနေအိမ်သို့ ဆင်းသွားခဲ့ကြောင်း၊ ယင်းနေ့ညနေ ၆နာရီခွဲတွင် ခင်ပွန်းဖြစ်သူ ဖိုးသာထူး(ခ)မျိုးညွန့်က လိုက်ခေါ်သဖြင့် ပြန်လည်လိုက်သွားခဲ့ပြီး အခင်းဖြစ်နေရာအရောက် အော်သံကြားသဖြင့် အခင်းဖြစ်ပွားရာအနီးရှိ လမင်းရောင်စက်သုံးဆီဆိုင်မှ အလုပ်သမား ကိုသက်ဇင်ထွန်းက မြင်တွေ့ခဲ့ပြီး ဓားဖြင့်ခုတ်သူမှာ ထွက်ပြေးသွားခဲ့ကြောင်းသိရ၍ မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက ပြစ်မှုကျူးလွန်သူအား ဆက်လက်စုံစမ်းခဲ့ရာ ဩဂုတ် ၂၇ ရက် ည ၈ နာရီခွဲက ခေတ္တရာမြို့သစ်ရပ်ကွက်နေအိမ်၌ ဖမ်းဆီးရမိခဲ့၍ ပြည်မြို့မရဲစခန်းက အမှုဖွင့် အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# လှိုင်လင်၌ ငွေကျပ်သိန်းပေါင်း ၃၆၂၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းမိ

**နေပြည်တော် ဩဂုတ် ၂၈**

မူးယစ်တပ်ဖွဲ့စု (၂၇)လှိုင်လင်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၂၇ ရက်က လှိုင်လင်မြို့နယ် ကာလိ-မိုင်းပျဉ်းသွား ကားလမ်း တာကော် ပူးပေါင်းစစ်ဆေးရေးစခန်း၌ ကာလိမြို့ဘက်မှ တာချီလိတ်မြို့ဘက်သို့ စိုင်းဇော်တိက မောင်းနှင်လာသည့် 3H/---- ကွန်တိန်နာယာဉ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၆၂၀၀၀ (ယင်းဒေသတန်ဖိုး ငွေကျပ်သိန်း ၃၆၂၀)၊ TNT ယမ်းပြင်း အတုံး ၄၀၊ ကာဘိုင်ကျည် ၄၅ တောင့်၊ ငွေကျပ်တစ်သိန်းနှင့် ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိသည်။

အလားတူ ဩဂုတ် ၂၇ ရက်က မူးယစ်တပ်ဖွဲ့စု (၁၇) မန္တလေးမြောက်ပိုင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ပုသိမ်ကြီးမြို့နယ် ရွှေစာရံကျေးရွာ အုပ်စု ၁၆ မိုင် ကျောက်ချောစစ်ဆေးရေးစခန်း၌ မူဆယ်-မန္တလေး ဆန်းသစ်ခရီးသည်တင်မှန်လုံယာဉ်၌ လိုက်ပါလာသည့် ခရီးသည် မသက်မာထွေးနှင့် ချစ်စံတို့အားရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၃၄၀ သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**



# ရတနာဂူပွဲသွား လိုက်ထရပ်ယာဉ် တိမ်းမှောက်

**မြင်းမူ ဩဂုတ် ၂၈**

ဩဂုတ် ၂၈ ရက် နံနက် ၉ နာရီ မိနစ် ၄၀ ခန့်က မြင်းမူမြို့နယ် နဘဲကြူးရွာအနီးတွင် ယာဉ်တိမ်းမှောက်မှုဖြစ်ပွားကြောင်းသတင်းအရ အခင်းဖြစ်ပွားရာနေရာသို့ သွားရောက်စစ်ဆေးရာ မြင်းမူမြို့နယ် နဘဲကြူးဇရပ်အနီး မိုင်တိုင်အမှတ် (၄၁/၄) နှင့် (၄၁/၅) ကြား နဘဲကြူးအကွေ့၌ ယာဉ်မောင်း ဇော်မိုးထွေး(၄၁နှစ်) မြို့သစ်ရပ် မုံရွာမြို့နေသူ မောင်းနှင်သည့် ယာဉ်အမှတ် 8G/--- လိုက်ထရပ်ယာဉ်သည် မုံရွာမြို့ မြို့သစ်ရပ်မှ အိမ်နီးနားချင်းများဖြင့် ရတနာဂူဘုရားပွဲသို့အသွား အခင်းဖြစ်နေရာအရောက်တွင် ကားမှာလမ်းဘေးသို့ ထိုးကျတိမ်းမှောက်သွား၍ ယာဉ်ပေါ်တွင် လိုက်ပါလာသူ ယာဉ်မောင်းအပါအဝင် ခြောက်ဦးဒဏ်ရာများရရှိသဖြင့် မြင်းမူဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

ယာဉ်မဆင်မခြင်မောင်းနှင်သူ ဇော်မိုးထွေးအား မြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

(၀၇၇)

# အရှိန်မထိန်းနိုင်သောဆိုင်ကယ် လမ်းဘေးသစ်ပင်အား ဝင်တိုက်၊ သုံးဦးသေဆုံး

**နေပြည်တော် ဩဂုတ် ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ မြဝတီရပ်ကွက် ကျောက္ကာလမ်းမပေါ်တွင် ဩဂုတ် ၂၇ ရက် နံနက် ၄ နာရီခွဲက ဆိုင်ကယ်တိမ်းမှောက်မှုဖြစ်ပွားကြောင်း သတင်းအရ အမှတ်(၁၁၁)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူးရုံးမှ တပ်ဖွဲ့ဝင်များက သွားရောက် စစ်ဆေးခဲ့ရာ အဆိုပါလမ်းအတိုင်း အရှေ့ဘက်မှ အနောက်ဘက်သို့ ကန့်ဘလူမြို့နယ် ပေါက်ကံရွာနေ ရှမ်းကို(၁၈ နှစ်)မောင်းနှင်ပြီး သန်းတိုးအောင်နှင့် ကောင်းထက်တို့လိုက်ပါလာသည့် Scoopy ဆိုင်ကယ်သည် အရှိန်မထိန်းနိုင်ဘဲ တစ်ဖက်ယာဉ်ကြောသို့ရောက်ရှိပြီး လမ်းဘေးရှိ တမာပင်အား ဝင်ရောက်တိုက်မိတိမ်းမှောက်ခဲ့ရာ ရှမ်းကိုပါ သုံးဦးစလုံးတွင် ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးသွားသဖြင့် ရှမ်းကိုအား မုံရွာနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**







ဦးနိုင်ဝင်း အားသစ် ဦးကိုကိုစိုး
အမျိုးသမီး ဒုရဲအုပ် ငြိမ်းရ ဝင်ခွင့် စက်တင်ဘာ (၃)ရက်စမည်။
ရဲဝန်ထမ်းများသာ
၁၄၈(၄လွှာ)ဆိပ်ကမ်းသာလမ်း(အောက်)ပန်းဆိုးတန်းမှတ်တိုင်
09 500 1599, 09 96 500 1599, 09 79 500 1599

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဦးမောင်သိန်းရွှေ၏သမီး မင်းပြားမြို့နယ်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ မိုးပန်းဖြူနှင့် မိုးမိုး ၁၁/မပန(နိုင်)၀၆၉၅၈၂မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**မိုးပန်းဖြူ(ခ)မိုးမိုး**

## အမည်ပြောင်း

ဦးဝင်းမြင့်ထွန်း ၉/ပမန(နိုင်)၀၀၇၃၄၁ ၏သား သာယာဝတီခရိုင်၊ မင်းလှမြို့၊ အလက (လမ်းမတော်) အဋ္ဌမတန်းမှ မောင်အောင်ခန့်ပိုင်အား မောင်မင်းခန့်ကျော် ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်မင်းခန့်ကျော်**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယဉ်အမှတ် 9J/5621 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ပညာရေးဝန်ကြီးဌာန
## နည်းပညာနှင့် သက်မွေးပညာဦးစီးဌာန
## အစိုးရနည်းပညာအထက်တန်းကျောင်း(ဟသ်ာတ)

၁။ အစိုးရနည်းပညာအထက်တန်းကျောင်း (ဟသ်ာတ)မှ အောက်ဖော်ပြပါ ပစ္စည်း(၁)မျိုးအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများ တင်သွင်းကြရန် ဖိတ်ခေါ်အပ်ပါသည်။

| စဉ် | ပစ္စည်းအမည် | အရေအတွက် |
|---|---|---|
| ၁ | Drawing Board With Stand | ၅၀ လုံး |
| ၂ | Student Desk & Armless Chair | ၂၀၀ လုံး |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၂၉-၈-၂၀၁၆ရက်မှစ၍ ရုံးချိန်အတွင်း အစိုးရနည်းပညာအထက်တန်းကျောင်း (ဟသ်ာတ)တွင် လာရောက်ဝယ်ယူနိုင်ပြီး ၂-၉-၂၀၁၆ရက် ၁၅း၃၀နာရီ နောက်ဆုံးထား၍ တင်ဒါများတင်သွင်းရမည်။
၃။ အိတ်ဖွင့်တင်ဒါပုံစံ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို အစိုးရနည်းပညာအထက်တန်းကျောင်း (ဟသ်ာတ) ဖုန်း-၀၄၄-၂၁၇၃၈ နှင့် ၀၉-၄၂၂၄၈၉၅၇၁ တို့တွင် စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရေးအဖွဲ့၊ အစိုးရနည်းပညာအထက်တန်းကျောင်း(ဟသ်ာတ)**

ဦးအောင်ကျော်ထွန်း (၁၂/ကမတ(နိုင်)၀၅၀၈၅၄)ပိုင်ဆိုင်သော ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဆေးရုံတန်း၊ ငြိမ်းချမ်းရေးရပ်ကွက်၊ ပျဉ်းမလမ်း၊ အမှတ်(၁၂)ဘီ၊ မြေညီထပ်တိုက်ခန်းနှင့် ဒေါ်စန္ဒာကျော်(၁၂/ကမတ(နိုင်)၀၃၉၉၇၂) ပိုင်ဆိုင်သော ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ထီးတန်းစက်မြေရပ်ကွက်၊ ထီးတန်း(၄)လမ်း၊ အမှတ်(၂၂)၊ တတိယထပ်(ခြေရင်းခန်း)တိုက်ခန်းကို အလိုက်ငွေ ပေး၍ အလဲအထပ်ပြုလုပ်မည်ဖြစ်သဖြင့် ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေငြာခြင်း

အထက်ဖော်ပြပါ နှစ်ဦးနှစ်ဖက်ပိုင်ဆိုင်သောတိုက်ခန်းများကို အလိုက်ငွေပေး၍ အလဲအထပ်ပြုလုပ်ခြင်းအား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း၊ အထောက်အထား၊ စာရွက်စာတမ်းများနှင့်တကွ ကန့်ကွက်နိုင်ပါကြောင်း၊ ထိုသတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက တိုက်ခန်းအလဲအထပ်ပြုခြင်းကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

ဒေါ်စန္ဒာကျော်၏ လွှဲအပ်ညွှန်ကြားချက်အရ

ဦးဝေမျိုးကိုကို — အထက်တန်းရှေ့နေ (စဉ်-၄၅၁၉၇)
ဦးမြင့်ဦး — တရားလွှတ်တော်ရှေ့နေ (စဉ်-၄၀၃၈)
အမှတ်(၉၀)၊ သရက်တော(၅)လမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။

# တိုင်းဒေသကြီးနှင့် ပြည်နယ်ရိုးရာလက်ဝှေ့ ဆီမီးဖိုင်နယ် ထက်အောင်(ကရင်ပြည်နယ်)က ပြည့်ဖြိုးမောင်(တနင်္သာရီ)ကို အလဲထိုးဖြင့်နိုင်

**ရန်ကုန် ဩဂုတ် ၂၈**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနက ကြီးမှူးပြီး မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်က စီစဉ်ကျင်းပသည့် (၁၄) ကြိမ်မြောက် တိုင်းဒေသကြီးနှင့် ပြည်နယ် ရိုးရာလက်ဝှေ့ပြိုင်ပွဲ ပထမနေ့ဆီမီးပွဲစဉ်များကို ယနေ့မွန်းလွဲ ၂ နာရီတွင် သိမ်ဖြူ ရိုးရာ လက်ဝှေ့အားကစားရုံ၌ စတင်ကျင်းပရာ (ဂ) အဆင့် ၆၀ ကီလိုတန်းပြိုင်ပွဲတွင် ထက်အောင်(ကရင်ပြည်နယ်)က ပြည့်ဖြိုးမောင်(တနင်္သာရီ)ကို ပထမအချီမှာပင် အလဲထိုးဖြင့် အနိုင်ရရှိကာ ဖိုင်နယ်ရွှေခါးပတ်လုပွဲသို့ တက်ရောက်သွားပြီဖြစ်သည်။

ယနေ့ ဆီမီးဖိုင်နယ် ပထမနေ့ပွဲစဉ်များအဖြစ် လူသစ် ၄၈ ကီလိုတန်းပြိုင်ပွဲ၌ ကျော်သက်ခိုင်ဦး (ကချင်ပြည်နယ်)နှင့် လှိုင်းထက်အောင်(ကရင်ပြည်နယ်)တို့ ယှဉ်ပြိုင်ထိုးသတ်ရာတွင် ပထမအချီ ၆ စက္ကန့်မှာပင် လှိုင်းထက်အောင်က အလဲထိုးဖြင့်အနိုင်ရခဲ့ပြီး ချစ်ဆူးငယ်(မွန်ပြည်နယ်)နှင့် ကိုသက်(တနင်္သာရီ)တို့ပွဲတွင် ကိုသက်က ဒုတိယအချီ ၂ မိနစ် ၁၅ စက္ကန့်မှာပင် ဘယ်ဒူးတိုက်ချက်ဖြင့် ပွဲသိမ်းအနိုင်ယူခဲ့သည်။ လူသစ် ၅၁ ကီလိုတန်းပြိုင်ပွဲတွင် အာကာမင်း(မန္တလေး)နှင့်နေလင်းမာန်(ရန်ကုန်)တို့ ယှဉ်ပြိုင်ထိုးသတ်ရာတွင် ဒုတိယအချီ ၁ မိနစ် ၅၆ စက္ကန့်မှာပင် အာကာမင်းက အလဲထိုးဖြင့် အနိုင်ရခဲ့ပြီး လင်းထက်အောင်(ကရင်ပြည်နယ်)နှင့် မျိုးမင်းအေး(ပဲခူး)တို့ပွဲတွင် အာကာမင်းက ဒုတိယအချီ ၃၉ စက္ကန့်တွင် အလဲထိုးဖြင့်အနိုင်ရခဲ့သည်။

၅၄ ကီလိုတန်း လူသစ်ပြိုင်ပွဲများတွင် ရွှေကျောင်းသား(မွန်ပြည်နယ်) က ညီညီထွန်း(တနင်္သာရီ)ကို ပထမအချီ ၁၈ စက္ကန့်မှာပင် အလဲထိုးဖြင့်လည်းကောင်း၊ ထူးနေသူ(ကရင်ပြည်နယ်)နှင့် ဗျက္ခ(မန္တလေး) တို့ပွဲတွင် ထူးနေသူက အမှတ်ဖြင့်လည်းကောင်း၊ ၅၇ ကီလိုတန်းပြိုင်ပွဲတွင် ဇော်ဝင်းထိုက်(တနင်္သာရီ)က ဝင်းထွန်းအောင်(မွန်ပြည်နယ်)ကို အမှတ်ဖြင့်လည်းကောင်း၊ သူထက်အောင်(ကရင်ပြည်နယ်)နှင့် ဆန္ဒအောင် (ရန် ကုန်) တို့ပွဲတွင် သူထက်အောင်က အမှတ်ဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိကာ ဗိုလ်လုပွဲသို့တက်ရောက် သွားပြီဖြစ်သည်။ လူသစ် ၇၁ ကီလိုတန်းပြိုင်ပွဲတွင် မင်းမောင်မောင်(ကရင်ပြည်နယ်)နှင့် ဖျံစိုး(မကွေး)တို့ယှဉ်ပြိုင်ရာ ဒုတိယအချီတွင် ဖျံစိုး ဆက်လက်ယှဉ်ပြိုင်နိုင်ခြင်းမရှိသဖြင့် မင်းမောင်မောင် အလဲထိုးဖြင့် အနိုင်ရရှိခဲ့ပြီး နိုင်လင်း(ကယားပြည်နယ်)နှင့် ထွန်းလင်းခန့်(စစ်ကိုင်း)တို့ပွဲတွင် ပထမအချီ ၂ မိနစ် ၂၅ စက္ကန့်မှာပင် ထွန်းလင်းခန့်က အလဲထိုးဖြင့်အနိုင်ရခဲ့သည်။

ဆက်လက်၍ (ဂ)အဆင့် ၅၄ ကီလိုတန်း ဆီမီးပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်ထိုးသတ်ရာ အောင်နိုင်သိန်း (ကချင်ပြည်နယ်) နှင့် မောင်ဇော်(ပဲခူး)တို့ပွဲတွင် ဒုတိယအချီ ခုနစ်မိနစ်မှာပင် မောင်ဇော်က အလဲထိုးဖြင့် လည်းကောင်း၊ အလင်းရောင်(မွန်ပြည်နယ်)နှင့် ကော့ကယ်(ကရင်ပြည်နယ်)တို့ပွဲတွင် ပထမအချီ၌ သူနိုင်ကိုယ်နိုင် အပြိုင်ကြဲကြသော်လည်း ဒုတိယအချီ ၂ မိနစ် ၅၃ စက္ကန့်တွင် ကော့ကယ်၏ ညာဒူးတိုက်ချက်ဖြင့် အလင်းရောင်ကို ပွဲသိမ်းအနိုင်ယူခဲ့သည်။ (ဂ)အဆင့် ၆၀ ကီလိုတန်းပြိုင်ပွဲများတွင် ထက်အောင်(ကရင်ပြည်နယ်)နှင့် ပြည့်ဖြိုးမောင်(တနင်္သာရီ)တို့ ယှဉ်ပြိုင်ထိုးသတ်ရာတွင် ပွဲအစ ၁၂ စက္ကန့်မှာပင် ထက်အောင် ညာဖြောင့်လက်သီးဖြင့် အလဲထိုးအနိုင်ယူခဲ့ပြီး စောထွန်းနိုင်လင်း(ကယားပြည်နယ်) နှင့် ဇွဲရွှေကို (မွန်ပြည်နယ်)တို့ပွဲတွင် စောထွန်းနိုင်လင်း ဆေးကျသဖြင့် ဇွဲရွှေကို ဗိုလ်လုပွဲသို့ တက်ရောက်သွားပြီ ဖြစ်သည်။

ယနေ့ တိုင်းဒေသကြီးနှင့် ပြည်နယ် ရိုးရာလက်ဝှေ့ပြိုင်ပွဲများကို ဆဋ္ဌမမြောက် ဆီမီးဒုတိယနေ့ ပွဲစဉ်များအဖြစ် ဆက်လက် ယှဉ်ပြိုင်ထိုးသတ်သွားမည်ဖြစ်ရာ ယခုနှစ် ဒိုင်းဆုကို မန္တလေး၊ မွန်နှင့် ကရင်တို့က ဆွတ်ခူးရန် ရေပန်းစားလျက်ရှိသည်။ ယင်းသုံးသင်းအနက် မန္တလေးတိုင်းဒေသကြီးအနေဖြင့် တိုင်းဒေသကြီးနှင့်ပြည်နယ် ပြိုင်ပွဲများဝင်ရောက်ယှဉ်ပြိုင်မှုတွင် ယခုနှစ်သည် စံချိန်အကောင်းဆုံးဖြစ်ကြောင်း သိရသည်။

**မောင်စိန်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ-မင်းထက်**



အလင်းရောင်(မွန်ပြည်နယ်)နှင့် ကော့ကယ်(ကရင်ပြည်နယ်) ယှဉ်ပြိုင်ထိုးသတ်နေစဉ်




**ဩဂုတ် ၂၈ ရက်က မန္တလေးမြို့၌ ကျင်းပသည့် လေးနိုင်ငံ ယူ ၁၉ ဖိတ်ခေါ်ပြိုင်ပွဲ** (KBZ Bank U-19 CUP) **ဗိုလ်လုပွဲတွင် ပယ်နယ် တီအဆုံးအဖြတ် ငါးဂိုး-လေးဂိုးဖြင့် ဆာပေါ်ရိုအသင်းကို အနိုင်ရရှိသွားသော ဗီယက်နမ်အသင်းသားများ အောင်ပွဲခံနေစဉ်** (တတိယနေရာလုပွဲ ထိုင်းနှင့် မြန်မာပွဲတွင် ပွဲချိန် အတွင်း တစ်ဂိုးစီသရေဖြစ်နေသဖြင့် ပယ်နယ်တီဖြင့် ဆုံးဖြတ်ရာ ခုနစ်ဂိုး-ခြောက်ဂိုးဖြင့် ထိုင်းက အနိုင်ရရှိသွားသည်) ညီမြတ်သော်တာ

## အာရှကလပ် ဘော်လီဘောပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပွဲများပြီးဆုံး

**နေပြည်တော် ဩဂုတ် ၂၈**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပနေသည့် ၂၀၁၆ အာရှကလပ် ဘော်လီ ဘောပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုနောက်ဆုံးနေ့ပွဲများကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ အားကစားရုံ၌ ကျင်းပသည်။

ဒုတိယအဆင့် အုပ်စုနောက်ဆုံးပွဲတွင် မြန်မာကလပ် Asia World အသင်း သည် ကာတာကလပ်အသင်းကို သုံးပွဲပြတ် ရှုံးနိမ့်ခဲ့သည်။ မြန်မာကလပ်အသင်းသည် ၁၇-၂၅၊ ၁၉-၂၅၊ ၂၁-၂၅ မှတ်ဖြင့် သုံးပွဲပြတ်ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။ အခြားပွဲစဉ်တွင် ဂျပန်ကလပ်က ကာဇတ်စတန်ကလပ်ကို သုံးပွဲပြတ်၊ အီရန်ကလပ်က တရုတ် (တိုင်ပေ)ကလပ်ကို သုံးပွဲပြတ်တို့ဖြင့် အနိုင်ရရှိသည်။ ကွာတားဖိုင်နယ်နှင့် အဆင့်ကိုး၊ ၁၄ နေရာလုပွဲကို ဩဂုတ် ၂၉ ရက်(ယနေ့) ဆက်လက်ကျင်းပမည် ဖြစ်သည်။

**သတင်း-ရဲရင့်ရှိုင်း**

ခရီးသွားမယ်ဆို, စိတ်ချလုံခြုံဆုံးဖြစ်စေမယ့် ရှစ်ဘီးကား ( 3 Axles Bus ) ကိုရွေးစီးပါ။

## ဝန်ထမ်းကောင်းများသာ

အောင်မြင်တိုးတက်နေသော ထောက်ပံ့သယ်ယူပို့ဆောင်ရေးလုပ်ငန်းများတွင် ခန့်အပ်ရန် ရိုးသား၍ကြိုးစား အလုပ်လုပ်ကိုင်လိုသော အရည်အချင်းမြင့် (ကျား/မ)ဝန်ထမ်းကောင်းများ အလိုရှိသည်။ ဝန်ထမ်းများအတွက် အတွေ့အကြုံသစ်များစွာနှင့် အနာဂတ်အလားအလာကောင်းများ လစာကောင်းနှင့် ဘဝအခြေအနေကောင်းများ ရရှိပါမည်။

ကိုယ်ရေးရာဇဝင်၊ မျှော်မှန်းလစာ၊ အရည်အချင်း (၄င်းစာရွက်စာတမ်းမိတ္တူများ)၊ လျှောက်ထားရသည့် ရည်ရွယ်ချက်နှင့်ရည်မှန်းချက်၊ အပြည့်အစုံစသည်တို့ဖြင့် လာရောက်လျှောက်ထားနိုင်ပါသည်။

နယ်မြို့များတွင် တာဝန်ထမ်းဆောင်နိုင်သူများကို ဦးစားပေးမည်။

(၁) **အထွေထွေမန်နေဂျာ** ကျား/မ ၁ ဦး
(၂) **မန်နေဂျာ** ကျား/မ ၃ ဦး

အင်္ဂလိပ်စာနှင့်ကွန်ပျူတာ ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးပြုနိုင်ရမည်။ ခေါင်းဆောင်မှုအရည်အချင်းမြင့်မား၍ လုပ်ငန်းများတိုးတက်မြင့်မားအောင် စွမ်းဆောင်နိုင်စွမ်းရှိရမည်။

Warehousing & Distribution Centre လုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးမည်

(၃) **Warehouse Operation** ကျား ၁၀ ဦး
(၄) **Warehouse Documentation** မ ၅ ဦး
(၅) **Logistics Officer** ကျား/မ ၅ ဦး
(၆) **Logistics Assistant** ကျား/မ ၅ ဦး

အမှတ်စဉ်(၃) မှ (၆) ဤလုပ်ငန်းနှင့်ပတ်သက်သော အတွေ့အကြုံလုံးဝမရှိသူများ၊ တက္ကသိုလ်တက်ရောက်နေသည့် ထူးချွန်လူငယ်များလည်း လျှောက်ထားနိုင်ပါသည်။

**အမှတ် ၁၉၀-၁၉၂၊ ရွှေဂုံတိုင်လမ်း၊ ၀၁-၀၁ ဒဂုံတာဝါ၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၁-၅၄၂၇၈၈၊ ၅၄၃၁၉၈၊ ၅၄၄၁၃၈၊ ၅၄၄၃၄၀၊ ၅၄၄၃၄၁**

## ဝန်ထမ်းအလိုရှိသည်

၁။ **Cashierအမျိုးသမီး** မ ၂ ဦး လစာ-၁၂၀၀၀၀++
(ဘွဲ့ရ၊ Fashion ဝါသနာပါသူ၊ သွက်လက်ထက်မြက်သူ၊ ငွေစာရင်းနိုင်နင်းသူဖြစ်ရမည်)
အနည်းဆုံး(၁)နှစ် လုပ်ကိုင်နိုင်ရမည်။
**ဖုန်း-၀၉-၃၆၁၄၆၇၁၁၊ ၀၉-၇၉၂၀၂၂၅၅၄**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၇)၊ ရခိုင်ပြည်နယ်ရုံးမှ (၂၀၁၆-၂၀၁၇) ဘဏ္ဍာရေးနှစ် ရခိုင်ပြည်နယ်အစိုးရရန်ပုံငွေဖြင့် အောက်ဖော်ပြပါလုပ်ငန်းများ ဆောင်ရွက်ရန် တိုင်းရင်းသားလုပ်ငန်းရှင်များအား ဖိတ်ခေါ်အပ်ပါသည်။

| စဉ် | လုပ်ငန်းအမျိုးအစား | တင်ဒါအမျိုးအစား |
|---|---|---|
| ၁။ | သံတွဲမြို့နယ်၊ ရွှေလှေ-ပေါက်တောကျေးရွာကမ်းပြိုကာကွယ်ရေးလုပ်ငန်း | လုပ်ငန်းတစ်ခုလုံး |
| ၂။ | မင်းပြားမြို့နယ်၊ ပန်းမြောင်းကျေးရွာ၊ ကမ်းပြိုကာကွယ်ရေးလုပ်ငန်း | လုပ်ငန်းတစ်ခုလုံး |

အထက်ဖော်ပြပါ လုပ်ငန်းများအား ဌာနမှသတ်မှတ်ဒီဇိုင်းဖြင့် ရေနည်းရာသီတွင် ဆောင်ရွက်ရမည်ဖြစ်ပြီး ရေလမ်းအခြေအနေ မြေအနေအထားအရ ဒီဇိုင်းနှင့် လုပ်ငန်းသုံးပစ္စည်းများ ပြောင်းလဲနိုင်ပါသည်။

**တင်ဒါပုံစံရယူမည့်နေရာ** - ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန စစ်တွေမြို့။
**တင်ဒါပုံစံယူရမည့်ရက်** - ၃၀-၈-၂၀၁၆ရက်မှ ၁၀-၉-၂၀၁၆ရက်အထိ ရုံးချိန်အတွင်း
**တင်ဒါပိတ်မည့်ရက်** - ၃၀-၉-၂၀၁၆ရက် ၁၆:၀၀နာရီထိ
**တင်ဒါတင်သွင်းမည့်နေရာ** - ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန သတ္တဌာနလမ်း၊ ပြည်တော်သာရပ်ကွက်၊ စစ်တွေမြို့

အသေးစိတ်သိရှိလိုပါက ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ စစ်တွေမြို့၊ ဖုန်း-၀၄၃-၂၂၂၉၈သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3H/4049 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။

**ကညန (ရွာသာကြီး)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4L/5860၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7E/9743 Nissan Noneffe FK 22 JN P/U (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးအောင်နိုင်လွင် ၉/အမဇ(နိုင်) ၀၂၂၆၅၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## အမည်ပြောင်း

ဦးအောင်သိန်းရွှေ၏သမီး အမ်းမြို့နယ်၊ ကျောက်မြောင်း အထက တက္ကသိုလ်ဝင်တန်းမှ မလှဲ့လှဲ့ရွှေအား မလှဲ့လှဲ့ဆွေဟု ပြောင်းလဲခေါ်ပါရန်။ **မလှဲ့လှဲ့ဆွေ**

## အမည်မှန်

ပုဏ္ဏားကျွန်းမြို့နယ်၊ ယိုးငူကျေးရွာနေ ဦးဝေထွန်းအောင်၏ သမီး မခင်သန်းဦး၏ အမည်မှန်မှာ မခိုင်သန်းဦးဖြစ်ပါကြောင်းနှင့် ဖခင်အမည်မှန်မှာ ဦးဝေထွန်းအောင်(ခ) ဦးရောင်းဝယ်ထွန်း ၁၁/ပဏတ(နိုင်)၀၃၉၉၇၃ ဖြစ်ပါကြောင်း။

## အင်္ဂလိပ်ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8I/8240၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## အင်္ဂလိပ်ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5L/9542 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

# ကျွန်တော်နဲ့ ပြည်သူ့ဝန်ထမ်း



## ● ပါမောက္ခ၊ ဒေါက်တာအောင်ထွန်းသက်

ကျွန်တော်ဟာဝန်ထမ်းတစ်ဦးပါ။ ၁၉၆၆ ခုနှစ်ကစပြီး စီးပွားရေးတက္ကသိုလ်မှာ ကျောင်းဆရာအဖြစ် တာဝန်ယူခဲ့ပြီး ၁၉၈၉ ခုနှစ်မှာတော့ ကျန်းမာရေးဝန်ကြီးဌာန စီမံကိန်းနဲ့ စာရင်းအင်းဦးစီးဌာနမှာ ညွှန်ကြားရေးမှူးချုပ်အနေနဲ့ တာဝန်ယူခဲ့ပြန်တယ်။ ၁၉၉၂ ခုနှစ်မှစပြီး ၂၀၀၀ ပြည့်နှစ်အထိ ကုလသမဂ္ဂအဖွဲ့အစည်းဖြစ်တဲ့ ကလေးများရန်ပုံငွေအဖွဲ့မှာ အလုပ်လုပ်ခဲ့ရပြီး ၂၀၀၀ ပြည့်နှစ်မှ ၂၀၀၈ ခုနှစ်အထိ ကုလသမဂ္ဂဝန်ထမ်းကောလိပ်ကို ဦးစီးခွင့်ရခဲ့တယ်။ စုစုပေါင်း နှစ်ပေါင်း ၄၀ ကျော်ခဲ့တာ။ အငြိမ်းစားယူပြီးချိန်မှာလည်း တာဝန်တွေ ဆက်ယူပြီး အခုချိန်အထိ နိုင်ငံ့ဝန်ထမ်းတစ်ဦးဖြစ်ပါတယ်။ အခုလိုပြည်သူ့ဝန်ထမ်းဖြစ်ရတာကို ကျေနပ်မိတယ်။ ဂုဏ်ယူမိပါတယ်။ အထူးသဖြင့် ကျွန်တော်ဟာ ပညာရေးတာဝန်တွေကို ဆက်လက်ထမ်းဆောင်ပြီး တက္ကသိုလ်တွေမှာ ပညာမျှဝေမှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိတယ်။ ကျွန်တော်က ဆရာအလုပ်ကို ခုံမင်တယ်။ ဝါသနာပါတယ်။ စိတ်ပါတယ်။ သူများကို ဆရာလုပ်နေရတာ ကြိုက်လို့ထင်ပါရဲ့။

### မီဂျီဘုရင်ရဲ့ပုံစံနဲ့ ခပ်ဆင်ဆင်

ပြည်သူ့ဝန်ထမ်းရေးရာနဲ့ပတ်သက်ပြီး ကျွန်တော်ထဲထဲဝင်ဝင် လေ့လာခွင့်ရခဲ့တယ်။ အထူးသဖြင့် ကိုယ့်နိုင်ငံမှာ ကျင့်သုံးခဲ့တဲ့ စနစ်တွေကို သုံးသပ်ခဲ့တယ်။ ဝန်ထမ်းရေးရာပြုပြင်ပြောင်းလဲမှုနဲ့ ပတ်သက်လာရင် မင်းတုန်းမင်းလက်ထက်က ဖော်ထုတ်ခဲ့တာတွေဟာ အခြားနိုင်ငံမှာ ကျင့်သုံးတဲ့ပုံစံတွေနဲ့ နှိုင်းယှဉ်နိုင်တာကို တွေ့ရတယ်။ ကုန်းဘောင်ခေတ် မြန်မာ့လူ့အဖွဲ့အစည်းမှာ အမှုထမ်းနဲ့ အသည် ဆိုပြီး ခွဲခြားခဲ့တယ်။ မင်းမှုထမ်းတွေကို အဆင့်လိုက်ရွာစား၊ မြို့စား၊ နယ်စားရာထူးတွေပေးပြီး “စား” စေခဲ့တယ်။ ဘဏ္ဍာငွေတွေကို စုဆောင်းစေပြီး မင်းတွေကို ဆက်သရတယ်။ လစာအနေနဲ့ ချီးမြှင့်ခဲ့တာ မရှိခဲ့ဘူး။ ဒီစနစ်ကို မင်းတုန်းဘုရင်က လခစားမင်းမှုထမ်းနဲ့အစားထိုးခဲ့တယ်။ အခုလို ဆောင်ရွက်ခဲ့တဲ့ အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုဟာ ခေတ်ပြိုင်ဖြစ်တဲ့ ဂျပန်နိုင်ငံ မီဂျီဘုရင်ရဲ့ပုံစံနဲ့ ခပ်ဆင်ဆင်ဖြစ်တယ်။

### ပထမဆုံးအိုင်စီအက်စ်

ပထမအင်္ဂလိပ်-မြန်မာစစ်ပြီးချိန်ကစပြီး အင်္ဂလိပ်တွေဟာ သူတို့ရဲ့အုပ်ချုပ်မှုစနစ်ကို သိမ်းပိုက်ခဲ့တဲ့ မြန်မာနိုင်ငံအောက်ပိုင်းဒေသတွေမှာ ကျင့်သုံးခဲ့တယ်။ အမှန်တော့ အိန္ဒိယနိုင်ငံနဲ့ မြန်မာနိုင်ငံအပါအဝင် အာရှနိုင်ငံတွေကို သိမ်းပိုက်တဲ့နေရာမှာ ဦးဆောင်တဲ့အဖွဲ့အစည်းက အရှေ့အိန္ဒိယကုမ္ပဏီဖြစ်တယ်။ စီးပွားရေးအဖွဲ့အစည်းတစ်ခုဖြစ်ပေမယ့် နိုင်ငံရေး၊အုပ်ချုပ်ရေး၊ စစ်ရေးတာဝန်တွေယူခဲ့ပြီး ကိုလိုနီခေတ်ကို ရုပ်လုံးဖော်ခဲ့တာဖြစ်တယ်။ ၁၈၈၅ ခုနှစ် သီပေါမင်း ပါတော်မူပြီးချိန်ကစပြီး အင်္ဂလိပ်အစိုးရဟာ ပြည်သူ့ရေးရာအုပ်ချုပ်မှုတာဝန်ကို Indian Civil Service (ICS) အဖွဲ့ဝင် အရာရှိတွေကို အုပ်ချုပ်စေခဲ့တယ်။ ၁၉၃၀ ပြည့်နှစ်မတိုင်မီ မြန်မာနိုင်ငံကို အိန္ဒိယပြည်ရဲ့ပြည်နယ်တစ်ခုအနေနဲ့ သတ်မှတ်ပြီး အုပ်ချုပ်ခဲ့တယ်။ ဒီအိုင်စီအက်စ်တွေမှာ အင်္ဂလိပ်လူမျိုးတွေဖြစ်ကြတယ်။ မြန်မာနိုင်ငံနဲ့ ပတ်သက်ပြီး ကမ္ဘာကသိအောင် ရေးသားခဲ့တဲ့ ဂျော့အိုဝယ်လ်ဟာ အိုင်စီအက်စ်ဖြစ်တယ်။ အိုင်စီအက်စ်လို အရည်အချင်းဟာလွယ်လွယ်ကူကူနဲ့ မရဘူး။ အင်္ဂလန်နိုင်ငံက နာမည်ကြီး တက္ကသိုလ်တွေဖြစ်တဲ့ အောက်စ်ဖို့ဒ်နဲ့ ကိန်းဘရစ်တို့မှာ ပညာဆည်းပူးရတယ်။ ဘွဲ့ရပြီးချိန်မှာ အိုင်စီအက်စ်စာမေးပွဲကိုအောင်မှ တာဝန်ပေးခြင်းခံရတယ်။ ဒုတိယကမ္ဘာစစ်မတိုင်မီကာလမှာတော့ မြန်မာနိုင်ငံသားတွေထဲက အိုင်စီအက်စ်တွေဖြစ်လာခဲ့တယ်။ ကျွန်တော်သိသလောက်က ရခိုင်အမျိုးသား ဦးကျော်မင်းဟာ ပထမဦးဆုံး အိုင်စီအက်စ်ဖြစ်တယ်။ စာမေးပွဲဖြေပြီးမှ အိုင်စီအက်စ်ဖြစ်လာသူက ဦးတင်ထွဋ်ဖြစ်တယ်။ အင်မတန်ထင်ရှားလှတဲ့ ပုဂ္ဂိုလ်၊ ဗိုလ်ချုပ်အောင်ဆန်းနဲ့အတူ လွတ်လပ်ရေးဆွေးနွေးပွဲမှာ ပါဝင်ခဲ့သူ။ သူ့ရဲ့ညီတွေကလည်း ထူးချွန်ကြတယ်။ ဦးကျော်မြင့်၊ ဒေါက်တာ မြင့်သိန်းတို့ဟာ တစ်ချိန်က လျှမ်းလျှမ်းတောက် နိုင်ငံ့ဝန်ထမ်းတွေ။ ဆရာကြီး ဦးကျော်မြင့်ရဲ့ သားကြီးက မြန်မာနိုင်ငံမှာ အထင်ရှားဆုံး ကလေးဆရာဝန်ကြီး ဒေါက်တာသိန်းအုပ်ကျော်မြင့်ဖြစ်တယ်။

အိုင်စီအက်စ်တွေအနက် ကျွန်တော့်ရဲ့ဆရာများဖြစ်တဲ့ ဦးမြတ်သိန်းနဲ့ ဒေါက်တာသန်းညွန့်တို့ရဲ့ဖခင်တွေဖြစ်တဲ့ ဦးကြင်နဲ့ဦးညွန့်တို့ဟာလည်း ထင်ရှားလှသူတွေ။ အိုင်စီအက်စ်ဟာ အရည်အချင်းရှိတယ်။ ထူးချွန်တယ်။ ပညာရှိကြတယ်။ တစ်ခုတော့ ရှိပါတယ်။ အင်္ဂလိပ်မင်းကို ကိုယ်စားပြုတဲ့သူတွေအဖြစ် သတ်မှတ်ခြင်းခံခဲ့ရတယ်။ လွတ်လပ်ရေးရပြီးချိန်မှာ အိုင်စီအက်စ်ကို ဘီစီအက်စ်နဲ့ အစားထိုးခဲ့ကြတယ်။ အိုင်စီအက်စ်၊ ဘီစီအက်စ်ကျင့်သုံးချိန်မှာ အုပ်ချုပ်ရေးဦးဆောင်မှုကို နိုင်ငံရေး ခေါင်းဆောင်တွေကပေးပြီး နေ့စဉ်တာဝန်များကိုတော့ ပြည်သူ့ဝန်ထမ်းတွေက တာဝန်ခံခဲ့ကြတယ်။ အမြဲတမ်းအတွင်းဝန်များဟာ ဝန်ကြီးဌာနအသီးသီးကို ဦးဆောင်မှုပေးခဲ့တယ်။ အမြဲတမ်းအတွင်းဝန်တွေလက်အောက်မှာ အတွင်းဝန်၊ ဒုတိယအတွင်းဝန်၊ လက်ထောက်အတွင်းဝန်တွေကို အဆင့်ဆင့်တာဝန်ပေးခဲ့တာ။ ဒီစနစ်ကို ၁၉၆၂ ခုနှစ် တော်လှန်ရေးကောင်စီလက်ထက်မှာ ဖျက်သိမ်းခဲ့တယ်။ အခြေခံစဉ်းစားချက်က ဗျူရိုကရေစီစနစ်ကို မနှစ်သက်လို့ဆောင်ရွက်ခဲ့တာ။ ဆိုရှယ်လစ်စနစ်နဲ့ လိုက်လျော ညီထွေမှုမရှိတာကြောင့် အခုလိုလုပ်ခဲ့တာ။ အမြဲတမ်းအတွင်းဝန်စနစ်ကို ရုပ်သိမ်းပြီး ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးတွေနဲ့ အစားထိုးခဲ့တာ။ ပြည်သူ့ဝန်ထမ်းတွေကိုလည်း ဖောင်ကြီးသင်တန်းပေးခဲ့တယ်။ တူညီဝတ်စုံတွေဝတ်စေပြီး သင်တန်းတွေ တက်စေခဲ့တယ်။

### အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှု

၁၉၈၈ ခုနှစ်နောက်ပိုင်း တပ်မတော်အစိုးရလက်ထက်မှာ ပြည်သူ့ဝန်ထမ်းတွေကို ဦးဆောင်တတ်စေဖို့ ဌာနအသီးသီးမှာ တပ်မတော်ကအငြိမ်းစား ပေးသူတွေကို တာဝန်ပေးခဲ့တယ်။ သမ္မတကြီးဦးသိန်းစိန်လက်ထက်မှာ ပြည်သူ့ဝန်ထမ်းတွေနဲ့ ပတ်သက်ပြီး အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှု အစီစဉ်တွေကို စတင်ခဲ့ပေမယ့် အဆုံးမသတ်နိုင်ခဲ့ဘူး။ ဝန်ကြီးဌာနအသီးသီးမှာ အမြဲတမ်းအတွင်းဝန်ရာထူးတွေကို ပြန်လည်ဖော်ထုတ်ခဲ့ပြီး တာဝန်ပေးခဲ့ပြန်တယ်။ အစိုးရသစ်လက်ထက်မှာ အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုနဲ့ပတ်သက်ပြီး အစီအစဉ်တွေလုပ်နေတာတွေ့ရတယ်။ ပြည်သူ့ဝန်ထမ်းနဲ့ပတ်သက်လာရင် အရေးကြီးဆုံးအဖွဲ့အစည်းက ရာထူးဝန်အဖွဲ့ဖြစ်တယ်။ ဒီရာထူးဝန်အဖွဲ့ကို သိက္ခာသမာဓိရှိသူတွေ၊ အုပ်ချုပ်ရေးနယ်ပယ်မှာ ကျွမ်းကျင်တဲ့သူတွေကို တာဝန်ပေးခဲ့တယ်။ ရာထူးဝန်အဖွဲ့ဝင်များရဲ့ အရည်အချင်းနဲ့ အရည် အသွေးဟာ အလွန်အရေးပါလှပါတယ်။ ကျွန်တော်က စီးပွားရေးတက္ကသိုလ် ပြည်သူ့ဝန်ထမ်းအုပ်ချုပ်မှုဘွဲ့လွန်သင်တန်းမှာ ဆွေးနွေးပွဲတွေကို အမြဲလုပ်ခွင့်ရတာမို့ ကျောင်းသူကျောင်းသားတွေနဲ့ ရင်းနှီးတယ်။ သူတို့အနေနဲ့ အသင်းတစ်ခု တည်ထောင် ထားတယ်။ သာမန်ဘာသာရပ်အသင်းဖြစ်တာမို့ လူမှုရေးလုပ်ငန်းတွေကို ဦးစားပေး ခဲ့တယ်။ ဒါနဲ့ ကျွန်တော်ကုလသမဂ္ဂကောလိပ်မှာ တာဝန်ယူစဉ် ရင်းနှီးခဲ့တဲ့ကွန်ရက်တစ်ခုလို မြန်မာနိုင်ငံမှာထောင်ဖို့အားပေးခဲ့တယ်။ ဒါနဲ့ Myanmar Public Administration Network (MPAN) အဖွဲ့အစည်းကို ထောင်ဖြစ်ကြတယ်။ ကျွန်တော်ပတ်သက်ခဲ့တဲ့ ကွန်ရက်က United Nations Public Administration Network(UPAN) ဖြစ်ပါတယ်။ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတွေမှာ ပြည်သူ့ဝန်ထမ်းများအတွက် ကွန်ရက်ဖြစ်တယ်။

### စဉ်းစားသင့်တဲ့ အခြေခံအချက် နှစ်ခု

တစ်နေ့က MPAN အသင်းက ဆွေးနွေးပွဲနဲ့ ညစာစားပွဲတစ်ခုကျင်းပခဲ့တယ်။ ညစာစားပွဲမတိုင်မီ နေ့လယ်ပိုင်းမှာ ကိုရီးယားနိုင်ငံက ပါမောက္ခတစ်ဦးနဲ့ ကျွန်တော့်ကို ဟောပြောပွဲတစ်ရပ် စီစဉ်ပေးခဲ့တယ်။ကျွန်တော့်မှာ မိသားစုတာဝန်ရှိနေတာမို့ပွဲကို ဟောပြောရမယ့်အချိန်နီးမှ တက်ရောက်ခဲ့တယ်။ခန်းမထဲရောက်တော့ ကျွန်တော့်ရှေ့က ဟောပြောနေတဲ့ ကိုရီးယားပါမောက္ခက လက်စသတ်နေပြီ။ သူပြောပြီးချိန်မှာ ကျွန်တော်က ပြည်သူ့ဝန်ထမ်းများနဲ့ ပတ်သက်ပြီး စဉ်းစားသင့်တဲ့ အခြေခံအချက် နှစ်ခုကို တင်ပြခဲ့ပါတယ်။

### ဟန်ချက်ညီညီ လက်တွဲနိုင်ဖို့ အလွန်အရေးကြီး

ကျွန်တော်က ပြောမယ့်စင်မြင့်ကိုတက်ပြီး ပရိသတ်တွေကို ကြည့်လိုက်တော့ တစ်ဖက်က ဘွဲ့လွန်သင်တန်းတွေတက်ပြီး ဘွဲ့ရထားသူတွေ၊ သင်တန်းတက်နေသူတွေက နေရာယူထားသလို အခြားတစ်ဖက်မှာ ပင်နီတိုက်ပုံတွေနဲ့ နိုင်ငံရေးတာဝန်ယူထားတဲ့ ရန်ကုန်တိုင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနဲ့ ကိုယ်စားလှယ်တော်များတက်ရောက် နေတာကို တွေ့လိုက်ရတယ်။ ဒီမြင်ကွင်းဟာ ကျွန်တော့်အတွက် ဝမ်းမြောက်ဝမ်းသာစရာဖြစ်ပါတယ်။ အမှန်တော့ ကျွန်တော်တို့နိုင်ငံမှာ နိုင်ငံရေးအခင်းအကျင်းကြောင့် အုပ်ချုပ်ရေးမဏ္ဍိုင်နဲ့ ဥပဒေပြုမဏ္ဍိုင်ဟာ ဟန်ချက်ညီညီ လက်တွဲနိုင်ဖို့ အလွန်အရေးကြီးလှပါတယ်။ ပြည်သူ့ဝန်ထမ်းတွေနဲ့ နိုင်ငံရေးဦးဆောင်သူတွေ အချင်းချင်း နားလည်မှုရှိဖို့အရေးကြီးလှတယ်။ အုပ်ချုပ်ရေးနဲ့ နိုင်ငံရေးကိုခွဲခြားလို့မဖြစ်ပါဘူး။ ကျွန်တော့်အနေနဲ့က ကိုယ့်တပည့်တွေကို အရည်အချင်းနှစ်ရပ်ပြုစုဖို့ တိုက်တွန်းခဲ့တယ်။ ပထမအချက်ကတော့ Professional ဖြစ်ဖို့ ဘာသာပြန်တဲ့နေရာမှာ တချို့ကကြေးစားလို့ပြန်သလို တချို့ကသက်မွေးဝမ်းကျောင်းလို့ ပြန်တာတွေ့ရတယ်။ ကျွန်တော်ကတော့ မိမိပညာနဲ့ လုပ်စားတဲ့သူအဖြစ်ပြန်တယ်။

### မှန်ပ့ါဘုရားလို့ အမြဲတမ်းမပြောသင့်

ဆရာဝန်၊ ရှေ့နေ၊ စာရင်းကိုင်စတဲ့ အလုပ်အကိုင်တွေဟာ မိမိသင်ယူခဲ့တဲ့ ပညာကိုအခြေခံပြီး လုပ်ရှားကြတယ်။ အရေးကြီးတာက မိမိမှာရှိတဲ့ပညာကို အလွဲသုံးစားမလုပ်ဖို့ဘဲဖြစ်တယ်။ ပြည်သူ့ဝန်ထမ်းတစ်ဦးဟာ နိုင်ငံရေးခေါင်းဆောင်မှုကို တာဝန်ခံရတယ်။ ဒါပေမယ့် “မှန်ပ့ါဘုရား” လို့ အမြဲတမ်းမပြောသင့်ဘူး။ အဖြစ်မှန်ကိုတင်ပြရဲတဲ့ ပညာသတ္တိရှိရမယ်။ မှားနေမှန်းသိရက်နဲ့ လူကြီးအကြိုက်မှန်တယ်လို့မပြောသင့်ဘူး။ တစ်ခေတ်က ဒီအမူအကျင့်တွေကြောင့် တိုင်းပြည်မှာ နစ်နာခဲ့တယ်။ ပြန်မပြောရဲတဲ့ အလေ့အထ။ လူကြီးကြိုက်တာကိုသာရွေးပြောရွေးလုပ်တတ်တဲ့အကျင့်။ ဒါတွေကြောင့် ကျွန်တော်တို့နိုင်ငံ ဒီလိုဖြစ်ခဲ့တာ။ ပြည်သူ့ဝန်ထမ်းတစ်ဦးရဲ့တာဝန်က မိမိကျွမ်းကျင်မှုကို အခြေခံပြီး ဦးဆောင်သူကို အကောင်းဆုံးအကြံတွေ ပေးနိုင်ဖို့ဖြစ်ပါတယ်။ ဒုတိယအချက်ကတော့ ကျင့်ဝတ်ဖြစ်တယ်။ ပြည်သူ့ဝန်ထမ်းတိုင်းဟာ သိက္ခာသမာဓိ ရှိရမယ်။ ရိုးသားရမယ်။ ပွင့်လင်းရမယ်။ အဂတိလိုက်စားမှုကို လုံးဝရှောင်ကြဉ်ရမယ်။ အကျင့်ပျက်တဲ့ ပြည်သူ့ဝန်ထမ်းမဖြစ်ဖို့ ထိန်းသိမ်းရမယ်။ အစိုးရသစ်အနေနဲ့ အဂတိလိုက်စားမှုနဲ့ ပတ်သက်ပြီး ပြတ်ပြတ်သားသားအရေးယူမယ်လို့ပြောတာကို ကြိုဆိုတယ်။ အားပေးတယ်။ အဂတိလိုက်စားမှုဟာ ကင်ဆာရောဂါလို လူ့အဖွဲ့အစည်းတစ်ခုလုံးမှာ ပျံ့နှံ့နေခဲ့တယ်။ ယဉ်ကျေးမှုတစ်ရပ်ဖြစ်နေတာ တွေ့ရတယ်။ အဂတိလိုက်စားမှု ပပျောက်ဖို့ မခဲယဉ်းပါဘူး။ လုပ်စရာနှစ်ခုပဲရှိပါတယ်။ “မယူဘူး၊ မပေးဘူး”။ ယူတဲ့သူမရှိရင်၊ ပေးတဲ့သူမရှိရင် အဂတိလိုက်စားမှု ချက်ချင်းပျောက်သွား မှာပါ။ ဒါပေမယ့် အပြောလွယ်သလောက် လုပ်ရခက်ပါတယ်။ လူကြီးတွေက နမူနာပြနိုင်ရင် ဖြစ်ပါတယ်။ ကျွန်တော် ဟောပြောပွဲအခမ်းအနားကို ညစာစားပွဲအတွက် ပြင်ဆင်ရမှာမို့ ခဏနားခဲ့တယ်။ နားရင်းတက်ရောက်လာတဲ့ လွှတ်တော်ဥက္ကဋ္ဌနဲ့ ကိုယ်စားလှယ်တွေနဲ့ စကားပြောဖြစ်တယ်။ သူတို့က လွှတ်တော်မှာလာပြောပေးပါ လို့ ဖိတ်ကြားခဲ့တယ်။ ကျွန်တော်ကလည်း “ဝိုလိုရာ လက်တို့” ဆိုသလို နိုင်ငံရေးဦးဆောင်သူတွေဟာ ပြည်သူ့အုပ်ချုပ်ရေးကို အကျွမ်းတဝင်ရှိရမယ်၊ သိရမယ်။ ဒီလိုသိမှ နိုင်ငံရေးဦးဆောင်မှုပေးနိုင်မှာ ဖြစ်တယ်။ ကိုယ်စားလှယ်အများစုက လူငယ်တွေ။ တက်ကြွနေကြတယ်။ နိုင်ငံအတွက် အလုပ်အကျွေးပြုချင်ကြတယ်။ သူတို့နဲ့ခုလိုပြောခွင့်ရတာကို ကျေနပ်မိပါတယ်။

> **ပြည်သူ့ဝန်ထမ်းတိုင်းဟာ သိက္ခာသမာဓိရှိရမယ်။ ရိုးသားရမယ်။ ပွင့်လင်းရမယ်။ အဂတိလိုက်စားမှုကို လုံးဝရှောင်ကြဉ်ရမယ်။ အကျင့်ပျက်တဲ့ ပြည်သူ့ဝန်ထမ်းမဖြစ်ဖို့ ထိန်းသိမ်းရမယ်။ အစိုးရသစ်အနေနဲ့ အဂတိလိုက်စားမှုနဲ့ပတ်သက်ပြီး ပြတ်ပြတ်သားသား အရေးယူမယ်လို့ပြောတာကို ကြိုဆိုတယ်။ အားပေးတယ်၊ အဂတိလိုက်စားမှုဟာ ကင်ဆာရောဂါလို လူ့အဖွဲ့အစည်းတစ်ခုလုံးမှာ ပျံ့နှံ့နေခဲ့တယ်။ ယဉ်ကျေးမှုတစ်ရပ်ဖြစ်နေတာ တွေ့ရတယ်။**



ရခိုင်ပြည်နယ် ပေါက်တောမြို့နယ်ရှိ ဘဝအားမာန်ကျေးရွာ စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးအသင်းမှ နတ်တောင်ပြင်ကျေးရွာ ပညာတန်ဆောင် စာကြည့်တိုက်သို့ ဩဂုတ်လစတုတ္ထပတ်က စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်နာယက ဆရာတော် အရှင်အာဒိစ္စဝံသက လက်ခံယူပြီး ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်စဉ်

အေးလွင်(ပြန်/ဆက်)

## ရဲတပ်ကြပ်ကြီး(မှုခင်းစာရေး) မွမ်းမံသင်တန်းဖွင့်

**မော်လမြိုင် ဩဂုတ် ၂၈**

မွန်ပြည်နယ် ရဲတပ်ဖွဲ့မှူးရုံးမှ ကြီးမှူးဖွင့်လှစ်သောရဲတပ်ကြပ်ကြီး(မှုခင်းစာရေး) မွမ်းမံသင်တန်းအမှတ်စဉ်(၁/၂၀၁၆) ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၅ ရက်က ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး ရာမညဇာနည်ခန်းမ၌ ကျင်းပရာ ပြည်နယ်ရဲတပ်ဖွဲ့မှူးရဲမှူးကြီး ဘိုဘိုဦးက အမှာစကားပြောကြားသည်။

သင်တန်းဖွင့်ပွဲသို့ ပြည်နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သောင်းဝင်း၊ မော်လမြိုင်ခရိုင်ရဲတပ်ဖွဲ့မှူးနှင့်သထုံခရိုင်ရဲတပ်ဖွဲ့မှူး၊ မွန်ပြည်နယ် ၁၀ မြို့နယ်မှ မြို့နယ်ရဲတပ်ဖွဲ့မှူးများ၊ စခန်းမှူးများ၊ သင်တန်းနည်းပြဆရာများ တက်ရောက်ကြ ပြီး သင်တန်းသို့ မွန်ပြည်နယ် ၁၀ မြို့နယ်မှ ရဲတပ်ကြပ်ကြီး(မှုခင်းစာရေး) တပ်ဖွဲ့ဝင် ၃၀ တက်ရောက်ကာ သင်တန်းကာလမှာ ရက်သတ္တနှစ်ပတ်ကြာ သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။

**ကျော်သန်း(မော်လမြိုင်)**

ဘဝတစ်ကွေ့ အတွေ့အကြုံ

# အပြန်အလှန်ယုံကြည်မှုနှင့် တန်ဖိုးထားလေးစားဖို့

## သန်းဇော် (ဘိုကလေး)

ဆုံးဖြတ်ချက် ချမှတ်သူ (Decision Maker) နှင့် ကျွမ်းကျင်ပညာရှင် (Technician) တို့ ရေရှည်အတွက် နားလည်စွာချိတ်ဆက်ဖို့ အရေးကြီးတာ၊ အပြန်အလှန် ယုံကြည်မှုရှိစေချင်တာ၊ တန်ဖိုးထားလေးစားဖို့ လိုအပ်တာတွေကို ဩဂုတ် ၂၄ ရက်နေ့ မြေငလျင်အပြီး ပုဂံဘုရားများ၏ ပျက်စီးမှုဓာတ်ပုံများ၊ ဝေဖန်မှုများကို မီဒီယာများနှင့် ဖေ့စ်ဘုတ် လူမှုကွန်ရက်စာမျက်နှာတို့မှာ တွေ့မြင်ရပြီးတဲ့နောက် တစ်ချိန်သောကာလက ဖြစ်ရပ်မှန်တစ်ခုကို ကျွန်တော်သတိရမိပြီး တစ်စုံတစ်ဦးကို ရင်ဖွင့်ချင်လာပါသည်။

ဖြစ်စဉ်မှာ လွန်ခဲ့သော ၁၈၊ ၁၉ နှစ်ခန့် (၁၉၉၇/၉၈ခုနှစ်ခန့်)က နိုင်ငံအကြီးအကဲတစ်ဦး ရန်ကုန်မြို့ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် တောင်မြောက်လမ်းဆုံအနီး မြို့ဦးစေတီဘေးရှိ နိုင်ငံတကာအဆင့်မီ ရေကူးကန်တည်ဆောက်ရေးစီမံကိန်းသို့ လာရောက်ကြည့်ရှု စစ်ဆေးစဉ် ရှင်းလင်းဆောင် အစည်းအဝေးခန်းမ၌ ဖြစ်ပွားခဲ့ခြင်း ဖြစ်ပါသည်။

ထိုအစည်းအဝေးသို့ ကျွန်တော်လည်း တက်ရောက်ခွင့်ရခဲ့သဖြင့် ဖြစ်စဉ်အစအဆုံး၊ ဆွေးနွေးမှုများကိုပါ သိရှိနေပါသည်။ ထိုစဉ်က ယင်းနိုင်ငံတကာအဆင့်မီ ရေကူးကန်ကို မြန်မာနိုင်ငံ၏ အဆင့်မြင့်ခေတ်အမီဆုံးရေကူးကန်အဖြစ် တည်ဆောက်နေချိန် ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် SEA Games ရေကူးပြိုင်ပွဲများ လက်ခံကျင်းပနိုင်ရန်အထိ ထိုစဉ်က ရည်ရွယ်ထားပါသည်။ ထိုအချိန် ပင်မရေကူးကန်ကို တည်ဆောက်နေသည်မှာ ရာခိုင်နှုန်းတော်တော်များများ ပြီးစီးနေပြီဖြစ်ပြီး ............အဖွဲ့( )က တာဝန်ယူ ဆောက်လုပ်နေခြင်းဖြစ်ပါသည်။

အဆုံးအဖြတ်ပေးနိုင်သူ (Decision Maker) တစ်ဦး လာရောက်စစ်ဆေးသဖြင့် တည်ဆောက်ရေးတာဝန်ခံ အင်ဂျင်နီယာမှူးကြီး (Technician) က လက်ရှိဘတ်ဂျက်ခွင့်ပြုငွေဖြင့် ရေကူးကန်ဆောက်လုပ်ပြီးစီးမှု၊ နောက်ထပ် Project အသစ်ပွဲကြည့်စင်(ပရိသတ်မည်မျှဆံ့ ပွဲကြည့်စင်)တည်ဆောက်ရန် ဘတ်ဂျက်ထပ်မံခွင့်ပြုမိန့်ရရန် အစီအစဉ်တကျ Drawing ပုံ၊ ဓာတ်ပုံများဖြင့် ရှင်းလင်းပြီး ပွဲကြည့်စင် ဆောက်လုပ်ခွင့် ဘတ်ဂျက်ခွင့်ပြုငွေရရှိရန် စနစ်တကျ တင်ပြနေပါသည်။

ထိုအချိန်အထိ အားလုံးချောချောမွေ့မွေ့ ဖြစ်ပါသည်။ ထို့နောက်မှ ပရိသတ်များဆံ့ ပွဲကြည့်စင်ကို မိုးလုံလေလုံ ဆောက်လုပ်ရန် ဆွေးနွေးနေစဉ် ထိုမျှကြီးမားသည့် ပွဲကြည့်စင်ဆောက်ပါက Pile ရိုက်ရမည်ဖြစ်ကြောင်း၊ ပင်မရေကူးကန်

**ဆုံးဖြတ်ချက်ချမှတ်သူ (Decision Maker) နှင့် ကျွမ်းကျင်ပညာရှင် (Technician) တို့ ရေရှည်အတွက် နားလည်စွာချိတ်ဆက်ဖို့ အရေးကြီးတာ၊ အပြန်အလှန် ယုံကြည်မှုရှိစေချင်တာ၊ တန်ဖိုးထားလေးစားဖို့ လိုအပ်တာတွေကို ဩဂုတ် ၂၄ ရက်နေ့ မြေငလျင်အပြီး ပုဂံဘုရားများ၏ ပျက်စီးမှုဓာတ်ပုံများ၊ ဝေဖန်မှုများကို မီဒီယာများနှင့် ဖေ့စ်ဘုတ် လူမှုကွန်ရက်စာမျက်နှာတို့မှာ တွေ့မြင်ရပြီးတဲ့နောက်**

တည်ဆောက်မှုမှာ ရာခိုင်နှုန်းတော်တော်များများ ပြီးစီးနေပြီဖြစ်ရာ ထိုအချိန်တွင် ပွဲကြည့်စင်ဆောက်ရန် Pile ရိုက်ပါက ပင်မရေကူးကန် ကွဲအက်သွားနိုင်သလို Pile မရိုက်ပါကလည်း ကြံ့ခိုင်မှု ရေရှည်စိတ်မချနိုင်ပါကြောင်း စသည်ဖြင့် အင်ဂျင်နီယာက တင်ပြပါသည်။

ထိုအခြေအနေကို အင်ဂျင်နီယာမှူးကြီးနှင့် တည်ဆောက်ရေးမှ တာဝန်ရှိသူများ၊ အားကစားပြိုင်ပွဲအတွက် တာဝန်ရှိသူများက ကြိုတင်သိရှိပြီးဖြစ်ပါသည်။ ဒီနေရာမှာ ပြဿနာစတင်လာပါတော့သည်။

“ခင်ဗျားတို့က အင်ဂျင်နီယာပညာရှင် (Technician)။ ကျုပ်က ခင်ဗျားတို့ တင်ပြလာတာကို ခွင့်ပြုပေးတဲ့ (Decision Maker)။ ခင်ဗျားတို့ ပညာရှင်က ဒီရေကူးကန် Project မစခင်ကတည်းက ဘာပြီးရင် ဘာလုပ်ရမယ်ဆိုတဲ့ အစီအမံရှိရမှာ၊ သိပြီးဖြစ်ရမှာပေါ့။ အခုက ခင်ဗျားတို့ ပင်မရေကူးကန်တည်ဆောက်ဖို့ တင်ပြလာတယ်။ ကျုပ်က ခွင့်ပြုလိုက်တယ်။ နောက်ထပ်ဆောက်မယ့် ပွဲကြည့်စင်အတွက် ထည့်မစဉ်းစားဘူးလား။ အခုကျမှ ပွဲကြည့်စင်ဆောက်ရင်၊ Pile ရိုက်ရင် ပင်မရေကူးကန် ကွဲအက်နိုင်တယ်ဆိုပြီး ကျုပ်ကို ပြဿနာရှာတာလား၊ ကျုပ်က ခင်ဗျားတို့ တင်ပြချက်အရ ခွင့်ပြုပေးတဲ့ (Decision Maker) ဗျ။ ခင်ဗျားတို့က အင်ဂျင်နီယာ ကျွမ်းကျင်သူ (Technician) ဗျ။

“တစ်ချိန်မှာ ရေကူးကန်ကွဲအက်ရင် ကျုပ်ကြောင့်လို့ ခင်ဗျားတို့က ပြောဦးမယ်။ ခင်ဗျားတို့ ပင်မရေကူးကန် အရင်ဆောက်ချင်ရင် ပွဲကြည့်စင်အတွက် ကြိုတင်စဉ်းစားပြီး Pile ရိုက်ပြီးထားခဲ့ပါလား။ ပြီးမှ ပင်မရေကူးကန်ဆောက်ပေါ့။ ပြီးရင် Pile ပေါ်ကနေ ပွဲကြည့်စင် ထပ်ဆောက်ပေါ့။ အခုက ကျုပ်ကို ပြဿနာရှာတာလား” စသည်ဖြင့် အစည်းအဝေးခန်းမတစ်ခုလုံး ရာသီဥတုမကောင်းဖြစ်သွားပြီး အားလုံး ငြိမ်ကျသွားပါသည်။

ယခုအချိန်ထိ မိမိသိရှိသလောက် ယင်းရေကူးကန်တွင် လူအများဆံ့ အခိုင်အမာ ပွဲကြည့်စင်မရှိသေးပါ။ မိမိအတွေးထဲတွင် ဆုံးဖြတ်ချက်ချမှတ်သူ (Decision Maker )၊ ကျွမ်းကျင်ပညာရှင် (Technician)နှင့် စီမံကိန်း တည်ဆောက်ရေးခွင့်ပြုငွေ (Project and Budget) စသည်ဖြင့် အတွေးနယ်ချဲ့နေပါတော့သည်။

ဒါက Decision Maker and Technician နှစ်ဦးနှစ်ဖက်တို့ ဆွေးနွေးတင်ပြဆုံးဖြတ်ခဲ့တဲ့ ဖြစ်ရပ်မှန်အခြေအနေ ဇာတ်လမ်းလေးဖြစ်ပါသည်။

# ပဲဈေးနှုန်းအတက်အကျများချိန် ပဲကုမ္ပဏီတစ်ခု ငွေကြေးမဖြေရှင်းနိုင်၍ ညှိနှိုင်းဖြေရှင်းပေးရန် ပဲအသင်းသို့တင်ပြမှုရှိလာ

**ရန်ကုန် ဩဂုတ် ၂၈**

ပဲကုမ္ပဏီတစ်ခုအနေဖြင့် ငွေရေးကြေးရေး ပဲမျိုးစုံပေးရန်၊ ရရန်ရှိပါက တင်ပြပေးရန်အတွက် ဘုရင့်နောင်ကုန်စည်ဒိုင်၌ ဩဂုတ် ၂၄ ရက်တွင် အသင်းသားများသိရှိရန် အသိပေးစာကပ်ထားမှု မြင်တွေ့ရသည်။

ပဲလုပ်ငန်း လုပ်ကိုင်နေသော ပြည်တွင်းကုမ္ပဏီတစ်ခု၏ မန်နေဂျင်းဒါရိုက်တာက ယင်းအနေဖြင့် ပဲမျိုးစုံ ရောင်းဝယ်မှုတွင် ရောင်းမှား ဝယ်မှားဖြစ်၍ ငွေကြေးဆုံးရှုံးမှုများစွာ ဖြစ်ပေါ်ခဲ့ပြီး လုပ်ငန်းများ ဆက်လက်လုပ်ဆောင်ရန် မည်သို့မျှ ဆက်လက်လုပ်ဆောင်ရွက်ရန် မဖြစ်နိုင်တော့သည့် အခြေအနေသို့ ရောက်ရှိခဲ့၍ ယင်း၏ ကိုယ်စားရရန်၊ ပေးရန်ရှိသူများအား ညှိနှိုင်းဖြေရှင်းပေးရန် မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းသို့ တင်ပြလာသည်။

ပြည်တွင်း ပဲဈေးကွက်တွင် ၂၀၁၅ အောက်တိုဘာ ၁၇ ရက်တွင် မတ်ပဲ RC တစ်တန် ငွေကျပ် ၂၄၅၆၀၀၀၊ SQ.RC တစ်တန် ငွေကျပ် ၂၆၅၆၀၀၀၀၊ ဩဂုတ် ၂၁ ရက်တွင် ပဲစင်းငုံနီ RC တစ်တန် ငွေကျပ် ၁၇၀၀၀၀၀ ထိ ဈေးနှုန်းအမြင့်ဆုံးဖြစ်ခဲ့သည်။

၂၀၁၆ ခုနှစ်တွင်လည်း ၂၀၁၅ ခုနှစ်ဈေးအထိ မရောက်ရှိသေးသော်လည်း မတ်ပဲ RC တစ်တန်ငွေကျပ် ၁၈၄၀၀၀၀၊ SQ.RC တစ်တန် ငွေကျပ် ၁၉၉၀၀၀၀ နှုန်း ဇွန် ၂၃ ရက်တွင် ရှိခဲ့သည်။ ဇူလိုင် ၂၃ ရက်တွင် ပဲစင်းငုံနီ RC တစ်တန်ငွေကျပ် ၁၅၇၀၀၀၀ ထိ မြင့်တက်ခဲ့သည်။

၂၀၁၆ ခုနှစ် ဩဂုတ် ၅ ရက်တွင် မတ်ပဲ RC တစ်တန် ငွေကျပ် ၁၆၈၂၀၀၀၊ ပဲစင်းငုံနီ RC တစ်တန် ငွေကျပ် ၁၃၁၀၀၀၀ နှုန်းရှိရာမှ ဩဂုတ် ၂၄ ရက်တွင် မတ်ပဲ RC တစ်တန် ငွေကျပ် ၁၄၄၆၀၀၀၊ ပဲစင်းငုံနီ RC တစ်တန် ငွေကျပ် ၉၈၃၀၀၀ နှုန်းတို့ ဈေးနှုန်းများ ကျဆင်းလာမှုရှိသည်ဟု ကုန်စည်ဒိုင်နေ့စဉ်ဈေးနှုန်းစာရင်းများမှ သိရသည်။

ပြည်တွင်းပဲဈေးကွက်တွင် ပဲဈေးနှုန်း ပြောင်းလဲမှု များပြားမှုရှိချိန်တွင် ငွေကြေးအရှုပ်အရှင်း ဖြစ်ပေါ်တတ်လေ့ရှိသည်။ အကြီးမားဆုံးအနေဖြင့် ၂၀၀၈ ခုနှစ်တွင် ပဲကုန်သည်ကြီးရှစ်ဦးနှင့် ပတ်သက်၍ လူပုဂ္ဂိုလ် ၅၀၀ ဝန်းကျင်အနေဖြင့် ငွေကြေးဆုံးရှုံးမှုပမာဏမှာ ငွေကျပ် ၅၀၀ ဘီလီယံဝန်းကျင်ရှိခဲ့သည်ဟု ယင်းနှစ်ပိုင်းတွင် မီဒီယာများ၌ ဖော်ပြထားသည်။

ယင်းနောက်ပိုင်းတွင်လည်း ပြည်တွင်း ပဲလောကတွင် ပဲရောင်းဝယ်မှုနှင့် ပတ်သက်၍ ငွေကြေးအရှုပ်အရှင်းများ ဖြစ်ပေါ်မှု ကြုံတွေ့မှုကို ရန်ကုန်နှင့် မန္တလေးမြို့များတွင် မကြာခဏ တွေ့ကြုံနေရဆဲဖြစ်သည်။

၂၀၁၄ ခုနှစ်တွင် ပဲစင်းငုံအထူးပြုရောင်းဝယ်သော ကုမ္ပဏီတစ်ခုအနေဖြင့် အလားတူဖြစ်စဉ်မျိုး ဖြစ်ပေါ်ခဲ့ပြီး ပဲအသင်းသို့ အကူအညီတောင်းတင်ပြ ညှိနှိုင်းဖြေရှင်းပေးခဲ့ရသည့် ဖြစ်စဉ်ရှိခဲ့သည်။ ကုမ္ပဏီ၏ပိုင်ဆိုင်သမျှ ငွေကြေးကိုပေးရန်၊ ရရန်ရှိသောငွေကြေးများပေါ် တွက်ချက်၍ အချိုးကျရှင်းလင်းပေးချေမှုရှိခဲ့သည်ဟု ပဲကုန်သည်တစ်ဦးက ပြောသည်။

အသင်းမှ ယင်းငွေကြေးအရှုပ်အရှင်း ဖြစ်ပေါ်သည့် ကုန်သည်အား အသင်းဝင်အဖြစ်မှရပ်စဲကြောင်း ကြေညာခဲ့သော်လည်း ယင်းတို့နှင့် ပတ်သက်သည့် လုပ်ငန်းလုပ်ကိုင်သူ အများစုအနေဖြင့် ရသင့်ရထိုက်သော အကျိုးအမြတ် ငွေကြေးပမာဏထက် အနည်းငယ်မျှသော ငွေကြေးသာရရှိမှုရှိသည်။ ယင်းသို့သောဖြစ်စဉ်များတွင် ပြစ်မှုကြောင်းအရ တရားစွဲအရေးယူမှုပြုလုပ်ခြင်း နည်းပါးလေ့ရှိသည်။

ကုန်စည်ဈေးကွက်တွင် အကျိုးအမြတ်ရရှိချိန် အကုန်ရယူသော်လည်း ပေးလျော်ရမည့်အချိန်တွင်မူ စာရင်းရှင်းရန်မတတ်နိုင်၍ မိမိပိုင်ဆိုင်သမျှငွေကြေးကိုထုတ်ဖော်တင်ပြ၍ ညှိနှိုင်းဖြေရှင်းပေးတတ်သည့် ဖြစ်စဉ်များ များပြားလာသည်ကို မြင်တွေ့ရသည်။

ယခုရက်ပိုင်းအတွင်း ပဲလောကကဲ့သို့ ငွေကြေးပမာဏမများသော်လည်း ငွေကျပ်သိန်းပေါင်း ထောင်ချီသော ငွေကြေးအရှုပ်အရှင်း ဖြစ်စဉ်နှစ်ခုသည်လည်း ဆန်စပါးလောကတွင်လည်း ဖြစ်ပွားမှုရှိသည်ဟု အာသောကလမ်းမှ ဆန်လုပ်ငန်းလုပ်ကိုင်သူ ကိုနိုင်က ပြောသည်။ ခွင့်လွှတ်သည်းခံတတ်သည့် စိတ်ဓာတ်ရှိမှုအပေါ် အလွဲသုံးစားလုပ်မှုများ ကုန်စည်လောကတွင် အသုံးချနေမှုကြောင့် ရရန်ရှိသည့် အချိန်တွင် မည်သူ့ထံမှ တင်ပြ အသိပေးပြောဆိုမှုမရှိသော်လည်း ပေးရန်ရှိသည့်အချိန်တွင်မူ အကူအညီတောင်းခံဖြေရှင်းခြင်း နည်းလမ်းများ အသုံးပြုနေခြင်းဖြစ်သည်ဟု ပိတောက်လမ်းသွယ် ဆန်ပွဲရုံပိုင်ရှင် ကိုမြင့်က ပြောသည်။ ယင်းသို့ ဖြေရှင်းခြင်းဖြင့် မိမိလုပ်ကိုင်နေသော ကုန်စည်နှင့် ပတ်သက်၍ အသင်းဝင်အဖြစ်မှ ရပ်စဲခံရမှုများရှိကြောင်း သိရသည်။

**ခင်ဆိုင်**



# ကရင်ရိုးရာ ဝါခေါင်လ ချည်ဖြူဖွဲ့မင်္ဂလာ အခမ်းအနားကျင်းပ

**မြိတ် ဩဂုတ် ၂၈**

ကရင်တိုင်းရင်းသားလူမျိုးများ မိဘဘိုးဘွားတို့၏ ဓလေ့ထုံးတမ်းအမွေအနှစ်ဖြစ်သည့် ကရင်ရိုးရာ ဝါခေါင်လ ချည်ဖြူဖွဲ့မင်္ဂလာ အထိမ်းအမှတ် လက်ချည်ပွဲတော်ကို ဩဂုတ် ၂၇ ရက် နံနက် ၉ နာရီ ၁၅မိနစ်က မြိတ်မြို့ ရေပုန်းရပ်ကွက်ရှိ ကက်သလစ်ခရစ်ယာန်ပရဟိတဂေဟာတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။ အခမ်းအနားကို ကရင်အမျိုးသားသီချင်းဖြင့် စတင်ဖွင့်လှစ်ပြီး ပြင်းငယ်ကျောင်းပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တဝိမလက အဖွင့် ဩဝါဒကထာ မိန့်ကြားခဲ့သည်။

ထို့နောက် ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် လင်းအောင်က နှုတ်ခွန်းဆက်အမှာစကားပြောကြားပြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစောလုကာက ကရင်ရိုးရာဓလေ့များအား ဖော်ထုတ်ထိန်းသိမ်းသွားကြရန် အမှာစကား ပြောကြားခဲ့သည်။ ဆက်လက်၍ KNU ကရင်အမျိုးသားအစည်းအရုံး(ဗဟို)မှ ပေးပို့သောသဝဏ်လွှာနှင့် KNU ကရင်အမျိုးသားအစည်းအရုံး(မြိတ်-ထားဝယ်ခရိုင်)မှ ပေးပို့သော သဝဏ်လွှာတို့အား ကရင်တိုင်းရင်းသား တိုင်းရင်းသူများက ဖတ်ကြားခဲ့ကြသည်။

ယင်းနောက် မြိတ်-ထားဝယ် ခရိုင်တွဲဖက်အတွင်းရေးမှူး ဖဒိုသူးရယ်က တိုင်းရင်းသားများအားလုံး အတူလက်တွဲကြရန်၊ ရိုးရာဓလေ့များကို ထိန်းသိမ်းစောင့်ရှောက်ရန်တို့အား ပြောကြားခဲ့ပြီး ကရင်ရိုးရာ ဝါခေါင်လချည်ဖြူဖွဲ့ မင်္ဂလာဖြစ်ပေါ်လာပုံကို ကရင်ဘာသာ မြန်မာဘာသာတို့ဖြင့် ဖတ်ကြားခဲ့ကြပြီး တိုင်းမှူး ဗိုလ်မှူးချုပ် လင်းအောင်က ကက်သလစ်ခရစ်ယာန် ပရဟိတဂေဟာအတွက် ထောက်ပံ့ပစ္စည်းများပေးအပ်ပြီး မောန္ဒေလပိုး ကရင်ကျမ်းစာသင်ကျောင်း ဘော်ဒါအုပ်ဆရာမန်းစိန်ရှာက နိဂုံးချုပ်စကား ပြောကြားခဲ့သည်။

ဆက်လက်၍ ကရင်တိုင်းရင်းသား ဦးဖိုးစိန်က ခုနစ်ရက်သားသမီးများနှင့် ဘိုးဘွားများအား ဆုတောင်းမေတ္တာပို့သကာ တက်ရောက်လာသူများအား ဘိုးဘွားများက ရိုးရာချည်ဖြူဖွဲ့ပေးကြပြီး ကရင်ဒုံးယိမ်းအဖွဲ့များက ကရင်ရိုးရာအကဖြင့်လည်းကောင်း၊ ကရင်ရိုးရာသီချင်းများဖြင့် လည်းကောင်း ကပြ၊ သီဆိုခဲ့ကြ၍ ကရင်တိုင်းရင်းသား တိုင်းရင်းသူများက ပေါင်းစည်းညီညွတ်ခြင်းသီချင်းဖြင့် သီဆိုဖျော်ဖြေပြီး အထိမ်းအမှတ်အခမ်းအနား ရုပ်သိမ်းခဲ့သည်။

ကရင်ရိုးရာ ဝါခေါင်လ ချည်ဖြူဖွဲ့မင်္ဂလာ အထိမ်းအမှတ် လက်ချည်ပွဲတော်ကို ပြင်းငယ်ပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တဝိမလ၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ၊ KNU ကရင်အမျိုးသားအစည်းအရုံးမှ တာဝန်ရှိသူများ၊ မြိတ်မြို့ကက်သလစ် ခရစ်ယာန်ပရဟိတဂေဟာမှ ဘုန်းတော်ကြီး ဖရူနိုးဖိလစ်၊ မောန္ဒေလပိုး ကရင်ကျမ်းစာသင်ကျောင်း ဘော်ဒါအုပ်ဆရာ မန်းစိန်ရှာနှင့် ဒေသခံ ကရင်တိုင်းရင်းသား တိုင်းရင်းသူများ၊ ကရင်ရိုးရာဒုံးယိမ်းအဖွဲ့များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **ခိုင်ထူး (ပြန်/ဆက်)**

# အခြေခံဆိုင်ကယ်ပြုပြင်ထိန်းသိမ်းနည်းသင်တန်း မိတ္ထီလာမြို့တွင် အခမဲ့ဖွင့်လှစ်မည်

**မိတ္ထီလာ ဩဂုတ် ၂၈**

အခြေခံမော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းနည်း(အခမဲ့) သင်တန်းကို မိတ္ထီလာမြို့ရှိ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း၌ စက်တင်ဘာ ၅ ရက်မှ အောက်တိုဘာ ၁၄ ရက်အထိ အခမဲ့ ဖွင့်လှစ်ပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မိတ္ထီလာမြို့နယ်အတွင်းမှ ကျေးလက်နေပြည်သူများအနေဖြင့် အခြေခံ ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းနည်းကို သိရှိတတ်ကျွမ်းပြီး အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန်၊ အိုးမကွာအိမ်မကွာ ကိုယ်ပိုင်လုပ်ငန်းထူထောင်နိုင်စေရန်နှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းများ တိုးပွားလာစေရန် ရည်ရွယ်ချက်ဖြင့် သင်တန်းကို ဖွင့်လှစ်မည်ဖြစ်ကြောင်း၊ သင်တန်းတွင် ကျေးလက်ဒေသများမှ လူငယ်များကို ဦးစားပေး၍ လက်ခံသွားမည်ဖြစ်ပြီး မော်တော်ဆိုင်ကယ် အစိတ်အပိုင်းများ အလုပ်လုပ်ပုံ၊ ဆိုင်ကယ်ကိုယ်ထည်များ ဖြုတ်/တပ်ခြင်း၊ အင်ဂျင်နှင့် ဘလောက်တုံးများဖြုတ်/တပ်ခြင်း၊ မော်တော်ဆိုင်ကယ် ဂီယာဘောက်ဖွဲ့စည်းပုံ စသည့် သင်ခန်းစာများကို စာတွေ့လက်တွေ့သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ သင်တန်းတက်ရောက်လိုသည့်ကျေးလက်ဒေသမှ လူငယ်များအနေဖြင့် မိတ္ထီလာမြို့အသေးစားစက်မှုလုပ်ငန်းဦးစီးဌာန ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း ဖုန်း-၀၆၄ - ၂၃၅၁၆ သို့ ဆက်သွယ်မေးမြန်း စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **ချမ်းသာ(မိတ္ထီလာ)**

# လျှင်ဒဏ်ကြောင့် ရေစကြိုမြို့နယ်တွင်လည်း စေတီတော်အချို့ပျက်စီးခဲ့

**ရေစကြို ဩဂုတ် ၂၈**

ဩဂုတ် ၂၄ရက်က လှုပ်ခတ်ခဲ့သော ငလျင်ဒဏ်ကြောင့် ပုဂံဒေသမှ စေတီတော်များကဲ့သို့ ပခုက္ကူခရိုင် ရေစကြိုမြို့နယ်အတွင်းမှ စေတီတော်အချို့လည်း ပြိုကျပျက်စီးမှုများ ရှိခဲ့ကြောင်း သိရသည်။

ငလျင်ဒဏ်ကြောင့် ရေစကြိုမြို့ အမှတ်(၃)ရပ်ကွက်အတွင်းမှ ဘုရားငါးဆူမှ အလယ်စေတီတော် စိန်ဖူးတော်မြေခခြင်းနှင့် စေတီတော်တွင် အက်ကြောင်းထင်ခြင်းများ ဖြစ်ပွားခဲ့ပြီး အမှတ်(၆)ရပ်ကွက်အတွင်းရှိ သီရိမင်္ဂလာသောကမင်းကြီး တည်ထားခဲ့သော ရွှေမုဋ္ဌော လေးမျက်နှာစေတီတော်တွင်လည်း ပြာသာဒ်ဆောင်ထီးတော်လေးခုနှင့် ပန်းခိုင်ကျိုးခဲ့သည်ဟု သိရသည်။ ထို့ပြင် ပခန်းကြီးမြို့ဟောင်းတွင် စည်သူရှင်ဘုရားမုခ်ဦးမှ အင်္ဂတေပြာသာဒ်ပြိုကျခဲ့ပြီး ခဲလူကျောင်းတိုက်မှ စေတီတော်မှာလည်း ထီးတော်မြေခခဲ့ကြောင်း သိရသည်။ ထို့အတူ ပခန်းငယ် သမိုင်းဝင်ရှေးဟောင်းကျောင်းတော်ကြီး၏ အနောက်မုခ်ပြိုကျခြင်းနှင့် မြောက်ဘက်လှေခါးပြိုကျခြင်းတို့လည်း ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ရေစကြိုမြို့နယ်အတွင်း ငလျင်ဒဏ်ကြောင့် ရပ်ကွက်နှင့် ကျေးရွာ ၂၂ ခုအတွင်း ဘုရားစေတီတော်များ၏ ထီးတော်များမြေခခြင်း၊ စိန်ဖူးတော်များမြေခခြင်း၊ စေတီလုံးပတ်တော်များ အက်ကွဲခြင်း၊ ပြာသာဒ်ဆောင်များ ပြိုကျခြင်း၊ ဖောင်းရစ်ကွာကျခြင်းများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

**မအိမွန်ဆွေ(ရေစကြို)**

# ပြည်သူ့ဆေးရုံသို့ ဆေးထိုးအပ်နှင့် ဆေးပုလင်းများလှူဒါန်း

**ရေဦး ဩဂုတ် ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ် ခုတင် ၁၀၀ ပြည်သူ့ဆေးရုံကြီးသို့ ဆေးထိုးအပ်နှင့် ဆေးပုလင်းများကို Myanmar JICK Young ကုမ္ပဏီက ဩဂုတ် ၂၆ ရက်က ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

သံဃာ့ဆေးရုံဟောင်း၌ ပြုလုပ်ခဲ့သည့် ဆေးထိုးအပ်နှင့် ဆေးပုလင်းများ လှူဒါန်းပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်နိုင်က မှတ်တမ်းတင်ဂုဏ်ပြုစကားများပြောကြားပြီး Myanmar JICK Young ကုမ္ပဏီမှ အလှူရှင်ဦးမျိုးအောင်က ဆေးထိုးအပ်နှင့် ဆေးပုလင်းများ လှူဒါန်းသည့်ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် အလှူရှင်က တန်ဖိုးကျပ်ခုနစ်သိန်းကျော်ရှိ ဆေးထိုးအပ်နှင့် ဆေးပုလင်းများကို မြို့နယ် ပြည်သူ့ဆေးရုံအုပ် ဒေါက်တာစန်းဌေးထံ ပေးအပ်လှူဒါန်းခဲ့ပြီး ဆေးရုံအုပ်က ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်ခဲ့သည်။

**သန်းထိုက်(ရေဦး)**

# ၂၁ ရာစု ပင်လုံညီလာခံအား ကြိုဆိုထောက်ခံကြောင်း ဆန္ဒထုတ်ဖော်



**ကျိုက်မရော ဩဂုတ် ၂၈**

မော်လမြိုင်ခရိုင် ကျိုက်မရောမြို့၌ ၂၁ ရာစု ပင်လုံညီလာခံအား ထောက်ခံကြိုဆိုကြောင်း လမ်းလျှောက်ဆန္ဒထုတ်ဖော်ပွဲကို မြို့နယ်အတွင်းရှိ ၈၈ မျိုးဆက် ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်းက ဦးဆောင်၍ ဩဂုတ် ၂၇ ရက်က ပြုလုပ်ခဲ့သည်။

ထောက်ခံကြိုဆိုပွဲတွင် ဒေသခံပြည်သူ ၂၀၀ ခန့်က ရန်မျိုးအောင်ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးရှေ့ စုရပ်မှ စတင်ကာ မော်လမြိုင်-ကျိုက်မရောကားလမ်းအတိုင်း တိုင်းရင်းသားပြည်သူများ ဝန်းရံကြ၊ ၂၁ ရာစု ပင်လုံညီလာခံကြီး အောင်ရမည်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ထာဝရငြိမ်းချမ်းပါစေ စသည့် ကြွေးကြော်သံများ ကြွေးကြော်ကာ ရှင်စောပုရပ်ကွက်ရှိ ဆုတောင်းပြည့်ဘုရားကြီးအထိ လမ်းလျှောက်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ကျေးရွာ ၃၀ အတွက် မြစိမ်းရောင်စီမံကိန်းရန်ပုံငွေ ကျပ်သိန်း ၉၀၀၀ ပေးအပ်

**ဟသ်ာတ ဩဂုတ် ၂၈**

ဟသ်ာတမြို့နယ်အတွင်း ကျေးရွာ ၃၀ ၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော်မည့် မြစိမ်းရောင်ကျေးရွာစီမံကိန်းအတွက် တစ်ရွာလျှင် ကျပ်သိန်း ၃၀၀ စီဖြင့် ရန်ပုံငွေ ကျပ်သိန်း ၉၀၀၀ ကို ဩဂုတ် ၂၅ ရက်က ပေးအပ်ခဲ့ကြောင်း သိရသည်။

ဟသ်ာတမြို့ဆယ်ထပ်ကြီးဓမ္မဗိမာန်တန်ဆောင်း၌ ပြုလုပ်သည့် ရန်ပုံငွေပေးအပ်ပွဲတွင် ဟသ်ာတခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးအောင်သက်ရှည်နှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကိုကိုဦးတို့က အမှာစကားပြောကြားပြီး ဟသ်ာတမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးသန့်ဇော်လွင်က ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း အကောင်အထည်ဖော်လျက်ရှိသည့် မြစိမ်းရောင်စီမံကိန်းများအကြောင်းကို ရှင်းလင်းပြောကြားကာ စီမံကိန်းရန်ပုံငွေများကို ကျေးရွာများမှ မြစိမ်းရောင်စီမံကိန်း ဘဏ္ဍာရေးဆပ်ကော်မတီဝင်များထံသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

**(ခရိုင် ပြန်/ဆက်)**

# မြေသိမ်းဆည်းခံရမှု ပြန်လည်စိစစ်ရေးကော်မတီ အစည်းအဝေးပြုလုပ်

**ဟားခါး ဩဂုတ် ၂၈**

ချင်းပြည်နယ် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှု ပြန်လည်စိစစ်ရေးကော်မတီ၊ ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့နှင့် ပြည်နယ် မြေလွတ်မြေလပ်မြေရိုင်းများ စီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့များ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ချင်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ဩဂုတ် ၂၅ ရက်ကပြုလုပ်ခဲ့သည်။

အစည်းအဝေးတွင် ပြည်နယ်လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှု ပြန်လည်စိစစ်ရေးကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွှယ်က အမှာစကားပြောကြားပြီး ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဇိုဘွဲနှင့် ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့်သတ္တုဝန်ကြီးတို့က မြေယာကိစ္စများနှင့်ပတ်သက်၍ ဆွေးနွေးကာ ကော်မတီအတွင်းရေးမှူး ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူးက တိုင်ကြားမှုများအပေါ် စိစစ်ဆောင်ရွက်မှုအခြေအနေ၊ သိမ်းဆည်းခံလယ်ယာမြေများ ပြန်လည်စွန့်လွှတ်မှု၊ လက်ခံရရှိမှုအခြေအနေ၊ လယ်ယာမြေအခြားနည်းအသုံးပြုနိုင်ရေး တင်ပြဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြခဲ့ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က သိမ်းဆည်းခံလယ်ယာမြေများနှင့်ပတ်သက်၍ ပြည်သူများနစ်နာမှုမရှိစေရေး ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ တိကျမြန်ဆန်စွာ စစ်ဆေးဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များအား ကော်မတီဝင်များအဖြစ် ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်/ကျေးအုပ်စုအဆင့်အထိ ထည့်သွင်းတာဝန်ပေးအပ်ထားသည့်အတွက် ပြည်သူလူထုနှင့် နိုင်ငံတော်အစိုးရအကြား စနစ်တကျ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသွားရန် လိုအပ်မည်ဖြစ်ကြောင်း အမှာစကားပြောကြားခဲ့သည်။

**(ပြည်နယ် ပြန်/ဆက်)**

# စိုက်ပျိုးရေးဦးစီးဌာန သီးနှံကွင်းပြပွဲ ရခိုင်ပြည်နယ်တွင် ပထမဆုံးအကြိမ်ပြုလုပ်

**စစ်တွေ ဩဂုတ် ၂၈**

ရခိုင်ပြည်နယ်အတွင်း လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေရန်ရည်ရွယ်၍ ရခိုင်ပြည်နယ်အတွင်း ပထမဆုံးအကြိမ် သီးနှံကွင်းပြပွဲကို စစ်တွေမြို့ စစ်တွေမျိုးသန့်ခြံ၌ ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနက ကြီးမှူးကာ ဩဂုတ် ၂၄ ရက်က ကျင်းပခဲ့သည်။

ပြည်နယ်အတွင်း လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်နှင့် စိုက်ပျိုးရေးဦးစီးဌာန၏ လုပ်ငန်းတစ်ခုဖြစ်သည့် တောင်သူများအား စိုက်ပျိုးနည်း လက်တွေ့ပြသခြင်းကို လုပ်ဆောင်ခြင်းဖြစ်ကြောင်း၊ ယခုပြပွဲတွင် စစ်တွေခရိုင်အတွင်းရှိ စစ်တွေ၊ ပေါက်တော၊ ပုဏ္ဏားကျွန်းနှင့် ရသေ့တောင်မြို့နယ်တို့မှ တောင်သူပေါင်း ၂၀၀ ကျော် လာရောက်ပြီး လက်တွေ့လေ့လာကြကြောင်း၊ စိုက်ပျိုးရေးဦးစီးဌာန၏ သိပ္ပံနည်းကျ စိုက်ပျိုးထားရှိမှုများကို တောင်သူများအနေဖြင့် လက်တွေ့လေ့လာနိုင်မည်ဖြစ်ပြီး စိုက်ပျိုးနည်းများအတိုင်း လိုက်နာဆောင်ရွက်သွားမည်ဆိုလျှင် သီးနှံအထွက်နှုန်းများ တိုးတက်ကာ တောင်သူများ၏ဘဝ တိုးတက်မြင့်မားလာမည်ဖြစ်ကြောင်း ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးတိုးဝေက ပြောကြားသည်။ ယခု သီးနှံကွင်းပြသခြင်းသည် ပြည်နယ်တွင် ပထမဆုံးအကြိမ် ပြသခြင်းဖြစ်ကြောင်းနှင့် နောင်တွင် ပြည်နယ်အတွင်းရှိ အခြားခရိုင်များတွင်လည်း ဆက်လက်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

သီးနှံကွင်းပြသပွဲကို အပိုင်းနှစ်ပိုင်းခွဲ၍ ပြုလုပ်ခဲ့ပြီး ပထမပိုင်းတွင် ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် သတ္တုတွင်းဝန်ကြီး ဦးကျော်လွင်က အမှာစကားပြောကြားပြီး ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှူးက သီးနှံကွင်းပြပွဲ ကျင်းပခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ဒုတိယပိုင်းတွင် ပြပွဲတက်ရောက်သော ပြည်နယ်ဝန်ကြီးများနှင့် ဒေသခံတောင်သူများက သီးနှံစိုက်ခင်းများကို လက်တွေ့ကွင်းဆင်းလေ့လာကြကာ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် စစ်တွေမျိုးသန့်ခြံမှ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။ ၎င်းသီးနှံပြကွင်းတွင် မြေ ဧက ၄၀ ၌ ရွှေဝါထွန်းမျိုးနှင့် ဆင်းသွယ်လတ်မျိုးစပါးများကို သိပ္ပံနည်းကျစိုက်ပျိုးထားပြီး ပြသခြင်းဖြစ်ကြောင်း သိရ သည်။ **(ခရိုင် ပြန်/ဆက်)**



# လူမှုကူညီရေးအသင်း(CSO)များ အလုပ်ရုံဆွေးနွေး

**မြိုင် ဩဂုတ် ၂၈**

မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ်အတွင်း မာရီစတုပ်(စ်)အင်တာနေရှင်နယ်မြန်မာနှင့် မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားအသင်းတို့ ပူးပေါင်းဆောင်ရွက်နေသော မိခင်နှင့်ကလေးသေနှုန်းလျှော့ချရေးလုပ်ငန်းများနှင့် ပတ်သက်၍ မြို့နယ်အတွင်းရှိ လူမှုကူညီရေးအသင်း(CSO)များနှင့် ပူးပေါင်းကာ ဩဂုတ် ၂၆ နှင့် ၂၇ ရက် နှစ်ရက်ကြာ အလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်ခဲ့သည်။

မြိုင်မြို့ နှံ့သာမြိုင်ခန်းမ၌ ပြုလုပ်သည့် အလုပ်ရုံဆွေးနွေးပွဲတွင် မာရီစတုပ်(စ်)အင်တာနေရှင်နယ်မြန်မာမှ မြိုင်မြို့နယ်တာဝန်ခံ ဒေါက်တာစိန်ဌေးနိုင်နှင့် သင်တန်းနည်းပြ ဆရာမများက ဦးဆောင်ကာ မိခင်နှင့်ကလေးသေဆုံးမှုလျှော့ချရေးအတွက် လူမှုကူညီရေးအသင်းများမှ ဆောင်ရွက်ရန်နည်းလမ်းများကို ဆွေးနွေးကြပြီး မြန်မာနိုင်ငံ သူနာပြုနှင့်သားဖွားအသင်းဝင်များနှင့် မြိုင်မြို့နယ်အတွင်းရှိ လူမှုကူညီရေးအသင်းများမှ အသင်းဝင်များက တစ်ဦးချင်းစီ ဆွေးနွေးအကြံပြုခဲ့သည်။ **စိန်မြိုင်(မြိုင်)**



**ရန်ကုန်တိုင်းဒေသကြီးအနောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့က ဥပဒေကျူးလွန်သူတို့အား ဖမ်းဆီးနည်း (ဆင့်ပွား) သင်တန်းအမှတ်စဉ်(၃/၂၀၁၆) ဆင်းပွဲကို ဩဂုတ် ၂၆ရက်က စမ်းချောင်းမြို့နယ် ရဲတပ်ဖွဲ့ဝင်း၌ ကျင်းပရာ ရန်ကုန်အနောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မြင့်သိန်းဦးက သင်တန်းဆင်းအမှာစကား ပြောကြားပြီး သင်တန်းဆင်းလက်မှတ်များ ပေးအပ်စဉ်**

တင်ဝင်းလေး(ကြည့်မြင်တိုင်)

# ရေဘေးသင့်ပြည်သူများ ပြန်လည်ထူထောင်ရေးအတွက် ရန်ပုံငွေဓာတ်ပုံအရောင်းပြပွဲ ဟင်္သာတမြို့၌ ကျင်းပ

**ဟင်္သာတ ဩဂုတ် ၂၈**

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ရေဘေးသင့်ပြည်သူများအား ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးအတွက် ရန်ပုံငွေဓာတ်ပုံအရောင်းပြပွဲကို ဟင်္သာတခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဟင်္သာတမြို့နယ်အတွင်းမှ ဓာတ်ပုံဆရာများ၊ ဓာတ်ပုံဝါသနာရှင်များ ပူးပေါင်းကာ ဩဂုတ် ၂၅ ရက်မှစ၍ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ကျင်းပလျက်ရှိသည်။

ဟင်္သာတမြို့နယ်အတွင်းမှာရှိသည့် ဓာတ်ပုံဆရာများနှင့် ဓာတ်ပုံဝါသနာရှင်များ စုပေါင်းပြီး အရောင်းပြပွဲတွင် (၈×၁၂)လက်မအရွယ် ဓာတ်ပုံ ၈၉ ပုံကို ပြသထားကြောင်း၊ မည်သည့်ဓာတ်ပုံကိုမဆို ကျပ်တစ်သောင်းနှုန်းဖြင့် ရောင်းချသွားမည်ဖြစ်ကြောင်း၊ ဓာတ်ပုံအရောင်းပြပွဲမှ ရရှိသည့် အမြတ်ငွေများကို ဧရာဝတီတိုင်းဒေသကြီးအတွင်းမှ ရေဘေးကြုံတွေ့ခဲ့သည့် ပြည်သူများအား ပြန်လည်ထူထောင်ရေး ဆောင်ရွက်ပေးရန်အတွက် ရန်ပုံငွေအရောင်းပြပွဲအဖွဲ့က ကိုယ်တိုင်ကိုယ်ကျ သွားရောက်လှူဒါန်းသွားမည်ဖြစ်ကြောင်း ဓာတ်ပုံဝါသနာရှင် ကိုသန့်ဇင်က ပြောသည်။

အဆိုပါဓာတ်ပုံပြပွဲကို ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးတွင် ဩဂုတ် ၂၅ ရက်မှ ၃၀ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ည ၉ နာရီအထိ ဖွင့်လှစ်ပြသ၍ ဓာတ်ပုံများ ရောင်းချသွားမည်ဖြစ်ပြီး အရောင်းပြပွဲမှ မိမိတို့ကြိုက်နှစ်သက်ရာဓာတ်ပုံများကို ဝယ်ယူအားပေးခြင်းဖြင့် ရေဘေးသင့်ပြည်သူများအား ပြန်လည်ထူထောင်ရေးအတွက် ပါဝင်လှူဒါန်းပေးကြစေလိုကြောင်း ပြပွဲတွင် ဓာတ်ပုံများ ပါဝင်ပြသထားကြသော ဟင်္သာတမြို့နယ်မှ ဓာတ်ပုံဆရာများနှင့် ဓာတ်ပုံဝါသနာရှင်များက ပြောသည်။

**(ခရိုင် ပြန်/ဆက်)**

■



## ဝင်ငွေခွန်နှင့် တံဆိပ်ခေါင်းခွန်များ လွှဲပြောင်းပေးအပ်

**တောင်ငူ ဩဂုတ် ၂၈**

ပြည်တွင်းအခွန်များဦးစီးဌာန တောင်ငူမြို့နယ် အခွန်ဦးစီးရုံးမှ မြို့နယ်စည်ပင်သာယာရေးအဖွဲ့သို့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပထမသုံးလပတ်အတွက် ဝင်ငွေခွန်၏ ၅ ရာခိုင်နှုန်းဖြစ်သည့် ငွေကျပ် ၇၉၃၀၀၀၁ နှင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပထမ သုံးလပတ်အတွက် တံဆိပ်ခေါင်းခွန် ၂ ရာခိုင်နှုန်းဖြစ်သည့် ငွေကျပ် ၅၀၀၀၀၀၀ ကို မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးလှမြင့်က တောင်ငူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ အမ်လှသောင်းထံသို့ ဩဂုတ် ၂၅ ရက်က မြို့နယ်အခွန်ဦးစီးရုံးခန်းမ၌ ပေးအပ်ခဲ့သည်။

အဆိုပါအခွန်များသည် စည်ပင်သာယာရေးအဖွဲ့လုပ်ငန်းများဖြစ်သည့် ဒေသဖွံ့ဖြိုးရေးအတွက် အသုံးပြုရန် တစ်နှစ်လေးကြိမ်ခွဲဝေပေးရမည်ဖြစ်ကြောင်း သိရသည်။ **သူရ(တောင်ငူ)**

## လမ်း၊ တံတားနှင့် ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**ရေး ဩဂုတ် ၂၈**

မွန်ပြည်နယ် ရေးမြို့နယ်တွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခွင့်ပြုရန်ပုံငွေ ကျပ် ၆၈၄ ဒသမ ၂ သန်းဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သော လမ်း၊ တံတားနှင့် ရေရရှိရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ လုပ်ငန်းများကို သက်ဆိုင်ရာကုမ္ပဏီများထံ တင်ဒါစနစ်ဖြင့် တာဝန်ပေးအပ် လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။

ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအဖြစ် ကျေးရွာချင်းဆက်လမ်းလုပ်ငန်းတွင် အာယုတောင်-တောင်ဘုံ ကတ္တရာလမ်းအရှည် တစ်မိုင်ကို ခွင့်ပြုငွေ ကျပ် ၁၀၆ ဒသမ ၂ သန်းဖြင့်လည်းကောင်း၊ ကျုံလောင်း-ကျောက်မိချောင်းတောင် ကတ္တရာလမ်း နှစ်ဖာလုံကို ခွင့်ပြုငွေကျပ် ၁၅၉ ဒသမ ၃ သန်းဖြင့်လည်းကောင်း၊ ဟံဂံ-ကော့လိုင်-ဆင်ကူး ကတ္တရာလမ်းအရှည် နှစ်မိုင်ကို ခွင့်ပြုငွေကျပ် ၂၁၂ ဒသမ ၄ သန်းဖြင့်လည်းကောင်း ကုမ္ပဏီလေးခုထံ တာဝန်ပေးအပ်နှံထားကြောင်း သိရသည်။

တံတားလုပ်ငန်းတွင် မော့ကနင်-မြို့ဟောင်းလမ်းပေါ် အရှည် ပေ ၅၀ ရှိ ကွန်ကရစ်တံတားကို ခွင့်ပြုရန်ပုံငွေ ကျပ်သန်း ၅၀ ဖြင့် MHTT ကုမ္ပဏီက ဆောင်ရွက်နေပြီး ရေပေးဝေရေးလုပ်ငန်းတွင် ကွမ်ဒူးကျေးရွာ၌ တွင်းနက်တစ်တွင်း တူးဖော်ခြင်းနှင့် သဲခုံကျေးရွာနှင့် ကမ်းနီကျေးရွာများတွင် စိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်းကို ခွင့်ပြုရန်ပုံငွေ ကျပ် ၅၀ ဒသမ ၁ သန်းဖြင့် ပြည်အလင်းရောင်ကုမ္ပဏီတို့ထံ အပ်နှံထားသည်။

ထို့အတူ ကုလားကုတ်ကျေးရွာ ကွန်ကရစ်လမ်းအရှည်တစ်မိုင်ကို ခွင့်ပြုငွေကျပ် ၁၀၆ ဒသမ ၂ သန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆက်လက်တာဝန်ယူလုပ်ကိုင်သွားမည်ဖြစ်ကြောင်း၊ အဆိုပါ လမ်း၊ တံတားနှင့် ရေပေးဝေရေးလုပ်ငန်းများ အရည်အသွေးပြည့်မီရေးနှင့် လုပ်ငန်းများ အချိန်မီပြီးစီးနိုင်ရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကုမ္ပဏီများအား ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**နေမျိုးထွဋ်(ရေး)**

## မြစ်ရေဝင်ရောက်၍ နေအိမ်ပျက်စီးသည့် ပြည်သူများအား ထောက်ပံ့

**စလင်း ဩဂုတ် ၂၈**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်၌ ဧရာဝတီမြစ်ရေဝင်ရောက်၍ နေအိမ်များ ပျက်စီးသွားခဲ့သော ဒေသခံပြည်သူများအား လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ထောက်ပံ့ငွေနှင့် အခြားပစ္စည်းများကို ဩဂုတ်လ စတုတ္ထပတ်က ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းဝေးခန်းမ၌ ပြုလုပ်ခဲ့သည့် ထောက်ပံ့ငွေနှင့် ပစ္စည်းများ ပေးအပ်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးလှိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်ခင်နှင့် တိုင်းဒေသကြီး လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ဝန်ထမ်းများက ဧရာဝတီမြစ်ရေဝင်ရောက်၍ နေအိမ်များ လုံးဝပျက်စီးသွားခဲ့သော အိမ်ထောင်စု ၃၆ စုအား တစ်အိမ်ထောင်လျှင် ထောက်ပံ့ငွေ ကျပ်ငါးသောင်းစီနှင့် နေအိမ်တစ်စိတ်တစ်ပိုင်း ပျက်စီးခဲ့သော အိမ်ထောင်စု ၁၀ စုအတွက် တစ်အိမ်ထောင်လျှင် ကျပ်နှစ်သောင်းစီကို ထောက်ပံ့ပေးအပ်ကာ ကယ်ဆယ်ရေးပစ္စည်း ကိုးမျိုးကိုလည်း အိမ်ထောင်စုများသို့ ပေးအပ်ခဲ့ကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**

## မိတ္ထီလာတွင် ကလေးပန်းချီပြိုင်ပွဲကျင်းပ

**မိတ္ထီလာ ဩဂုတ် ၂၈**

မိတ္ထီလာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ပြည်သူ့စာကြည့်တိုက်၌ ကလေးပန်းချီပြိုင်ပွဲကို ဩဂုတ် ၂၅ ရက်က ကျင်းပခဲ့သည်။ မျိုးဆက်သစ်ကလေးငယ်များ ပန်းချီအနုပညာကို စိတ်ဝင်စားပြီး စိတ်ကူးအတွေးနှင့် အတွေးအခေါ် ရင့်သန်စေရန်နှင့် မိမိတို့၏ စိတ်ကူးများကို လက်တွေ့အကောင်အထည်ဖော် တတ်သော အလေ့အကျင့်ကောင်းများ ရရှိစေရန် ရည်ရွယ်၍ ပြိုင်ပွဲကို ကျင်းပပေးခြင်းဖြစ်ပြီး ကလေးငယ်များ ကိုယ်တိုင်ရေးဆွဲထားသည့် ပန်းချီကားချပ်များကို ထားရှိပြသနိုင်ရန် နေရာကိုလည်း မိတ္ထီလာခရိုင် ပြည်သူ့စာကြည့်တိုက်အတွင်း၌ စီစဉ်သတ်မှတ်ပေးထားကြောင်း သိရသည်။

ပန်းချီပြိုင်ပွဲတွင် မိတ္ထီလာ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ပဉ္စမတန်းမှ အဋ္ဌမတန်းအထိ ကျောင်းသား ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများကို ခရိုင်ဦးစီးအရာရှိ ဒေါ်မြင့်မြင့်သန်းက ပေးအပ်ချီးမြှင့်ခဲ့သည်။ မိတ္ထီလာခရိုင် ပြည်သူ့စာကြည့်တိုက်တွင် လစဉ် ကလေးပန်းချီပြိုင်ပွဲများနှင့် စာဖတ်ဝိုင်းများကိုလည်းကောင်း၊ လူမှုရေးအသင်းအဖွဲ့ခေါင်းဆောင်များ အားတွေ့ဆုံ၍ ရပ်ရွာဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆွေးနွေးတိုင်ပင်ခြင်း စသည်တို့ကိုလည်းကောင်း ဆောင်ရွက်လျက်ရှိကြောင်းလည်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

## သတင်းတိုများ

### ကျေးရွာသုံးထင်းစိုက်ခင်းမှထင်းများ ဖြန့်ဝေ

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၏ ကျေးရွာသုံးထင်းစိုက်ခင်းမှ ထွက်ရှိသောထင်းများကို ဒေသခံပြည်သူများထံ ဩဂုတ် ၂၄ ရက်က ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ မြင်းခြံမြို့နယ် ကုက္ကဲတောင် ကာကွယ်တောအတွင်း အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနက ၂၀၀၉-၂၀၁၀ ခုနှစ်တွင် တည်ထောင်စိုက်ပျိုးခဲ့သော ကျေးရွာသုံးထင်းစိုက်ခင်း အမှတ်(၅/၂၀၀၉)ရှိ ဧက ၄၀ မှာ သက်တမ်း ငါးနှစ်ပြည့်ပြီးဖြစ်၍ ကျေးရွာသို့လွှဲပြောင်းပေးပြီး အဆိုပါ ဧက ၄၀ အနက် ဧက ၂၀ တွင် အပြောင်ခုတ်လှဲခြင်းလုပ်ငန်းမှ ထွက်ရှိသော ထင်း ၂၁ တန်ခန့်ကို စိုက်ခင်းအနီးရှိ ရွာသာယာကျေးရွာမှ ပြည်သူများထံသို့ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကံထွန်း၊ မြို့နယ်ဦးစီးအရာရှိနှင့် ဝန်ထမ်းများက ဖြန့်ဝေပေးခဲ့ကြခြင်းဖြစ်သည်။ **ဇော်မင်းနိုင်(မြင်းခြံ)**

### ကျောင်းသား ကျောင်းသူများ စာဖတ်မှတ်စွမ်းရည်ပြိုင်ပွဲကျင်းပ

နေပြည်တော် ဇေယျာသီရိမြို့နယ်တွင် ကျောင်းသား ကျောင်းသူများ စာပေဖတ်ရှုလေ့လာသည့်စွမ်းအား မြင့်မားလာစေရန်ရည်ရွယ်၍ စာဖတ်မှတ်စွမ်းရည်ပြိုင်ပွဲကို မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးပြီး နန်းသြကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း၌ ပြုလုပ်ခဲ့သည်။ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးသန်းနှင့် မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဒေါ်မြစန်းရီတို့က အမှာစကားပြောကြားပြီး ပြိုင်ပွဲကိုဆက်လက်ကျင်းပရာ အလယ်တန်းဆင့်ကျောင်းသား ကျောင်းသူ ၁၀ ဦးက ကော်ဖီလိုလူ ခေါင်းစဉ်ဖြင့်ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုရရှိသော ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများ ချီးမြှင့်ပေးအပ်ခဲ့သည်။

**စိုးသူအောင်**

### အနာကြီးရောဂါကင်းဝေးရေးအသိပညာပေးဟောပြော

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ပဲနွယ်ကုန်းကျေးလက်ကျန်းမာရေးဌာနအပိုင် ဇောတိကျေးရွာ၌ အနာကြီးရောဂါကင်းဝေးရေး အသိပညာပေးဆွေးနွေးပွဲကို မြို့နယ်ကျန်းမာရေးဦးစီးဌာနက ကြီးမှူးပြီး ဩဂုတ် ၂၅ ရက်က ကျင်းပခဲ့သည်။ ဆွေးနွေးပွဲတွင် ကျောက်တံခါးမြို့နယ် ကျန်းမာရေးဦးစီးဌာနနှင့် ပဲနွယ်ကုန်း ကျန်းမာရေးဌာနတို့မှ ဝန်ထမ်းများက အနာကြီးရောဂါအကြောင်း သိကောင်းစရာများကို ဟောပြောခဲ့ကြသည်။ ဟောပြောပွဲများကို ကျောက်တံခါးမြို့နယ်အတွင်း ကျေးရွာများ၌ ဩဂုတ် ၂၂ ရက်မှစတင်၍ လိုက်လံပြုလုပ်ပေးနေခြင်းဖြစ်ကာ ၂၈ ရက်အထိ သတိပဋ္ဌာန်၊ အောင်မြေ၊ တပင်ရွှေထီးမြောက်၊ ခင်ကြီး၊ အလယ်ခင်၊ ဇောတိ၊ အုန်းနဲ့ရိုး ကျေးရွာများတွင် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ခင်ကို(ကျောက်တံခါး)**

### ယာဉ်စည်းကမ်းနှင့် မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း ဟောပြော

ရမည်းသင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ခရိုင်ယာဉ်ထိန်းရဲတပ်ဖွဲ့မှူးရုံး၊ ခရိုင်မူးယစ်ဆန့်ကျင်ရေးအဖွဲ့နှင့် မြို့နယ်စာရေးဆရာအသင်းတို့ ပူးပေါင်း၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ၊ စာဖတ်ရှိန်မြှင့်တင်ရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း ပညာပေးဟောပြောပွဲကို သိမ်ကုန်းကျေးရွာရှိ နေခြည်ကိုယ်ပိုင်ဘော်ဒါစာသင်ဝိုင်း၌ ဩဂုတ် ၂၅ ရက်က ပြုလုပ်ခဲ့သည်။ ဟောပြောပွဲတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်စမ်းစမ်းအေးက စာဖတ်ရှိန်မြှင့်တင်ရေး၊ ခရိုင်မူးယစ်ဆန့်ကျင်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းဟိန်ခန့်က မူးယစ်ဆေးဝါးအန္တရာယ်နှင့် မူခင်းကျဆင်းရေး၊ မြို့နယ်စာရေးဆရာအသင်း အတွင်းရေးမှူး ဦးလှိုင်သန်းတင့်ကအပေါင်းအသင်း ပေါင်းသင်းဆက်ဆံမှု၊ ခရိုင်ယာဉ်ထိန်းရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့စုမှူး ဒုရဲမှူးအောင်ဇော်မင်းနှင့် ခရိုင်ရဲတပ်ဖွဲ့မှူးရုံး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေးတာဝန်ခံ ရဲအုပ်လှထွန်းနိုင်တို့က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း စသည့်အကြောင်းအရာများကို ဟောပြောခဲ့ကြသည်။ **နေလင်းအောင်(ပြန်/ဆက်)**

### ခုနစ်ပင်လိုင်ချောင်းအတွင်းမှ ရွှံ့နွံများတူးဖော်ဆယ်ယူ

တာမွေမြို့နယ်အတွင်းရှိ ခုနစ်ပင်လိမ်ချောင်းအတွင်း ရွှံ့နွံများပိတ်နေမှုကို မြို့နယ်စည်ပင်သာယာရေးဦးစီးဌာန အင်ဂျင်နီယာဌာနနှင့် လမ်းတံတားတာဝန်ခံများ ဩဂုတ် ၂၃ ရက်က ဆောင်ရွက်ခဲ့ကြသည်။ လုပ်ငန်းဆောင်ရွက်မှုကို ရန်ကုန်အရှေ့ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှူးက လာရောက်ကြည့်ရှုပြီး မြို့နယ်စည်ပင်သာယာဦးစီးမှူးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့က လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြခဲ့သည်။ ခရိုင်အုပ်ချုပ်ရေးမှူးက ချောင်းဆယ်ယူရာတွင် ငမိုးရိပ်ချောင်းအထိ ဆယ်ယူရန်နှင့် ထိုသို့ပြုလုပ်ပေးခြင်းဖြင့် ဘေးဝဲယာရပ်ကွက်များနှင့် ရန်ကင်း၊ သဃ်န်းကျွန်းမြို့နယ်များတွင်ပါ ရေကြီးရေလျှံမှု လျော့နည်းသွားစေမည်ဖြစ်ကြောင်း မှာကြားခဲ့သည်။ ချောင်းဆယ်ယူရာတွင် စည်ပင်ဝန်ထမ်းများနှင့်အတူ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် လမ်းသာယာရေးအဖွဲ့ဝင်များကလည်း ပူးပေါင်းပါဝင်၍ ကူညီဆောင်ရွက်ပေးခဲ့ကြသည်။ **လှလှ**

### ယာဉ်စည်းကမ်းစစ်ဆေးခြင်းနှင့် အရေးယူမှုများ ဆောင်ရွက်

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်တွင် ပြည်သူများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်အညီ လိုက်နာမောင်းနှင်ပြီး ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် မြို့နယ်ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီမှ အဖွဲ့ဝင်များနှင့် ဌာနပေါင်းစုံ ပူးပေါင်းပြီး နတ်မော်ကွင်းကူးလမ်း၊ ပလဝမ်းလမ်းနှင့် ကုလားဆိပ်ကမ်းလမ်းများ၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာမှုမရှိသည့် မော်တော်ယာဉ်မောင်းနှင်သူများအား ယာဉ်လိုင်စင်နှင့်၊ ယာဉ်မောင်းလိုင်စင်စစ်ဆေးခြင်းများ ကွင်းဆင်းဆောင်ရွက်ခဲ့ကြကာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာမှုမရှိသည့် ထော်လာဂျီတစ်စီး၊ လိုက်ထရပ်နှစ်စီး အပါအဝင် အမှုပေါင်း ၁၅ မှုကို ဖမ်းဆီးအရေးယူနိုင်ခဲ့ကြောင်း မြို့မရဲစခန်းမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ၂၀၁၈ ကမ္ဘာ့ဖလားခြေစစ်ပွဲ အာရှဇုန်ခြေစစ်ပွဲမှာ ဘယ်အသင်းတွေ ခြေစစ်ပွဲအောင်မလဲ



**မိုးမြင့်လင်းလက်**

ဒီတစ်ပတ်ကြားရက်ဖြစ်တဲ့ စက်တင်ဘာ ၁ ရက်နဲ့ ၂ ရက်တွေမှာ ၂၀၁၈ ကမ္ဘာ့ဖလား အာရှဇုန်ခြေစစ်ပွဲတွေ ကစားဖို့ရှိနေပါတယ်။ ပရီမီယာလိဂ်၊ လာလီဂါ၊ ဘွန်ဒက်လီဂါနဲ့ စီးရီးအေပွဲတွေနဲ့ စည်ဝေနေတဲ့ ဒီသတင်းပတ်မှာ ကြားရက်ပွဲတွေကလည်း ရှိနေပြန်တာကြောင့် ပရိသတ်တွေကတော့ နေ့ရက်တိုင်း ရင်ခုန်ကြရဦးမှာဖြစ်ပါတယ်။ ၂၀၁၈ ကမ္ဘာ့ဖလားပွဲမှာ အာရှဇုန်က ဘယ်အသင်းတွေခြေစစ်ပွဲအောင်သွားမလဲဆိုတာကလည်း စိတ်ဝင်စားစရာပါပဲ။ အုပ်စုနှစ်စုခွဲပြီး ကစားမယ့် ဒီပွဲစဉ်တွေမှာ အုပ်စုပထမနဲ့ ဒုတိယရရှိတဲ့ အသင်းလေးသင်းဟာ တိုက်ရိုက်ခြေစစ်ပွဲအောင်ပြီး တတိယနေရာက နှစ်သင်းကတော့ ထပ်ဆင့်ခြေစစ်ပွဲကစားဦးမှာဖြစ်ပါတယ်။

**ဩစတြေးလျနှင့် အီရတ်**

အုပ်စု(ခ)မှာ ဩစတြေးလျနဲ့ အီရတ်အသင်းတွေ ပါဝင်နေပါတယ်။ ဩစတြေးလျနဲ့ အီရတ်အသင်းတို့ရဲ့ ကစားအားကိုကြည့်ရင် ဩစတြေးလျနောက်ဆုံးသုံးပွဲ ကစားခဲ့တဲ့ရလဒ်ကိုကြည့်ရင် ဂရိကို တစ်ပွဲနိုင် တစ်ပွဲရှုံး၊ အင်္ဂလန်အသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ ရှုံးထားပါတယ်။ အီရတ်တို့က မြောက်ကိုရီးယားအသင်းကို တစ်ဂိုးစီသရေကစားနိုင်ခဲ့ပေမယ့် ကာတာနဲ့ ဥဇဘတ်အသင်းတွေကို ရှုံးပွဲကြုံထားပါတယ်။ ဒီနှစ်သင်းရဲ့နောက်ဆုံး ထိပ်တိုက်တွေ့ဆုံမှုကိုကြည့်ရင် ဩစတြေးလျတို့ချည်း နိုင်ပွဲရရှိခဲ့တာမို့ အခုပွဲမှာလည်း ဩစတြေးလျတို့ပဲ သုံးမှတ်အပြည့်ရယူသွားပါလိမ့်မယ်။

**ဂျပန်နှင့် ယူအေအီး**

ဘူလ်ဂေးရီးယားကို ခုနစ်ဂိုးနဲ့ ဆီးရီးယားကို ငါးဂိုးပြတ်သွင်းကာ နိုင်ပွဲရယူထားတဲ့ ဂျပန်အသင်းဟာ ဘော့စနီးယားကို နှစ်ဂိုး-တစ်ဂိုးနဲ့ ရှုံးခဲ့တာကတော့ ဘဝင်မကျစရာပါပဲ။ ယူအေအီးတို့ကတော့ ဆီးရီးယားကို ရှုံးပြီး လီဗန်တေးကို ဂိုးမရှိသရေကစားကာ မာစီယာအသင်းကိုတော့ လေးဂိုး-တစ်ဂိုးနဲ့ နိုင်ထားပါတယ်။ ဂျပန်ရဲ့လက်ရှိခြေစွမ်းအရ ယူအေအီးတို့ နိုင်ဖို့မလွယ်ပါဘူး။

**အီရတ်နှင့် ကာတာ**

အီရန်တို့ရဲ့လောလောဆယ်ခြေစွမ်းကိုကြည့်ရင် ကာဂျစ်စတန်၊ မက်ဆီဒိုးနီးယားအသင်းတွေကို နိုင်ပွဲဆက်တိုက်ရယူထားပါတယ်။ ကာတာရဲ့ကစားအားကလည်း ဂျော်ဒန်၊ အီရတ်၊ အယ်လ်ဘေးနီးယားအသင်းတွေကို ပွဲဆက်အနိုင်ယူထားတာမို့ အကောင်းဆုံးခြေစွမ်းရရှိနေပါတယ်။ ဒီနှစ်သင်းရဲ့ထိပ်တိုက်တွေ့ဆုံခဲ့တဲ့ နောက်ဆုံးသုံးပွဲကိုကြည့်ရင် အီရန်က နှစ်ပွဲနိုင်ပြီး သရေတစ်ပွဲဖြစ်ထားပါတယ်။ အကြိုက်က အီရန်ဖြစ်ပေမယ့် သရေပွဲလည်း ဖြစ်သွားနိုင်ပါတယ်။

**ဆော်ဒီအာရေဗျနှင့် ထိုင်း**

အရှေ့တီမောအသင်းကို ၁၀ ဂိုးပြတ်သွင်းပြီး နိုင်ပွဲရယူထားတဲ့အပြင် မလေးရှားအသင်းကို နှစ်ဂိုးပြတ်သွင်းကာ အောင်ပွဲခံခဲ့တဲ့ ဆော်ဒီအာရေဗျအသင်းဟာ ယူအေအီးအသင်းကိုတော့ တစ်ဂိုးစီသရေပွဲဖြစ်ထားပါတယ်။ ဆော်ဒီအာရေဗျနဲ့ ထိုင်းတို့နောက်ဆုံးသုံးကြိမ် တွေ့ဆုံမှုရလဒ်ကိုကြည့်ရင် ထိုင်းတို့တစ်ပွဲမှ မနိုင်ခဲ့ပါဘူး။ လက်ရှိပွဲကလည်း ဆော်ဒီအာရေဗျအိမ်ကွင်းဖြစ်တာမို့ ထိုင်းတို့အမြင့်ဆုံးမျှော်မှန်းနိုင်တာက တစ်မှတ်ပါပဲ။

**တောင်ကိုရီးယားနှင့် တရုတ်**

ချက်အသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့နိုင်ပြီး ကူဝိတ်ကို သုံးဂိုးပြတ်နဲ့ နိုင်ပွဲရထားတဲ့ တောင်ကိုရီးယားတို့က စပိန်ကိုတော့ ခြောက်ဂိုး-တစ်ဂိုးနဲ့ ရှုံးထားပါတယ်။ တရုတ်တို့ကတော့ ထရီနီဒက်နဲ့ ကတာကို နိုင်ပွဲဆက်ထားပေမယ့် ကာဇက်စတန်ကိုတော့ တစ်ဂိုး-ဂိုးမရှိနဲ့ ရှုံးထားပါတယ်။ ဒီနှစ်သင်းရဲ့နောက်ဆုံးတွေ့ဆုံမှု သုံးပွဲရလဒ်ကိုကြည့်ရင် တစ်ပွဲစီနိုင်ပြီး သရေတစ်ပွဲဖြစ်ထားပါတယ်။ လက်ရှိခြေစွမ်းအရ တောင်ကိုရီးယားရဲ့ကွင်းလည်းဖြစ်ပြီး ခြေစွမ်းပိုင်းမာကျောတဲ့ အိမ်ရှင်တောင်ကိုရီးယားတို့ပဲ ကပ်ပြီးအနိုင်ရသွားပါလိမ့်မယ်။

**ဥဇဘတ်ကစ္စတန်နှင့် ဆီးရီးယား**

ဥဇဘတ်အသင်းဟာ အသင်းလိုက်ကစားအားကောင်းပြီး ပွဲပြီးတဲ့အထိ ကစားအား မချဘဲ ရုန်းကန်နိုင်တဲ့ ပါဝါရှိပါတယ်။ ဆီးရီးယားတို့ကတော့ နောက်ဆုံးသုံးပွဲကစားခဲ့တဲ့ ယူအေအီး၊ ထိုင်း၊ ဗီယက်နမ်အသင်းတွေနဲ့ပွဲမှာ နိုင်ပွဲတစ်ပွဲမှ မရခဲ့ပါဘူး။ ဥဇဘတ်တို့က အီရတ်၊ ဘာရိန်းအသင်းတွေကို ဖိအားပေးကစားနိုင်ခဲ့သလို အနိုင်ရအောင်လည်း အားထုတ်နိုင်ပါတယ်။ ဒီနှစ်သင်းရဲ့ကစားအားနဲ့ စွမ်းဆောင်မှုကိုကြည့်ရင် ဥဇဘတ်တို့ပဲ ဂိုးမပြတ်ပေမယ့် နိုင်ပွဲရသွားပါလိမ့်မယ်။ ။

## မန်ယူနဲ့ ဗန်ပါစီ ယူရိုပါလိဂ်မှာ တွေ့ပြီ



ယူရိုပါလိဂ် အုပ်စုအဆင့်ပြိုင်ပွဲများစာရင်းကို ထုတ်ပြန်ခဲ့ပြီးနောက် မန်ယူဟာ အသင်းက တိုက်စစ်မှူးဟောင်း ဗန်ပါစီရဲ့ ဖီနာဘာချီအသင်းတို့ဟာ တစ်အုပ်စုတည်းမှာ ဆုံတွေ့ကြမှာဖြစ်ပါတယ်။ မန်ယူနဲ့ ဖီနာဘာချီတို့ရဲ့တွေ့ဆုံမှုဟာ မန်ယူတိုက်စစ်မှူးဟောင်း ဗန်ပါစီနဲ့ မန်ယူတို့ ပြန်လည်တွေ့ဆုံမှုလည်းဖြစ်ပါတယ်။ မန်ယူတိုက်စစ်မှူးဟောင်း ဗန်ပါစီဟာ ၂၀၁၅ ခုနှစ်မှာ တူရကီကလပ် ဖီနာဘာချီကို ပြောင်းရွှေ့သွားခဲ့ပြီးတဲ့နောက် အခုပွဲဟာ ပထမဆုံးအကြိမ် မန်ယူနဲ့ ပြန်လည်ဆုံတွေ့တာဖြစ်ပါတယ်။

မော်ရင်ဟိုရဲ့ မန်ယူနဲ့ ဗန်ပါစီရဲ့ ဖီနာဘာချီတို့ဟာ အုပ်စု(A)မှာ ပါဝင်နေကြပြီး အခြားအသင်းတွေအဖြစ် ဖေယန်နူးနဲ့ ဇိုးရက်လူဟန့်စ်အသင်းတွေလည်း ပါဝင်နေပါတယ်။ ဇိုရက်လူဟန့်စ်အသင်းကတော့ ယူကရိန်းအသင်းဖြစ်ပြီး ယူရိုပါလိဂ်အုပ်စုအဆင့်ကို ပထမဆုံးအကြိမ်ရောက်လာတဲ့အသင်းဖြစ်ပါတယ်။

## လီဗာပူးကခေါ်ယူမယ့် ကွင်းလယ်ကစားသမား ပူလီဆစ်



လီဗာပူးနည်းပြ ဂျာဂျင်ကလော့ဟာ ဒေါ့မွန်အသင်းက ဆယ်ကျော်သက်ကွင်းလယ်ကစားသမား ခရစ္စတီယမ်ပူလီဆစ်ကို ခေါ်ယူဖို့ကြိုးစားနေတယ်လို့ ဆိုပါတယ်။ ပြီးခဲ့တဲ့ရာသီက ကိုးပွဲမှာ ဒေါ့မွန်အတွက် နှစ်ဂိုးသွင်းပေးနိုင်ခဲ့တဲ့ ကွင်းလယ်ကစားသမား ပူလီဆစ်ကို လီဗာပူးက ပေါင် ၁၁ သန်းနဲ့ ခေါ်ယူဖို့ ကမ်းလှမ်းထားပြီဖြစ်ပါတယ်။ ပူလီဆစ်ဟာ အသက် ၁၇ နှစ်သာ ရှိသေးပြီး ဘွန်ဒက်စ်လီဂါမှာ ဂျာမနီလူမျိုးမဟုတ်တဲ့ ကစားသမားတွေထဲမှာ အသက်အငယ်ဆုံးကစားသမားလည်းဖြစ်ပါတယ်။ အသက် ၁၇ နှစ်သာ ရှိသေးပေမယ့် ပူလီဆစ်ဟာ ဘွန်ဒက်စ်လီဂါမှာ နာမည်ကြီး လူငယ်ကစားသမား တစ်ဦးလည်း ဖြစ်နေပါတယ်။

ဂျာဂျင်ကလော့အနေနဲ့ ကစားသမားအပြောင်းအရွှေ့ကာလ မကုန်ဆုံးမီမှာ ပူလီဆစ်ကို အရခေါ်ယူသွားဖွယ်ရှိနေပါတယ်။ ဂျာဂျင်ကလော့ဟာ လီဗာပူးအသင်းရဲ့ကွင်းလယ်ကစားသမားလိုအပ်ချက်ကို ပူလီဆစ်နဲ့ ဖြည့်ဆည်းသွားဖို့ အသင့်ဖြစ်နေတယ်လို့ ဆိုပါတယ်။ ဒီအတောအတွင်းမှာ စတုတ်စီးတီးကလည်း ပူလီဆစ်ကို ခေါ်ယူဖို့ စိတ်ဝင်စားနေတယ်လို့ ဆိုပါတယ်။

## ကမ္ဘာ့ဖလားခြေစစ်ပွဲနဲ့ လွဲချော်နေဦးမယ့် စီရော်နယ်ဒို

ပေါ်တူဂီအသင်းနဲ့ ဆွစ်ဇာလန်အသင်းတို့ ကစားမယ့် ကမ္ဘာ့ဖလားခြေစစ်ပွဲမှာ ပေါ်တူဂီရဲ့နာမည်ကြီးဘောလုံးသမား စီရော်နယ်ဒိုဟာ ဒူးဒဏ်ရာကြောင့် ပြိုင်ပွဲနဲ့ လွဲချော်နေဦးမယ်လို့ သိရပါတယ်။ ပေါ်တူဂီအသင်းခေါင်းဆောင် စီရော်နယ်ဒိုဟာ ယူရို ၂၀၁၆ ဗိုလ်လုပွဲအပြီး ဒူးခေါင်းဒဏ်ရာ ပြန်လည်ကောင်းမွန်စပြုနေပြီဖြစ်သော်လည်း ပြိုင်ပွဲမှာ ပါဝင်ကစားနိုင်ဦးမှာမဟုတ်ဘူးလို့ အသင်းတာဝန်ရှိသူတွေက ဆိုပါတယ်။

နွေရာသီ အစောပိုင်းက ဥရောပချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့တဲ့ ပေါ်တူဂီအသင်းဟာ လာမယ့်စက်တင်ဘာ ၆ ရက်မှာ ဘေဆယ်မြို့မှာ ဆွစ်ဇာလန်အသင်းနဲ့ ကမ္ဘာ့ဖလား ခြေစစ်ပွဲ ယှဉ်ပြိုင်ကစားရမှာဖြစ်ပါတယ်။ အဲဒီပွဲမှာ ပေါ်တူဂီဟာ စီရော်နယ်ဒိုမပါဘဲ ကစားရဖို့ရှိနေပါတယ်။ စီရော်နယ်ဒိုရဲ့နေရာမှာ မိုနာကိုအသင်းတိုက်စစ်မှူး ဘနာဒိုဆေးလ်ဗားက ဝင်ရောက်ကစားမှာဖြစ်ပါတယ်။ ပေါ်တူဂီအသင်းဟာ စက်တင်ဘာ ၁ ရက်မှာ ဂျီဘရော်တာအသင်းနဲ့လည်း ချစ်ကြည်ရေးပွဲကစားဖို့ရှိပါတယ်။



ကောင်းမြတ်သူ - စုစည်းသည်။


HITACHI
Inspire the Next
Analytics
25
50
75
100
125
150
စိတ်ကူးအကြံဉာဏ်ကောင်းများကို
ပွင့်လင်းစေမည့် အနာဂါတ်
ယနေ့ခေတ်တွင် ကျွန်ုပ်တို့သိသည်ထက် ပို၍များပြားလာသည့် ဒေတာအချက်အလက်များက ကျွန်ုပ်တို့အားဝန်းရံလျက်ရှိနေပြီဖြစ်သည်။
အကယ်၍ ပိုမိုကောင်းမွန်သည့်ရည်ရွယ်ချက်တစ်ခုအား ထိုအရာအားလုံးသို့ပေးနိုင်ခဲ့ပါက မည်သို့ဖြစ်နိုင်မည်နည်း။ ယခုကဲ့သို့ အင်တာနက်နှင့်
ဆက်စပ်သောပစ္စည်းများ ဖွံ့ဖြိုးလျက်ရှိနေသည့်ခေတ်၌ ဖန်တီးထားသည့် အသိဉာဏ်ပညာ၊ အဆင့်မြင့်လေ့လာစမ်းစစ်ချက်များအားပေါင်းစည်း၍
ပိုမိုနက်နဲသည့် ထိုးထွင်းသိမြင်နိုင်မှုများကို ရှာဖွေရန်နှင့် ဆန်းသစ်တီထွင်သည့် ဖြေရှင်းချက်များကို ပူးပေါင်းအကောင်ထည်ဖော်ဆောင်ရွက်ရန်အတွက်
ကြီးမားသည့် ဒေတာအချက်အလက်များကို အသုံးပြုနေကြပြီဖြစ်ပါသည်။ ပိုမိုကောင်းမွန်သော အနာဂါတ်တစ်ခုအတွက် လူမှုဘဝတွင်ဆန်းသစ်မှုကို
အရှိန်အဟုန်မြှင့်တင်ရန် ထိုအရာများသည် ကျွန်ုပ်တို့ ကတိပေးထားသည့်အချက်များထဲမှ တစ်ခုပင်ဖြစ်ပါသည်။
social-innovation.hitachi
Hitachi Social Innovation


နာချင်ရာ နာစမ်း . . . TIGER BALM®
WORKS WHEREVER IT HURTS.
TIGER BALM®
TIGER BALM®
3 PLASTERS 三片装
COOL 清凉
TIGER BALM PLASTER
虎標鎮痛藥布
For long lasting relief of
Muscular Aches and Sprains
Contusion
Muscular Fatigue
Tiger Balm Plaster - Cool သည်
ထိခိုက်နာကျင်မှုများ၊ ကြွက်သားဒဏ်ဖြစ်ခြင်းများအတွက်
အသုံးပြုရန် အထူးသင့်လျော်ပါသည်။
Myanmar Reg No. R1907AA1733
TIGER BALM®
3 PLASTERS 三片装
WARM 温感
TIGER BALM PLASTER-RD
虎標鎮痛藥布-RD
For long lasting relief of
Muscular Pains
Stiff Shoulders
Back Pain
Tiger Balm Plaster - Warm သည်
ကြွက်သားနာကျင်ခြင်း၊ ဇက်ခိုင်(ဦးလွဲ)ခြင်းနှင့်
ခါးနာခြင်းဒဏ်ရာများအတွက် အသုံးပြုရန်
အထူးသင့်လျော်ပါသည်။
Myanmar Reg No. R1907AA1734
ထိခိုက်နာကျင် ခါးနာခြင်းများအတွက် အကောင်းဆုံး
TIGER BALM PLASTER

## သီတဂူရွှေပြည်ဟိန်း စက္ခုဒါနဆေးရုံ စက်တင်ဘာလ ၃၊ ၄ (၆၆)ကြိမ်မြောက် မျက်စိခွဲစိတ်အလင်းဒါနပါဝင်လှူဒါန်းနိုင်

စက်တင်ဘာလ ၃၊ ၄ ရက်များတွင် ၆၆-ကြိမ်မြောက် ဦးရေ (၈၃၅၀) ပြည့် မျက်စိခွဲစိတ်အလင်းဒါနပြုလုပ်မည်ဖြစ်ရာ မျက်စိဝေဒနာရှင် (၁)ဦးအတွက် ခွဲစိတ်ခြင်းအလှူတော်ငွေ ၄၀၀၀၀ိ/- ကို အလင်းဒါန အလှူရှင်အဖြစ်ခံယူကာ ကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဘဏ်စာရင်းသို့ ထည့်သွင်း၍ဖြစ်စေ၊ လှူဒါန်းနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

လှူဒါန်းရန်ဌာန - သီတဂူရွှေပြည်ဟိန်း စက္ခုဒါနဆေးရုံ၊ ရွှေပြည်ဟိန်းကျောင်း၊ ပြည်သာယာ၊ ရန်ကင်း။ (ကျိုက္ကဆံစူပါဝမ်း၊ တာမွေလေး၊ သံလမ်းအနီး) ဖုန်း - ၀၁-၅၄၁၄၉၃၊ ၀၉-၇၃၀၅၆၅၆၉

ရွှေဂုံတိုင်ကမ္ဘောဇဘဏ် - အရှင်စေမာသီရိလင်္ကာရ (Account No. 007-50100701690301) ဘဏ်စာရင်းသို့ နီးရာဘဏ်၌ ထည့်သွင်း၍လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ပါသည်။


## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ တည်ဆောက်ရေး(၅) နှင့် နေပြည်တော်ထိန်းသိမ်းရေး နေပြည်တော်ကောင်စီနယ်မြေမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း တာဝန်ယူဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်းများ၊ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများနှင့် စနစ်ကျလယ်ယာမြေဖော်ထုတ်ခြင်း လုပ်ငန်းများအတွက် လိုအပ်သော တည်ဆောက်ရေးပစ္စည်းများအား သတ်မှတ်စံချိန်စံညွှန်းများအတိုင်း မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ညွှန်ကြားရေးမှူးရုံး၊ တည်ဆောက်ရေး(၅)၊ ငွေစာရင်းဌာနစိတ်နှင့် ဖုန်း-၀၉-၂၅၀၀၆၄၉၀၉၊ ၀၉-၇၉၉၂၂၀၃၆၇ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။ တင်ဒါလျှောက်လွှာတစ်စောင်လျှင် ပစ္စည်းတန်ဖိုးပေါ်မူတည်၍ သတ်မှတ်နှုန်းဖြင့် ညွှန်ကြားရေးမှူးရုံး၊ တည်ဆောက်ရေး (၅)၊ ငွေစာရင်းဌာနစိတ်၊ ဘဲကုန်းဆည်မြောင်းဝင်း၊ ပျဉ်းမနားမြို့တွင် ဝယ်ယူနိုင်ပါသည်။

၃။ (က) **တင်ဒါအဆိုပြုလွှာ စတင်ရောင်းချမည့်ရက်/အချိန်** - ၁-၉-၂၀၁၆ ရက် (ရုံးချိန်အတွင်း)
(Profile အထောက်အထားများတင်ပြရမည်)
(ခ) **လျှောက်လွှာအရောင်းပိတ်မည့်ရက်** - ၃၀-၉-၂၀၁၆ ရက် ညနေ ၄း၃၀ နာရီ
(ဂ) **တင်ဒါဖွင့်မည့်ရက်/အချိန်** - ၆-၁၀-၂၀၁၆ ရက် နံနက် ၁၀း၀၀ နာရီ
(ဃ) **တင်ဒါဖွင့်ဖောက်စိစစ်မည့်နေရာ** - ညွှန်ကြားရေးမှူးရုံးဝင်း (ဓမ္မာရုံ) ဘဲကုန်းဝင်း၊ တည်ဆောက်ရေး(၅) ပျဉ်းမနားမြို့

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ဂျပန်ချေးငွေ (ODA Loan)ဖြင့် ဆောင်ရွက်မည့်ကော့သောင်းမြို့တွင် တိုးချဲ့မြို့ရေရရှိရေးလုပ်ငန်းတို့အတွက် လိုအပ်သောပစ္စည်းများအား တင်ဒါစနစ်ဖြင့် ဝယ်ယူလိုပါသဖြင့် ဈေးနှုန်းအဆိုပြုလွှာ တင်သွင်းနိုင်ပါသည်-
(က) စစ်ကိုင်းမြို့ Lot-2(Pump Procurement and Installion Work)
(ခ) စစ်ကိုင်းမြို့ Lot-3 (Power Supply Work)

၂။ စစ်ကိုင်းမြို့ ရေရရှိရေးလုပ်ငန်း Lot-2 (Pump Procurement and Installion Work) ၏ နည်းပညာစံချိန်စံညွှန်းအဆိုပြုလွှာ (Technical Proposal)နှင့် ဈေးနှုန်းအဆိုပြုလွှာ (Financial Proposal)များကို ၂၉-၉-၂၀၁၆ ရက် ၀၉း၃၀ နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်ပြီး တင်ဒါဖွင့်ပွဲအား ၂၉-၉-၂၀၁၆ ရက် ၁၀း၀၀ နာရီတိတိတွင် ဆောင်ရွက်မည်ဖြစ်ပါသည်။

၃။ စစ်ကိုင်းမြို့ ရေရရှိရေးလုပ်ငန်း Lot-3 (Power Supply Work) ၏ နည်းပညာစံချိန်စံညွှန်း အဆိုပြုလွှာ (Technical Proposal)နှင့် ဈေးနှုန်းအဆိုပြုလွှာ (Financial Proposal) များကို ၂၉-၉-၂၀၁၆ ရက် ၁၂း၃၀နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်ပြီး တင်ဒါဖွင့်ပွဲအား ၂၉-၉-၂၀၁၆ ရက် ၁၃း၀၀နာရီတိတိတွင် ဆောင်ရွက်မည်ဖြစ်ပါသည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ရုံးအမှတ် ၁၄၊ နေပြည်တော် ဖုန်း-၀၆၇-၄၀၉၀၂၉၊ ၄၀၉၄၀၇၊ ၄၀၉၂၁၅ တို့သို့ ဆက်သွယ်ရယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း (၃/၂၀၁၆)

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ အောက်ဖော်ပြပါပစ္စည်းများကို တင်ဒါခေါ်ယူလိုပါသည်-
**မြန်မာကျပ်ငွေဖြင့်ဝယ်ယူခြင်း**
(က) **စက်နှင့်စက်အရန်ပစ္စည်းများ-**
Nozzle, Level Transmitter and Flow Transmitter, Global Maritime Distress and Safety System and VHF ဆက်သွယ်ရေးစက်
(ခ) **ကုန်ကြမ်းပစ္စည်းများ-**
PP Yarn Grade Plastic Resin
**နိုင်ငံခြားငွေဖြင့်ဝယ်ယူခြင်း**
(က) **ဓာတုဗေဒပစ္စည်းများ-** Antifoaming Agent

၂။ အရေးပေါ်လိုအပ်သော Golbal Maritime Distress and Safety System and VHF ဆက်သွယ်ရေးစက်တင်ဒါအတွက်
**တင်ဒါပုံစံရောင်းချမည့်ရက်** - ၃၁-၈-၂၀၁၆ ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၂-၉-၂၀၁၆ ရက် ၁၂း၀၀ နာရီ

၃။ ကျန်တင်ဒါများအတွက်
**တင်ဒါပုံစံရောင်းချမည့်ရက်** - ၃၁-၈-၂၀၁၆ ရက်
**တင်ဒါပိတ်မည့်ရက်/အချိန်** - ၃၀-၉-၂၀၁၆ ရက် ၁၂း၀၀ နာရီ

၄။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**
**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ စီမံရေးဌာန/ဘဏ္ဍာရေးဌာန**
**ရုံးအမှတ် ၄၄၊ နေပြည်တော်၊**
**ဖုန်း-၀၆၇-၄၁၁၁၂၃၊ ၀၆၇-၄၁၁၁၉၃**

## ပျောက်ဆုံးခြင်း

ကျွန်တော် သန့်ဇင်ဦး (ဘ) မြဝင်း ၉/ရမသ(နိုင်)၁၃၁၆၆၁၏ နိုင်ငံကူးလက်မှတ် (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။

**သန့်ဇင်ဦး ဖုန်း-၀၉-၇၉၈၂၈၃၈၆၂**

## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့်ကူးသန်းရောင်းဝယ်ရေးဘဏ်
## ရန်ကုန်မြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့်ကူးသန်းရောင်းဝယ်ရေးဘဏ် ရန်ကုန်မြို့၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းအသုံးစရိတ် ခွင့်ပြုငွေဖြင့် အောက်ဖော်ပြပါ ရုံးသုံးစက်ပစ္စည်းများ ဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါများ ခေါ်ယူလိုပါသည်။

| စဉ် | ပစ္စည်းအမည် | အရေအတွက် |
|---|---|---|
| ၁ | Transformer (20KV) | ၁ |
| ၂ | 3KVA Online UPS Without Battery | ၁ |
| ၃ | 5 KVA Online UPS Without Battery | ၁ |
| ၄ | Hardware Security Module (HSM) Luna EFT, PL 60 ,V 2 | ၂ |
| ၅ | VPN Router ASA 5506 Brand-Cisco | ၁ |
| ၆ | VPN Router Configuration Charge | ၁ |
| ၇ | 200 A H Battery Brand-Enex | ၈ |
| ၈ | Access Control for Server Room (Branded) | |
| | (1) FS 25 Fingerprint With Mifare Card Reader/ Writer Scanner | ၁ |
| | (2) FS 21 M Fingerprint Access Control Unit | ၁ |
| | (3) FS 30 PRU Remote Relay Unit | ၁ |
| | (4) Lock 600 1b | ၁ |
| | (5) Bypass Switch and Key | ၁ |
| | (6) Bracket | ၁ |
| | (7) Back Up Power Supply 12V 3A With Battery (7Ah) | ၁ |

၂။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များအား ၂၉-၈-၂၀၁၆ ရက်မှစတင်၍ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့်ကူးသန်းရောင်းဝယ်ရေးဘဏ် စီမံ(ပစ္စည်းထိန်း)ဌာနတွင် ဝယ်ယူနိုင်ပြီး ၁၂-၉-၁၆ရက်၊ ညနေ ၃း၀၀နာရီ နောက်ဆုံးထား၍ တင်ဒါများတင်သွင်းရပါမည်။

၃။ တင်ဒါများအား ၁၂-၉-၁၆ရက် (တနင်္လာနေ့) ညနေ ၄း၀၀ နာရီတွင် မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်၌ တစ်ပြိုင်တည်း ဖွင့်ဖောက်ရွေးချယ်မည်ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုသော အချက်များကို မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်၏ စီမံ(ပစ္စည်းထိန်း) ဌာနတွင် ဘဏ်ချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါရွေးချယ်စိစစ်ရေးအဖွဲ့**
**မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့်**
**ကူးသန်းရောင်းဝယ်ရေးဘဏ်**
**ဖုန်း-၂၅၃၇၅၅**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7G/2359 Mazda Bongo SKF 2T, P/U(4x2) R ယာဉ်လက်ဝယ်ရှိသူ Daw Zin Zin Hla ၁၂/ဗဟန(နိုင်)၀၂၄၅၅၅က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃ယ/၈၅၃၀၅ Loncin Dream M/C ယာဉ်လက်ဝယ်ရှိသူ ဦးခင်ဇော် ၇/ပတတ (နိုင်)၀၃၁၅၀၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ပြည်)၊ ပြည်မြို့**

## လောကချမ်းသာ အဘယ လာဘမုနိ ရုပ်ပွားတော်မြတ်ကြီး (ကျောက်တော်ကြီးဘုရား)
## ဆိုင်အမှတ်-၁၆ ပိုင်ရှင်သိစေရန်

မင်းဓမ္မကုန်းတော်၊ လောကချမ်းသာ အဘယ လာဘမုနိ ရုပ်ပွားတော်မြတ်ကြီး(ကျောက်တော်ကြီးဘုရား) ဝင်းအတွင်းရှိ မြောက်ဘက်ဈေးဆိုင်ခန်း အမှတ်-၁၆ သည် ၂၀၁၃ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ ဆိုင်လခများ ပေးသွင်းထားခြင်းမရှိပါသဖြင့် ကြော်ငြာပါသည့်နေ့မှ (၂)ပတ်အတွင်း ကျသင့်ငွေများကို ဂေါပကရုံးသို့ ပေးသွင်းပါရန် အကြောင်းကြားအပ်ပါသည်။

**ဂေါပကအဖွဲ့**

## စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်၊ မင်းကွန်းတောင်ရိုး မိုးမိတ်ကုန်းမြေတွင် မိုးမိတ်စေတီတော်ကြီးများ (၅၆) ကြိမ်မြောက် ဗုဒ္ဓ-ဓမ္မ-သံဃပူဇော်ပွဲနှင့် စာအောင်သံဃာတော်များ ဂုဏ်ပြုပူဇော်ပွဲကျင်းပမည်

ကျေးဇူးတော်ရှင်မင်းကွန်းတိပိဋကဓရ-ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ကြီးဖွဲ့စည်းတည်ထောင်တော်မူခဲ့သော တိပိဋက-နိကာယကျောင်းတိုက်အသီးသီးမှ ၁၃၇၇-၇၈ ခုနှစ် (၂၀၁၅-၂၀၁၆) (၆၈)ကြိမ်မြောက် တိပိဋကစာမေးပွဲကြီး၌ အောင်မြင်တော်မူခဲ့ကြသော တိပိဋကစာအောင်သံဃာတော်(၂၃)ပါး၊ နိကာယ်အောင်(၄၀)ပါးတို့နှင့် ပင့်သံဃာတော် (၇၅၀)ပါး၊ သာမဏေနှင့် သီလရှင်အပါး(၆၀၀)တို့ကို သင်္ကန်း၊ သီလရှင်ဝတ်စုံများ လှူဒါန်းမည်ဖြစ်ပါ၍ ဘွဲ့ရသံဃာတော်တစ်ပါးလျှင် ဂျပန်မာတင်သင်္ကန်းတစ်စုံ ၁၀၀၀၀ိ/၊ ဘွဲ့တစ်ဘွဲ့လျှင် ၅၀၀၀ိ/၊ ကျမ်းတစ်ကျမ်းလျှင် ၃၀၀၀ိ/၊ ပင့်သံဃာများအတွက် သင်္ကန်းတစ်စုံ ၇၀၀၀ိ/- သာမဏေနှင့်သီလရှင်ဝတ်စုံတစ်စုံလျှင် ၅၀၀၀ိ/-နှုန်းဖြင့် ပူဇော်နိုင်ပါသည်။

**ကျင်းပမည့်ရက်** - ၁၃၇၈ ခုနှစ် တော်သလင်းလဆန်း ၅ ရက်မှ ၈ ရက်အထိ (၆-၉-၂၀၁၆ ရက်မှ ၉-၉-၂၀၁၆ ရက်အထိ)

**လှူဒါန်းနိုင်သည့်နေရာ** - မင်းကွန်းတိပိဋက-နိကာယသာသနာပြု ဥပဋ္ဌာကအဖွဲ့ (ရန်ကုန်) အမှတ်(၁၂)၊ စကားဝါလမ်း၊ ဒဂုံ၊ ဖုန်း-၂၂၂၂၇၇၊ ၇၈၊ ၇၉၊ မင်းကွန်းတိပိဋက-နိကာယသာသနာပြုဥပဋ္ဌာကအဖွဲ့၊ မန္တလေး ဖုန်း-၀၂-၃၀၁၉၀၊ မင်းကွန်း မိုးမိတ်ကုန်းမြေ ဖုန်း-၀၉-၆၄၆၃၇၃၇၊ ၀၂-၆၀၄၉၅

တိ-နိ ကျောင်းတိုက်အသီးသီးမှ သီတင်းသုံးပြီး၍ နယ်အသီးသီးတွင် သီတင်းသုံး နေထိုင်တော်မူကြကုန်သော တိ-နိနွယ်ဝင်ဆရာတော်၊ သံဃာတော်အရှင်မြတ်တို့ဘုရား ဗုဒ္ဓ၊ ဓမ္မ၊ သံဃပူဇော်ပွဲသို့ ကြွရောက်တော်မူပါရန် ရှိသေစွာပင့်လျှောက်အပ်ပါသည်ဘုရား။

ဗုဒ္ဓ-ဓမ္မ-သံဃပူဇော်ပွဲကြီးသို့ လိုက်ပါလိုသူများ ဘုရားပွဲမတိုင်မီ ရက် ၂၀ ကြိုတင်၍ တိ-နိဌာန (ရန်ကုန်)သို့ မပျက်မကွက်သတင်းပို့ရန်။

**မင်းကွန်းတိပိဋကနိကာယသာသနာပြုဥပဋ္ဌာကအဖွဲ့**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
## အဆိုပြုတင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ သန်လျင်-ကျောက်တန်းမြို့နယ်များရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ စီမံခန့်ခွဲလျက်ရှိသော အောက်ဖော်ပြပါနေရာများတွင် တန်ဖိုးသင့်၊ တန်ဖိုးနည်းအိမ်ရာစီမံကိန်းများအား အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါသည်-
(က) လှိုင်သာယာမြို့နယ်၊ ကျန်စစ်မင်းအိမ်ရာစီမံကိန်း အပိုင်း(၂)ရှိ မြေဧရိယာ ၂၃ဧကခန့်တွင်တန်ဖိုးသင့်အိမ်ရာအဆောက်အအုံများဆောက်လုပ်ခြင်း
(ခ) သန်လျင် - ကျောက်တန်းမြို့နယ်၊ သီလဝါ အထူးစီးပွားရေးဇုန် အထောက်အကူပြု လူနေမြေကွက်(၅၈၈)ကွက်ရှိ မြေဧရိယာ ၃၁ဧကပေါ်တွင် တန်ဖိုးနည်းအိမ်ရာ အဆောက်အအုံများ ဆောက်လုပ်ခြင်း

၂။ အဆိုပါလုပ်ငန်းများအတွက် နိုင်ငံသားဆောက်လုပ်ရေးလုပ်ငန်းရှင်များအနေဖြင့် လုပ်ငန်းဆိုင်ရာအဆိုပြုလွှာများကို ၃၀-၉-၂၀၁၆ရက် နောက်ဆုံးထား၍ ပေးပို့သွားရန် အဆိုပြုတင်ဒါ ခေါ်ယူအပ်ပါသည်။

၃။ တင်ဒါစည်းကမ်းချက်များ၊ စီမံကိန်းတည်နေရာပြမြေပုံနှင့် အဆောက်အအုံဒီဇိုင်းများ၊ အဆိုပြုလွှာတွင်ပါဝင်ရမည့် အချက်အလက်များကို ရုံးအမှတ်(၄၀)၊ အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ နေပြည်တော်တွင် ၁-၉-၂၀၁၆ရက်စတင်ဝယ်ယူနိုင်ပြီး တင်ဒါစည်းကမ်းချက်များနှင့်အညီ အိတ်ဖွင့်တင်ဒါအဆိုပြုလွှာတင်သွင်းကြရမည်ဖြစ်ပါသည်။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၀၇၅၂၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါသည်။

**တင်ဒါရွေးချယ်ရေးဦးစီးကော်မတီ**

## ဖခင်အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့နယ်၊ ကတိုင်စိန်ကျေးရွာနေ တက္ကသိုလ်ဝင်တန်းအောင် မလှဲ့လှဲ့စိုး ၇/သဝတ(နိုင်)၁၂၇၃၉၄၏ ဖခင်အမည်မှန်မှာ ဦးစာဥ(ခ)ဦးအောင်ဖြိုး ၇/လပတ(နိုင်) ၀၃၀၂၂၈ဖြစ်ပါကြောင်းနှင့် မလှဲ့လှဲ့စိုး၏ မွေးသက္ကရာဇ်အမှန်မှာ ၁၅-၄-၁၉၉၉ ဖြစ်ပါကြောင်း။

## အမည်ဖြည့်စွက်ခေါ်ပါရန်

မြစ်ကြီးနားမြို့၊ မြို့သစ်ကြီးရပ်ကွက်၊ နယ်မြေ (၁၁)၊ အမှတ် ၄၁၅ နေ မဂျာဖရိန်းရာ ၁/မကန(နိုင်)၂၀၅၉၈၇ အား မဂျာဖရိန်းရာ (ခ) မဂျာဖိန်းရာ ဟု ဖြည့်စွက်ခေါ်ပါရန်။

## မိဘအမည်မှန်

မြစ်ကြီးနားမြို့၊ အထက(၇)၊ တက္ကသိုလ်ဝင်တန်း($A_1$)မှ မစွဲဝါဝါ ခမ်း၏ မိဘအမည်မှန်မှာ ဦးစောခန်ကိမ်း နှင့် ဒေါ်နန်းဝါဟွမ် ဖြစ်ပါသည်။

## ဖခင်အမည်မှန်

မိတ္ထီလာမြို့နယ်၊ ကွက်ငယ်ရွာအုပ်စု အမှတ်(၅)အထကခွဲ တက္ကသိုလ်ဝင်တန်းမှ မထက်ထက်ခိုင်၏ ဖခင်အမည်မှန်မှာ ဦးစန်းခိုင် ၉/မထလ(နိုင်)၁၂၆၈၈၂ ဖြစ်ပါကြောင်း။

**ဦးစန်းခိုင်**

## အမည်ပြောင်း

ဦးမျိုးလွင်၏သား မရမ်းကုန်းမြို့နယ် အထက(၅) ဆဋ္ဌမတန်း(B)မှ ဇော်ထက်အောင်အား ယနေ့မှစ၍ နန္ဒအောင်ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်နန္ဒအောင်**

## အမည်ပြောင်း

ဒေါ်ညွန့်ညွန့်ခိုင် ၁၄/ဟသတ(နိုင်)၀၀၀၆၁၄၈၏သား ဟင်္သာတမြို့နယ်၊ ရေကြည်ကုန်း အထက(ခွဲ) ကျောင်းဝင်အမှတ် ၂၆၈၉ တတိယတန်းမှ မောင်လမင်းကြည်အား မောင်လင်းထက်ကျော်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်လင်းထက်ကျော်**

## အမည်ပြောင်း

ပင်လောင်းမြို့၊ အထက (၁)၊ ပဥ္စမတန်းမှ မသူထက်ထက်ဇင်အား ယနေ့မှစ၍ မသက်ထားဇင်ဟု ပြောင်းလဲခေါ်ပါရန်။

**မသက်ထားဇင်**

## ဖခင်အမည်မှန်

တောင်ကြီးမြို့၊ အထက(ခွဲ) စက်မှုဇုန်၊ အဋ္ဌမတန်း(က)မှ မနန်းယိင်းယိင်းအောင်၏ ဖခင်အမည်မှန်မှာ ဦးစိုင်းဇော်အောင် ၁၃/တကန(နိုင်)၂၀၅၄၀၄ ဖြစ်ပါကြောင်း။

**ဦးစိုင်းဇော်အောင်**

## ဝိုင်းခြမြေအမွေပေးပြီးကြောင်း

ရမည်းသင်းခရိုင်၊ သဲကျွန်းကျေးရွာနေ (ဘ) ဦးကြည် ပိုင်ဆိုင်သည့် အလျားပေ၁၅၀၊ အနံပေ၉၀ခန့်ရှိသော ဝိုင်းခြမြေကို မစန္ဒာ၊ မောင်မင်းနိုင်စိုး၊ မဆိုဖီ၊ မောင်စိုးမင်းအောင်တို့ သားသမီးလေးဦးအား ၂၄-၈-၂၀၁၆ ရက်တွင် အမွေအဖြစ်ပေးအပ်ပြီးဖြစ်ပါကြောင်း။

**ဦးကြည် SDG-၁၁၅၄၆၉**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၇ယ/၆၀၃၅၃ Kenbo-110, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်တင်တင်ဦး ၁၃/တကက(နိုင်)၀၄၅၂၆၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မိတ္ထီလာမြို့)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁၀ယ/၂၅၈၅၂ Kenbo-125 ယာဉ်လက်ဝယ်ရှိသူ ဦးမောင်ကြည် ၈/ဆဖန(နိုင်)၀၆၂၀၉၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း ကညန၊ တိုင်းရုံး(မကွေး)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

**ကညန၊ တိုင်းရုံး (မကွေး)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၉ယ/၄၃၂၉၃ Honda Wave 110, M/C ယာဉ်လက်ဝယ်ရှိသူ Easy Rider Motorbrike Co.,Ltd. က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ဦးစီးမှူးရုံး (မြိတ်)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၀ယ/၈၃၃၉၄ Honda Wave, M/C ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းသူ ၆/ပလန(နိုင်)၀၃၇၄၆၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ဦးစီးမှူးရုံး (မြိတ်)**

CB BANK

1992 24TH 2016

ANNIVERSARY

CB Bank နှင့် (၂၄)နှစ်တာကာလအထိ အတူတကွ ပူးပေါင်းလက်တွဲ ဆောင်ရွက်လျှက်ရှိသော အစုရှယ်ယာရှင်များ၊ ဒါရိုက်တာအဖွဲ့ ဝင်များ၊ ဝန်ထမ်းများနှင့် Customer များအားလုံးကို အထူးကျေးဇူးတင် ဝမ်းမြောက်ခြင်းနှင့် အတူ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများ နှင့် ပြည့်စုံပြီး အောင်မြင် တိုးတက်မှုများကို နောင်နှစ်ပေါင်းများစွာတိုင် အတူတကွ လက်တွဲဆောင်ရွက် နိုင်ပါရန် အစဉ်ဆန္ဒပြု ဆုမွန်ကောင်း တောင်းအပ်ပါသည်။

CB Bank မိသားစု




## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၂)ရပ်ကွက်၊ အကွက် အမှတ်(စ-၉)၊ ဦးပိုင်အမှတ် ၅၀၊ ၆၅×၆၆ကြား၊ ခိုင်ရွှေဝါ× မနော်ဟရီကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်တွမ်ဆုံမိန်း(ခ)ဒေါ်နန်းအောင်ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၄၆၅/၂၀၁၃)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်အေးအေးမျိုး(ခ)ခိုင်မေမေသက် ၁၂/ဗတထ(နိုင်)၀၃၂၃၉၈မှ အမည်ပြောင်းလျှောက်ထားခဲ့ရာ ဂရန်ပေါ်တွင် ဂရန်မူရင်းပျောက်ဆုံးသည်ဟု လျှောက်ထားလာသဖြင့် ရုံးလက်ခံမှ ကူးယူထုတ်ပေးခြင်း ဖြစ်သည်။ ဂရန်မူရင်းပြန်လည်တွေ့ရှိပါက ယခုထုတ်ပေးသော မိတ္တူမှန်သည် ပျက်ပြယ်သည်ဟူသော မင်နီမှတ်ချက်ရေးသားခြင်းအား ပယ်ဖျက်၍ သားရေစာအုပ်ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**







**ပျောက်ဆုံးကြောင်း**

ကျွန်တော် မောင်သီဟအောင် ၁၂/ဗဟန(နိုင်)၀၉၀၉၈၆ ၏ သင်္ဘောသားလက်မှတ် (PSCRB)မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၁၀၄၀၃၃

**ပျောက်ဆုံးကြောင်း**

ကျွန်တော် ကျော်သက် ၁၂/ဗဟန(နိုင်)၀၅၃၅၉၃ ၏ Chemical Tanker Ticket No, SCT-3039/10 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၅၄၉၇၁၂၊ ၀၉-၇၉၃၈၉၃၈၃၉

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၂၉ယ/၇၄၄၅၁ ဟွန်ဒါဝေ့ဖ် 125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်သိုက်ထော ၁၀/မဒန(နိုင်) ၂၂၇၅၄၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး(မော်လမြိုင်မြို့)**

**ဘုရား၊ ရဟန်း၊ သိမ်၊ကျောင်း ဒါယကာကြီး**
**ဦးစိန်မြင့် (ဘိုကလေး) အသက် (၈၈)နှစ်**
**ဗိုလ်မှူး(ငြိမ်း)၊ ကြည်း/၆၂၇၄၊ဗိုလ်သင်တန်းအပတ်စဉ်(၇)**
**လွတ်လပ်ရေးမော်ကွန်းဝင်(တတိယဆင့်)**

ဘိုကလေးမြို့နယ်နေ [ဦးအောင်ဖေ(ခ)ဦးဆေးလုံး-ဒေါ်ညီမ]တို့၏သား၊ တောင်ဥက္ကလာပမြို့နယ်၊ (၃)ရပ်ကွက်၊ ၁၅လမ်း၊ အမှတ် ၄၃၆နေ (ဒေါ်ဘေဘီ)၏ခင်ပွန်း၊ ဒေါ်ဝါဝါမြင့် (အထပြ-ငြိမ်း၊အထက-၂၊လသာ)၊ (ဦးကျော်ဆန်း)-ဒေါ်ဝေဝေမြင့်(တွဲဖက်ပါမောက္ခ-ငြိမ်း၊ ဒဿနိကဗေဒဌာန၊ ရန်ကုန်အဝေးသင်တက္ကသိုလ်)၊ ဒေါ်နီနီမြင့် (ကျောင်းအုပ်ကြီး၊ အထက-၆၊အလုံ)၊ဒေါ်သော်တာမြင့်(အပင်ဇီဝနည်းပညာဗဟိုဌာန၊ စိုက်ပျိုးရေးဦးစီးဌာန)၊ ဒေါ်သီ တာမြင့်(အာရှဖွံ့ဖြိုးရေးဘဏ်)၊ ဦးကျော်ဇင်သန့်(ညွှန်ကြားရေးမှူး၊ ပြန်ကြားရေးဝန်ကြီးဌာန)-ဒေါ်သူဇာမြင့်(ပညာရေးသံမှူး၊မြန်မာသံရုံး၊ဗြိတိန်နိုင်ငံ)တို့၏ဖခင်၊ ဦးကျော်နန္ဒ (Baby Ancestor Co.,Ltd./Oxfam)-ဒေါ်ဂျူးကေခိုင် (Total E&P Myanmar)၊ မမြတ်ဘုန်းမြင့်မိုရ်တို့၏အဘိုး၊ မောင်ဘုန်းသိခ်ကျော်(ခ)ဒူးဒူး၏ဘိုးဘိုးကြီးသည် ၂၆-၈-၂၀၁၆ရက် (သောကြာနေ့)၂း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၈- ၂၀၁၆ရက် (အင်္ဂါနေ့)မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁-၉-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**
**ကျောက်တော်မြို့နယ်၊ သံဃနာယကအဖွဲ့ အကျိုးတော်ဆောင်၊**
**ရခိုင်ပြည်နယ်**
**သံဃနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ ရခိုင်ပြည်နယ် ဩဝါဒါစရိယ**
**မဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ**
**ဘဒ္ဒန္တကဝိန္ဒ**
**သက်တော်(၈၁)နှစ်၊ သိက္ခာတော် (၆၂)ဝါ**

ရခိုင်ပြည်နယ်၊ကျောက်တော်မြို့နယ်၊ ရွှေပြည်သစ်ကျောင်းတိုက်၏ဦးစီးပဓာန နာယကမြို့သစ် ပဝါရဏာဂိုဏ်း၏ နာယက၊ မဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ လဋ္ဌီပေသလသိက္ခာကာမ ဖြစ်တော်မူသောဘဒ္ဒန္တကဝိန္ဒ မဟာထေရ်သည် (၁၃၇၈ ခုနှစ် ဝါခေါင်လပြည့်ကျော် ၉ရက်) ၂၇-၈- ၂၀၁၆ရက် (စနေနေ့) နံနက်၂း၃၀ နာရီတွင် စစ်တွေမြို့ ပြည်သူ့ဆေးရုံ၌ ပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို ကျောက်တော်မြို့နယ်၊ ရွှေပြည်သစ်ကျောင်းတိုက်သို့ ပင့်ဆောင်မည် ဖြစ်ပါသည်။

ကြာကလပ် အန္တိမအဂ္ဂိစျာပန ပူဇာသဘင်ဆင်ယင်ကျင်းပမည့်ရက်ကို ထပ်မံကြေညာမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ရဟန်းရှင်လူ ဒါယကာ ဒါယိကာမ အပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ **တပည့်ဒါယကာ၊ဒါယိကာမများ**

# ဝမ်းနည်းကြေကွဲခြင်း
# ဦးကျော်ဆွေ
## အသက် (၆၃)နှစ်
**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ဗဟိုကော်မတီဝင် (ဟောင်း)**
**ကယားပြည်နယ်အတွင်းရေးမှူး (ဟောင်း)**

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ဗဟိုကော်မတီဝင် (ဟောင်း)၊ ကယားပြည်နယ် အတွင်းရေးမှူး (ဟောင်း) ဦးကျော်ဆွေ သည် ၂၅-၈-၂၀၁၆ရက် (ကြာသပတေးနေ့)တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဝန်ကြီးချုပ် ဦးသိန်းအောင် (ငြိမ်း)- ဇနီး မိသားစု**

**ငြင်းချက်ထုတ်ဆင့်စာ**
**(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ထားဝယ်မြို့နယ်တရားရုံးတော်**
**၂၀၁၆ ခုနှစ် တရားမကြီးမှုအမှတ်-၂၃**

| | | |
|---|---|---|
| ဒေါ်တင်တင်ရီ(ခ)ဒေါ်တင်ရီ (၄င်း၏အခွင့်ရကိုယ်စားလှယ် ဦးခင်အောင်) | **နှင့်** | ၁။ ဦးစိုးထွေး (ဘ-ဦးဘသီးရွှေ) ၂။ ဒေါ်မိုးသီတာ (ဘ-ဦးသန်းဖေ) (အတူနေလင်မယား) |
| **တရားလို** | | **တရားပြိုင်များ** |

ထားဝယ်မြို့၊ ဇလွန်းကျေးရွာနေ ဦးစိုးထွေး (ဘ-ဦးဘသီးရွှေ)၊ ဒေါ်မိုးသီတာ (ဘ-ဦးသန်းဖေ) (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ ဒေါ်တင်တင်ရီ (ခ) ဒေါ်တင်ရီက ချေးငွေသိန်း (၅၀)နှင့် ထိုက်သင့်သော ရုံးအတိုးနှုန်းခံစားခွင့်ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၁၆ ခုနှစ် စက်တင်ဘာ ၁ရက် (၁၃၇၈ခုနှစ် ဝါခေါင်လကွယ်နေ့) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်မည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၄င်းပြင် အထက်ပါနေ့ရက်တွင်သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ထုချေတင်ပြအမှီပြုလိုသည့်စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ခုနှစ် ဩဂုတ် ၁၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဝင်းထွဋ်အောင်)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**ထားဝယ်မြို့နယ်တရားရုံး**

# ဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်မှူးရဲတင့် (ငြိမ်း)
**စစ်တက္ကသိုလ်အမှတ်စဉ် (၁၄)**
**အသက် (၆၇)နှစ်**

ဒေါ်အေးမြင့်၏ခင်ပွန်း ဗိုလ်မှူးရဲတင့် (ငြိမ်း)သည် ၂၅- ၈-၂၀၁၆ ရက်တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်အမှတ်စဉ် (၁၄)မှ သူငယ်ချင်းများ**

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ဦးစောထားလုံ (ခ) စာရေးဆရာဂျင့်**
**ဒုတိယညွှန်ကြားရေးမှူး (ငြိမ်း)၊ ယဉ်ကျေးမှုဦးစီးဌာန**
**ပြည်နယ်အတွင်းရေးမှူး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ၊ ကရင်ပြည်နယ်**
**အသက် (၅၈)နှစ်**

ဘားအံမြို့၊ (၄) ရပ်ကွက်၊ သုဝဏ္ဏလမ်းနေ ဦးစောစိန်မောင်-ဒေါ်နန်းကျင်မေတို့၏သား၊ ဦးစောအုန်းမြ- (ဒေါ်နန်းရင်ထွန်း)တို့၏သားသမက်၊ ဒေါ်နန်းခင်လှိုင် နည်းပြ-ပညာရေးကောလိပ်(ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါ်နန်းထွန်းစိန်၊ ဦးစောလွန်းဖေ-ဒေါ်နော်ဝင်းမမတို့၏မောင်၊ ဦးစောအောင်သိန်း-ဒေါ်နန်းစန်းတင်၊ ဦးစောကျော်ထူးတို့၏အစ်ကို၊ နန်းဝင်းဖြူအိတို့၏ဘကြီး ဦးစောထားလုံ(ခ)စာရေးဆရာဂျင့်သည် ၂၄-၈-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) ည ၁၀း၅၂ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ**
**ကရင်ပြည်နယ်**

**ခရစ်တော်၌အိပ်ပျော်ခြင်း**
**ဦးဝင်းမြတ်(ခ)Apollo**
**အသက်(၄၇)နှစ်**

ရန်ကုန်မြို့၊ အောက်ကြည့်မြင်တိုင်လမ်း၊ အမှတ်၄၆၆နေ (Rev. မန်းဖိုးဝေ-ဆရာမကြီးဂေါ့အေးရွှေ)၊မော်လမြိုင်မြို့နေ (Mr. မဟင်ဒါဆင်း-ဒေါ်အီရတ်)တို့၏မြေး၊ [ဦးအောင်ဝင်း (ခ) ဦးဘီဆင်း]- ဆရာမ ဒေါ်မြမြဝေ(ငြိမ်း)တို့၏သား၊ ဒေါက်တာခင်မြဝင်း၊ဒေါ်မေသူစံတို့၏မောင်၊ ကောင်းစည်သူ၏ဦးလေးသည် ၂၆-၈-၂၀၁၆ရက် (သောကြာနေ့) ည ၇း၃၀နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၉-၈-၂၀၁၆ရက် နံနက် ၁၀ နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဥယျာဉ်တော်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။

(နေအိမ်မှကားများ နံနက် ၈ နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

# အထူးဝမ်းနည်းကြေကွဲခြင်း
# ဦးအာကာထွန်းလှိုင်
## (ဒါရိုက်တာ) Ayeyarwaddy Treasure Trading Co., Ltd.
## အသက် (၃၄)နှစ်

အင်းစိန်မြို့နယ်၊ အရှေ့ကြို့ကုန်းနေ ဦးထွန်းလှိုင် (ညွှန်ချုပ်-ငြိမ်း၊ DCA) နှင့် ဒေါ်ခင်ဝင်းမြင့်တို့၏သားငယ်၊ ဒေါက်တာနွေးအိအိချို၏ ချစ်လှစွာသော ခင်ပွန်း၊ မဝင့်ချိုသာ(ခ)ဖူးဖူး၏ ကျေးဇူးရှင်ဖခင်သည် ၂၆-၈-၂၀၁၆ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ **မန်နေဂျင်းဒါရိုက်တာနှင့် ဝန်ထမ်းများ**

**Ayeyarwaddy Treasure Trading Company Limited.**

**ဦးတင်မောင်ဝင်း ၁၂/လမတ(နိုင်)၀၁၅၉၅၄**
**တော်ဝင်မြန်မာဆောက်လုပ်ရေး (C-L-၀၃)နှင့်**
**ဦးချစ်လွင် B.Com (A.A),D.E.P; R.L တရားလွှတ်တော်ရှေ့နေ(စဉ်၂၈၅၉)တို့၏**
**၂၆-၈-၂၀၁၆ ရက်ထုတ် ကြေးမုံသတင်းစာ၊ စာမျက်နှာ-၁၄ နှင့်**
**မြန်မာ့အလင်းသတင်းစာ၊စာမျက်နှာ-၁၃ပါတုံ့ပြန်ရှင်းလင်းကြေညာခြင်းအပေါ်**
**ထပ်မံ ပြန်လည်ရှင်းလင်းကြေညာခြင်း**

ဦးတင်မောင်ဝင်းမှ အကျိုးခံစားခွင့်ဝေစုကို ပေးမည်ဟုကတိပြုထားသော်လည်း လာရောက်ပေးအပ်ခြင်းမရှိ၍ ကတိစာချုပ်များချုပ်ဆိုခြင်း၊ နောက်ပိုင်းပေးအပ်ခြင်းမရှိ၍ ရှေ့နေမှတစ်ဆင့် အကြောင်းကြားစာပေးပို့မှသာ အသိရှေ့နေဖြစ်၍ လာရောက်တွေ့ဆုံခြင်း၊ ညှိနှိုင်းခြင်းများပြုလုပ်ခဲ့ကြောင်း ဦးတင်မောင်ဝင်းကိုယ်တိုင် သိရှိပြီးဖြစ်ပါသည်။ ထို့အပြင်တရားလွှတ်တော်ရှေ့နေ ဦးတင်မောင်သိန်းမှလည်း နှစ်ဖက်အသိမိတ်ဆွေများဖြစ်၍ ကူညီဆောင်ရွက်ပေးခြင်းဖြစ်ရာ ပေးချေရမည့်ရက် ပြည့်သည့်နေ့တွင် ဦးတင်မောင်ဝင်း၏ တာဝန်သာဖြစ်၍ ဖော်ပြချက်မှာမှန်ကန်မှုမရှိပါ။

၁၉-၈-၂၀၁၆ရက်တွင် ကျန်ငွေကျပ် ၃၄၅၉၉၁၅၅(သုံးရာလေးဆယ့်ငါး သိန်း ကိုးသောင်းကိုးထောင် တစ်ရာငါးဆယ့်ငါးကျပ်တိတိ) အားပေးချေပါမည်ဟု လူကြီးမင်းကိုယ်တိုင် ဝန်ခံလက်မှတ်ရေးထိုးစာချုပ်ချုပ်ဆိုခဲ့ပါသည်။ အဆိုပါစာချုပ်မှာ တတိယအကြိမ်ချုပ်ဆိုခြင်းဖြစ်ပြီး ယခင်စာချုပ်ချုပ်ဆိုစဉ်က ပေးအပ်ရမည့်ရက်တွင် ပေးအပ်ခြင်းမရှိဘဲ အကြောင်းအမျိုးမျိုးပြကာ ငွေအချို့ကိုသာ ပေးဆပ်ပြီး ရက်ချိန်းထပ်မံတိုး၍ စောင့်ဆိုင်းခဲ့သည်မှာ ကြာခဲ့ပြီဖြစ်သော်လည်း ကျွန်ုပ်၏မိတ်ဆွေမှ လူမှုရေးအရ သည်းခံစောင့်ဆိုင်းခဲ့ပါသည်။ သို့သော်လည်း လူကြီးမင်းအနေဖြင့် ပေးရန်ရှိငွေများအနက်မှ ယုံကြည်မှုကိုအလွဲသုံးစားပြုကာ ၂၆-၅-၂၀၁၆ရက်စွဲပါ ကမ္ဘောဇဘဏ်၏ Cheque လက်မှတ်ဖြင့်ငွေကျပ် ၂၈၉၀၀၀၀၀(ကျပ် နှစ်ရာရှစ်ဆယ့်ကိုးသိန်း တိတိ)ကိုပေးချေခဲ့ရာ ငွေထုတ်သည့်အခါ ငွေမရှိကြောင်းသိခဲ့ရပါသည်။ သို့ပါ၍ လူကြီးမင်းအပေါ် ယုံကြည်မှုပျက်ပြားပြီး ဖြစ်သော်လည်း နောက်ဆုံးအနေဖြင့် ၂၉-၇-၂၀၁၆ရက်စွဲပါ စာချုပ်ဖြင့် ကျန်ငွေကို ၁၉-၈-၂၀၁၆ရက်နောက်ဆုံးထား ပေးချေပါမည်ဟု အကြိမ်ကြိမ် မေတ္တာရပ်ခံချက်အရ ကျွန်ုပ်၏ မိတ်ဆွေမှ လူမှုရေးအရ လက်ခံခဲ့သော်လည်း ယခင်စာချုပ်များနည်းတူ သတ်မှတ်ရက်တွင် ပေးချေခြင်းမရှိခဲ့ပါ။

လူကြီးမင်းထံမှ ပန်းဘဲတန်းမြို့နယ်၊ ၂၈လမ်း၊ အမှတ် (၁၁၀/၁၁၂)(၅)လွှာ(ဘီ) အခန်းကို ဦးမောင်မောင်ကြီး၏ မိတ်ဆွေမှ ငွေကျပ် ၅၀၀၀၀၀၀၀ (ကျပ်သိန်းငါး ရာ တိတိ)ဖြင့် ကြိုပွိုင့်ဝယ်ယူခဲ့ပြီး ၁၀-၂-၂၀၁၅ရက်တွင် စာချုပ်ချုပ်ဆိုပြီး စရန်ငွေကျပ် ၂၀၀၀၀၀၀၀(ကျပ်သိန်းနှစ်ရာတိတိ)ကို ပေးခဲ့ပါသည်။ လူကြီးမင်းအနေဖြင့် တစ်နှစ်အတွင်း ခြောက်ထပ်တိုက် လေးခန်းတွဲ (၅၀'×၄၀')အား ဆောက်လုပ် ပြီးစီးမည်ဟု နှုတ်ဖြင့် ယုံကြည်အောင်ပြောဆိုခဲ့သော်လည်း ယခုတိုင် ၄င်းအဆောက်အအုံမှာ ပြီးစီးမှုမရှိသေးပါ။ သို့သော်လည်း ကျွန်ုပ်၏မိတ်ဆွေမှ စာချုပ်ပါအတိုင်းအရစ်ကျငွေများကို ဆက်လက်ပေးသွင်းခဲ့ရာ ငွေကျပ် ၄၀၀၀၀၀၀၀ (ကျပ်သိန်းလေးရာတိတိ)ပေးသွင်းပြီး ဖြစ်ပါသည်။ ကျန်ငွေကိုလည်း စာချုပ်ပါ အရစ်အတိုင်းသာပေးချေရန်ရှိပါသည်။

ဦးအောင်ထွေးနှင့် ကျွန်ုပ်၏မိတ်ဆွေတို့မှာ တစ်ဦးနှင့်တစ်ဦး ခင်မင်ရင်းနှီးကြ၍ တရားစွဲဆိုရန် မည်သို့မှ အကြောင်းမရှိပါ။ ဦးအောင်ထွေးအနေဖြင့် ဦးတင်မောင်ဝင်းအား ပေးရန်ရှိငွေများကို စာရင်းရှင်းပေးအပ်ခဲ့ပြီးကြောင်း သိရှိရပြီး လူကြီးမင်းအနေဖြင့် ကျွန်ုပ်၏မိတ်ဆွေအား ချက်ချင်းပေးအပ်ခြင်းမရှိဘဲ ပျက်ကွက်နေကြောင်း လူကြီးမင်းအသိပင် ဖြစ်ပါသည်။

သို့ပါ၍ကျွန်ုပ်၏မိတ်ဆွေအနေဖြင့် ရရှိရန်ကျန်ငွေနှင့်ငွေမရှိဘဲ Cheque လက်မှတ်ရေး ထိုးပေးအပ်ခဲ့ခြင်းအပေါ် ဥပဒေအရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် သတင်းစာတွင် မဟုတ်မမှန်ထင်ယောင်ထင်မှားဖြစ်စေရန် ရေးသားကြော်ငြာခဲ့ခြင်းအပေါ်လည်း ဥပဒေအရ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

**ဦးမောင်မောင်ကြီး ၁၂/ပဘတ(နိုင်)၀၁၃၆၈၈ ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်မင်းထွန်း (LL.B, C.B.L)**
**တရားလွှတ်တော်ရှေ့နေ (၈၆၇၆) (၀၉-၄၃၁၅၁၄၀၇)**
**အမှတ် ၃၉၊ မြေညီထပ်၊ ရွှေဘုံသာလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့**

**(၂) နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း**
**မောင်သိန်းဇံမောင် (ခ) ညီးချေ**
**(၂၉. ၈. ၂၀၁၄) - (၂၉. ၈. ၂၀၁၆)**

သားငယ် ညီးချေ မမျှော်လင့်ဘဲ ခွဲခွာသွားသည်မှာ (၂) နှစ်ပြည့်ခဲ့ပါပြီ။ ညီးချေကို ရည်စူး၍ နေ့စဉ်၊ လစဉ်၊ နှစ်စဉ်ပြုလုပ်ခဲ့သော ကုသိုလ်ကောင်းမှုများကို ကောင်းရာဘုံဘဝမှ သာဓု-အနုမောဒနာ ခေါ်ဆိုနိုင်ကာ မြင့်မြတ်သော ဘုံဘဝ၌ ခံစားစံစားနိုင်ပါစေ။ အမျှ - အမျှ - အမျှ ပေးဝေပါတယ်။

| | |
|---|---|
| ပါပါ | - ဦးဦးဘိုးသိန်း (MD, Inn Pauk Wa Co.,Ltd.) |
| မေမေ | - ဒေါ်မန္တလေးခင် |
| အစ်ကိုကြီး | - မောင်တင်အောင်ဦး(ခ) ဖိုးနီ- မခင်အိပိုင် |
| အစ်ကိုလတ် | - မောင်ဘိုအောင်ကျော် (ခ) ဖိုးချို |
| ညီမငယ် | - မဇင်မာအောင် (ခ) Gracy |
| တူမများ | - Nyoko နှင့် Yuko |

**အထူးဝမ်းနည်းကြေကွဲခြင်း**

ကယားပြည်နယ်၊ လွှတ်တော်ဥက္ကဋ္ဌ(ငြိမ်း)၊ ကယားပြည်နယ်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ၊ ဗဟိုကော်မတီဝင် (ငြိမ်း)၊ အတွင်းရေးမှူး(ငြိမ်း) ဦးကျော်ဆွေသည် ၂၅-၈-၂၀၁၆ ရက် (ကြာသပတေးနေ့) ညနေ ၅း၁၅ နာရီတွင် ရန်ကုန်မြို့ ခုတင် ၅၀၀ ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။ **ကယားပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီကော်မတီဝင်များ**

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း**

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅/ထန်းတပင်ရပ်၊ မြေကွက်/ဦးပိုင်အမှတ် (ဒ-၆၁၃၂)၊ ဧရိယာ ၀ ဒသမ ၀၅၅ဧကရှိ ဦးဝင်းနိုင်အမည်ပေါက်ပါမစ်မြေကွက်အား ဦးနေမင်းဦး ၁၂/မရက (နိုင်)၁၀၈၂၄၀ (ဘ)ဦးခင်မောင်အေးမှ ပိုင်ဆိုင်ကြောင်းအထောက်အထားများ တင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းအထောက်အထားများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

**ကန့်ကွက်နိုင်ကြောင်း**
**ကြော်ငြာခြင်း**

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅/ထန်းတပင်ရပ်၊ မြေကွက်/ဦးပိုင်အမှတ်(ဒ-၆၁၃၁)၊ ဧရိယာ၀ ဒသမ၀၅၅ဧကရှိ ဦးကျော်သိန်းအမည်ပေါက် ပါမစ်မြေကွက်အား ဦးနေမင်းဦး ၁၂/မရက(နိုင်)၁၀၈၂၄၀ (ဘ)ဦးခင်မောင်အေးမှ ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်း အထောက်အထားများ၊ တရားရုံး အမိန့်ဒီကရီများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီ**

## ဝမ်းနည်းကြေကွဲခြင်း
### ဒေါ်အေးအေးသန်း(ခ)ဒေါ်အေးသန်း
**အသက်(၈၉)နှစ်**

သူငယ်ချင်း ဗိုလ်မှူးအေးချမ်း(ရေ-ငြိမ်း) MITT -ဒေါ်အာကာချော တို့၏ မိခင်သည် ၂၆-၈-၂၀၁၆ရက်(သောကြာနေ့)နံနက် ၁၁း၃၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်သင်တန်းအမှတ်စဉ်(၈၈)မှ သူငယ်ချင်းများ**

## ဝမ်းနည်းကြေကွဲခြင်း
### ဒေါ်ကြည်ကြည်
**လက်ထောက်မန်နေဂျာ(ငြိမ်း)၊ (စက်မှု ထွေ/ထိန်း)**
**အသက်(၇၃)နှစ်**

ပဲခူးမြို့နေ ဦးတင်မြင့်-ဒေါ်ညိမ်းရင်တို့၏သမီး၊ မြောင်းမြမြို့နေ ဦးအေး-ဒေါ်သိန်းတို့၏သမီးချွေးမ၊ ဦးစိုးလွင် (စက်မှု ထွေ/ထိန်း)၏ ချစ်လှစွာသောဇနီး၊ ဗိုလ်မှူးဝင်းနေစိုး(ငြိမ်း)-ဒေါ်ချယ်ရီ၊ ဒုတိယဗိုလ်မှူးကြီးနေအောင်စိုး-ဒေါ်သင်းနွယ်စိုးတို့၏ချစ်လှစွာသောမိခင်၊မြေးလေးယောက်တို့၏အဘွား ဒေါ်ကြည်ကြည်သည် ၂၅-၈-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက် ၆း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၄၁)မှ သူငယ်ချင်းများနှင့် မိသားစုဝင်များ**

## ဒေါ်တင်နွဲ့
**(မော်ဘီ)**
**အသက်(၇၁)နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁)ရပ်ကွက်၊ ဗဟိုလမ်း၊ အမှတ် ၈၄၄နေ (ဦးအောင်ဘန်း-ဒေါ်စောညွန့်)တို့၏သမီး၊ ဦးကျော်စိုးအောင်-ဒေါ်သန်းသန်းရီတို့၏အစ်မသည် ၂၈-၈-၂၀၁၆ရက် (တနင်္ဂနွေနေ့) ည ၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၈-၂၀၁၆ရက် (အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဦးစောထားလုံ
**(အတွင်းရေးမှူး-ဟောင်း၊ ကရင်ပြည်နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ)**
### ဦးကျော်ဆွေ
**(အတွင်းရေးမှူး-ဟောင်း၊ ကယားပြည်နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ)**

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း စတင်ဖွဲ့စည်းခဲ့စဉ်မှ ယနေ့အချိန်အထိ ရည်ရွယ်ချက် ခိုင်ခိုင်မာမာနှင့် လက်တွဲလာခဲ့သော ကရင်ပြည်နယ် ပြည်ခိုင်ဖြိုးပါတီ အတွင်းရေးမှူးဟောင်း ဦးစောထားလုံသည် ၂၄-၈-၂၀၁၆ ရက်တွင်လည်းကောင်း၊ ကယားပြည်နယ် ပြည်ခိုင်ဖြိုးပါတီအတွင်းရေးမှူးဟောင်း ဦးကျော်ဆွေသည် ၂၅-၈-၂၀၁၆ရက်တွင်လည်းကောင်း ကွယ်လွန်သွားခြင်းသည် ပါတီအတွက် ကြီးမားသော ဆုံးရှုံးမှုကြီးဖြစ်ပါသဖြင့် နှမြောတသ ဝမ်းနည်းကြေကွဲရပါကြောင်း။

**အလုပ်အမှုဆောင်အဖွဲ့**
**ရှမ်းပြည်နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ**

## အလ်ဟာဂျ် M.ရှရီးဖ်(ခ)ဖေရိုစ်(ခ)ဦးအောင်လွင်
**World People Meet Travel & Tours Co.,Ltd. (ဒါရိုက်တာ)**
**World Medical Center (WMC)**
**Representative Agent**
**Nokair (Authorized Agent)**
**အသက်(၅၀)**

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၇)ရပ်ကွက်၊ အမှတ် ၄၉၊ ဒု(ယာ)နေ အလ်ဟာဂျ် M.ရှရီးဖ်(ခ)ဖေရိုစ်(ခ)ဦးအောင်လွင်သည် ၂၆-၈-၂၀၁၆ရက် (သောကြာနေ့) နံနက် ၆နာရီတွင် ကော့ကရိတ်မြို့၊ ကျုံဒိုးမြို့နယ်၌ ခရီးသွားရင်း ရုတ်တရက် ကွယ်လွန်သွားပါသဖြင့် ၂၇-၈-၂၀၁၆ရက်တွင် ရေဝေးဥယျာဉ်တော်၌ ဒါဖွာနာပြုပြီးဖြစ်ပါ၍ အဘက်ဘက်မှ ကူညီပေးကြသော ဆွေမျိုးများ၊ မိတ်ဆွေသင်္ဂဟများကို အထူးကျေးဇူးတင်ကြောင်းနှင့် ၂-၉-၂၀၁၆ရက် (သောကြာနေ့) ညနေ ၅နာရီတွင် အမှတ် ၅၀၊ ပထပ်(ယာ)၊ ၄၃လမ်းနေအိမ်၌ အလှူညြေ့ခံပွဲသို့လာရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
### ဦးအာကာထွန်းလှိုင်
**Director**
**Ayeyarwaddy Treasure Trading Co.,Ltd.**
**အသက်(၃၄)နှစ်**

Y.I.E, MBA(10) Batchမှ သူငယ်ချင်း ဦးအာကာထွန်းလှိုင်သည် ၂၆-၈-၂၀၁၆ရက်(သောကြာနေ့)နံနက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**Y.I.E, MBA(10) Batchမှ**
**သူငယ်ချင်းများ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/ထူပါရုံ၊ မြေကွက်အမှတ်(၁၀၃၅/က)၊ မြေကွက်တည်နေရာအမှတ်(၁၀၃၅/က)၊ ထူပါရုံ(၅)လမ်းအနောက်၊ (၁)ရပ်ကွက်၊ သာကေတမြို့နယ် ဒေါ်ခင်ထွေး (H/RGN ၀၃၄၃၈၇) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်ခင်ထွေး (H/RGN ၀၃၄၃၈၇)မှ ဂရန်ပျောက်ဆုံးကြောင်း ကိုယ်တိုင်ဝန်ခံချက် ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၏ ၁၆-၃-၂၀၁၆ (၃၈၉၁/၂၀၁၆)ကျမ်းကျိန်လွှာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်တို့နှင့် ဌာနမှ မြေပြင်ကွင်းဆင်းစစ်ဆေးခဲ့ရာ အဆောက်အအုံရှိ တစ်ထပ်ပျဉ်ထောင် ကိုယ်တိုင်နေထိုင်ကြောင်း တွေ့ရှိရပြီး ထောက်ခံချက်များတင်ပြ၍ ဂရန်မိတ္တူ လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

သင့်သွေးဖြင့် အသက်ကယ်ပါ

## မိသားစုနှင့်ထပ်တူဝမ်းနည်းကြေကွဲခြင်း
### ဦးမောင်မောင်ထွန်း (ယစ်မျိုးဝန်၊ ငြိမ်း)
**စိန့်ဂျွန်းကျောင်းသားဟောင်း**
**အသက်(၉၄)နှစ်**

(အရေးပိုင်မင်း ဦးဘရီ-ဒေါ်ဒေါ်အုန်း)တို့၏ တစ်ဦးတည်းသောသား (ဒေါ်မြင့်မြင့်)၏ခင်ပွန်း၊ ဗိုလ်မှူးမောင်မောင်အေး(ငြိမ်း)(တေဇ-၄)(ဒု-ဌာနမှူး၊ စည်ပင်၊ ငြိမ်း)-ဒေါ်သန်းသန်းမြင့်တို့၏ဖခင် ဦးမောင်မောင်ထွန်း အသက်(၉၄)နှစ်သည် ၂၆-၈-၂၀၁၆ရက် (သောကြာနေ့) နံနက် ၁၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**တေဇ(၄)ကျောင်းဆင်း မိသားစုများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ၁၀၁လမ်း၊ အမှတ် ၂၀နေ ဒေါ်စောညွန့်၏ခင်ပွန်း ဦးလှဝင်း(ခ)ဦးလှတင်(မြိတ်-တက္က) အသက်(၆၂)နှစ် ကုန်သွယ်/လယ်ယာ(ငြိမ်း)သည် ၂၅-၈-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက် ၈း၂၀နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ကုန်သွယ်/လယ်ယာ-သူငယ်ချင်းများ**
**စီမံ(စီးပွား) အဆင့်-၁ [1st Batch (81-82)]**

## ဦးအောင်ဝင်း(မန်နေဂျာ)
**King Fish Co.Ltd**
**အသက်(၆၁)နှစ်**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ စကားဝါပင်လမ်း၊ အမှတ် ၁၀၁နေ ဒေါ်သိန်းမြင့်၊ဒေါ်သိန်းနု၊ဒေါ်ညွန့်၊ဦးစော-ဒေါ်စန်းကြည်တို့၏တူ၊ ဦးထွန်းမြင့်-(ဒေါ်တင်တင်ဝင်း)တို့၏သား၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ဇဝနရပ်ကွက်၊ သရက်တောကျောင်းလမ်း၊ အမှတ် ၃နေ ဒေါ်ငွေငွေရီ၏ချစ်လှစွာသောခင်ပွန်း၊ ဦးမင်းမင်းဦး(လက်ထောက်အုပ်ချုပ်ရေးမှူး၊ စမ်းချောင်းမြို့နယ် စည်ပင်သာယာရေးကော်မတီ)-ဒေါ်ဆုသက်မွန်ဝင်း(ရာဖြတ်ဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ)၊ မဂျူလိုင်အောင်ဝင်း(Myanmar DCR) (ခေတ္တ-ဂျပန်)တို့၏ ချစ်လှစွာသောဖခင်၊ မောင်ကောင်းခန့်ငြိမ်းချမ်း၏ချစ်လှစွာသောဖေကြီးသည် ၂၇-၈-၂၀၁၆ရက် နံနက် ၂း၃၀နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၂၉-၈-၂၀၁၆ ရက်(တနင်္လာနေ့)ညနေ ၃နာရီတွင်ရေဝေးသုသာန်၌သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (သဃ်္ဃန်းကျွန်းနေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

သူငယ်ချင်း ဒုဗိုလ်မှူးကြီးအောင်သန်းဦး၏မိခင် ဒေါ်သောင်းပိုသည် ၂၅-၈-၂၀၁၆ရက်တွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရန်ကုန်ရောက် သူငယ်ချင်းတစ်စု**

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
### ဗိုလ်မှူးဝင်းဖေ(ငြိမ်း)(လေ)
**အသက်(၈၈)နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊(၇)ရပ်ကွက်၊ မယ်ဇီကုန်းလမ်း၊ အမှတ် ၁၈ (B)နေ (ဦးလေးကျော်-ဒေါ်ရိမ်ရိမ်)တို့၏သား၊ (ဒေါ်ခင်ခင်)၏ခင်ပွန်း၊ ဒေါ်ခင်မာဦး-ဒေါက်တာခိုင်ညွန့်၊ (ဦးသူရ)-ဒေါ်ငွေမဥ္ဇူ၊ ဦးသီဟ-ဒေါ်မြမြအေး၊ ဒေါ်ခင်မေသက်-ဦးဝင်းမြင့်တို့၏ ချစ်လှစွာသောဖခင်၊ မြေးခြောက်ယောက်တို့၏ အဘိုးသည် ၂၈-၈-၂၀၁၆ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁၂း၂၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၈-၂၀၁၆ ရက် (အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှကားများ နံနက် ၈း၁၅ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ရဟန်းဒါယကာကြီး
### ဦးအတူး (ဥပဒေအရာရှိ)
**လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)**
**အသက်(၆၂)နှစ်**

(ဦးကျင်မောင် - ဒေါ်ခင်စိန်)တို့၏သား၊ (ဦးခင်ဆွေ)-ဒေါ်ဝင်းတင်တို့၏ သားသမက်၊ ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ပြည်တော်အေးလမ်း၊ အမှတ် ၂၆၇၊1-Bနေ ဒေါ်ခင်ဆွေဝင်း၏ချစ်လှစွာသောခင်ပွန်း၊ ဦးမြင့်နိုင်-ဒေါ်ငွေငွေဝင်းတို့၏မောင်၊ ဦးစောစေးထူး-ဒေါ်ငွေလွင်၊ဦးအောင်မြလွင်၊ဦးအောင်မြခိုင်၊ ဦးကျော်ငွေ-ဒေါ်အေးအေးမော်တို့၏အစ်ကို၊ ကိုကျော်ဇင်ထွန်း(မြဝတီဘဏ် TCL)-မဖြိုးယုယုဆွေ၊ မနှင်းဟောမာန်ဝင့် (ဒု-မြို့နယ်တရားသူကြီး၊ တာချီလိတ်မြို့နယ်)၊ မောင်ဝေယံဦး၏ဖခင်၊ မောင်ဟန်ထူးဇင်၏ဘိုးဘိုးသည် ၂၇-၈-၂၀၁၆ရက် ည ၇း၄၅နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၈-၂၀၁၆ရက်(တနင်္လာနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဦးကျော်ဝင်း(ခ)ဦးဖိုးကျော်
**အသက်(၆၄)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ အင်္ဂပူမြို့နယ်၊ မဲဇလီကုန်းကျေးရွာနေ (ဦးမောင်မှဲ့-ဒေါ်မယ်ကြဲ)တို့၏သား၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ သမာဓိလမ်း၊ အမှတ် ၁၁၆၂နေ(ဦးတင်မြ-ဒေါ်သန်းမေ)တို့၏သားသမက်၊ဒေါ်ထွေးထွေး၏ခင်ပွန်း၊ ကိုမျိုးမင်းသန့်၊ ကိုသန်းကျော်ငွေ၊ ကိုဇင်မျိုးဟန်တို့၏ဖခင်သည် ၂၈-၈-၂၀၁၆ရက်(တနင်္ဂနွေနေ့) နံနက် ၀၀း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၈-၂၀၁၆ရက်(အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်မြင့်မြင့် (စလင်းမြို့)
**အသက်(၆၁)နှစ်**

မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ ဇီးဖြူပင်ကျေးရွာအုပ်စု၊ ကိုးလုံးကျေးရွာနေ (ဦးထွန်းလူ-ဒေါ်အုန်းရီ)တို့၏သမီး၊(ဦးသောင်းရွှေ-ဒေါ်လှကြန်)တို့၏သမီးချွေးမ၊ ဦးညဏ်ရွှေ-(ဒေါ်စိန်စိန်)တို့၏ညီမ၊ ဦးဝင်းထွေးမောင်-ဒေါ်ရင်နွဲ့၊ ဦးမြင့်ရွှေ-ဒေါ်စန်းချော၊ ဦးအောင်မြင့်ဦး-ဒေါ်အေးမြင့်၊ ဒေါ်ညိုမြင့်၊ ဦးအောင်ကြည်အေး-ဒေါ်အေးအေးနွယ်တို့၏အစ်မ၊ ဦးသန်းမြင့်၏ ချစ်လှစွာသောဇနီး၊ ဒုရဲအုပ် ငွေးလှိုင် (သတင်းတပ်ဖွဲ့)-မတင်ဇာဝင်း၊ ကိုဝင်းငွေ-မစန္ဒာမိုး၊ကိုနေလင်း-မမာမာငွေး၊ မသန်းသန်းမိုး၊ ကိုမြင့်နိုင်-မဇင်မာစိုး၊ မသင်းသင်းစိုးတို့၏မိခင်၊ မောင်ဝေယံထက်၊မရွှန်းလဲ့မေ၊မောင်သူရကျော်ဇင်၊ မဖြူလေးသွယ်၊ မောင်ဝန်းရဲလင်း၊ မဆုကြယ်စင်လင်းတို့၏အဘွားသည် ၂၇-၈-၂၀၁၆ရက် (စနေနေ့) နံနက် ၇း၁၀နာရီတွင် ကွယ်လွန်သွားပါ၍ ၃၁-၈-၂၀၁၆ရက် မွန်းလွဲ ၁နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ဦးငွေးလှိုင်-ဒေါ်တင်ဇာဝင်းတို့၏နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။]

ကျန်ရစ်သူမိသားစု

## ရဟန်းဒါယိကာမကြီး
### ဒေါ်သန်းနု (ဇလွန်)
**အသက်(၈၁)နှစ်**

ဇလွန်မြို့၊ ဓမ္မာရုံကျောင်းလမ်း၊ အမှတ် ၁၆နေ (ဦးကျော်စိန်-ဒေါ်မြတင်)တို့၏သမီး၊ သုံးဆယ်မြို့၊ ဗေဒင်ကုန်းရပ်ကွက်နေ ဦးဇော်မင်းထွန်း(ခ)ဖိုးသား၊ ဦးမျိုးအောင်ဝင်း(ခ)မျိုးကြီး-ဒေါ်ယုယုသော်တို့၏မိခင်၊ မောင်ပြည့်စုံခန့်၏အဘွား၊ (ဦးသန်းကြည်)၏ဇနီးသည် ၂၇-၈-၂၀၁၆ရက်(စနေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၈-၂၀၁၆ ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် အရှေ့ရိုးကြီးသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

## ဦးသိန်းရွှေ(ခ)ဦးနန်ဆန်း
**အသက်(၇၉)နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ အင်းစိန်လမ်း၊ အမှတ် ၃၉နေ (ဦးကြိုစန်ကက်-ဒေါ်ရက်ချူးဝါး)တို့၏သား၊ ဒေါ်ငွေစိန်၏ခင်ပွန်း၊(ဦးတီဟုတ်တီ-ဒေါ်လေဝါ)၊ (ဦးကျောက်လုံတိ)-ဒေါ်ကျန်ကျင်လျှန်၊ ဦးမောင်လှ-ဒေါ်ငွေရင်တို့၏ညီ/မောင်၊ ဒေါ်ရှုမေ၊ ဦးကျော်မြင့် - ဒေါ်ရှုဝေ၊ ဦးသိန်းထိုက် - ဒေါ်သီတာခိုင် (Star Pharmacy)တို့၏ဖခင်၊ မြေးလေးယောက်တို့၏အဘိုးသည် ၂၈-၈-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၃နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၈-၂၀၁၆ရက်(အင်္ဂါနေ့)နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၃-၉-၂၀၁၆ရက် (စနေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးမြင့်ထွန်း
**(မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ငြိမ်း)**
**အသက်(၇၂)နှစ်**

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ဝေဘာဂီမြို့သစ်၊ အမှတ် ၃/၉၃၊ ပိတောက်မြိုင်လမ်းနေ (ဦးစိန်-ဒေါ်ခင်သန်းနွယ်)တို့၏သား၊(ဦးအုန်းရွှေ-ဒေါ်ခင်သောင်း)တို့၏သားသမက်၊ (ဦးလှမြင့်)-ဒေါ်မြင့်မြင့်သန်း၊ ဦးငွေးသန်း-ဒေါ်သန်းသန်းအေးတို့၏မောင်၊ ဦးမှတ်ကြီး-ဒေါ်တင်မာချို၊ ဒေါ်အေး၊ ဦးမြင့်လွင်-ဒေါ်သန်းသန်းထွေး၊ ဦးလှသင်း-ဒေါ်သန်းသန်းနု၊ ဦးမြင့်သိန်း-ဒေါ်ယဉ်ယဉ်ထွေးတို့၏အစ်ကိုကြီး၊ မဆွေဆွေထွန်း၊ မသင်းသင်းထွန်း၊ ဦးဝင်းလှိုင်ထွန်း(ဆသရ)-ဒေါ်ရီလွင်လွင်၊ ဦးသိန်းသန်းထွန်း-ဒေါ်စုစုလှိုင်တို့၏ဖခင်၊ ဒေါ်သန်းသန်းရွှေ(FERD)(ငြိမ်း)၏ ခင်ပွန်းသည် ၂၈-၈-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၆နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၈-၂၀၁၆ရက်(အင်္ဂါနေ့)မွန်းတည့် ၁၂နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၃-၉-၂၀၁၆ရက် (စနေနေ့) နံနက်တွင် မြောက်ဥက္ကလာပမြို့နယ်၊ ဝေဘာဂီမြို့သစ်၊ (၃)ရပ်ကွက်၊ ပိတောက်မြိုင်လမ်း၊ အမှတ် ၉၃ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း ဒါယကာကြီး
### ဦးမျိုးညွန့် (ပျော်ဘွယ်)
**(M.APhilosophy)**
**အသက်(၆၉)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၁၀)ရပ်ကွက်၊ ပိတောက်မြိုင်လမ်း၊ အမှတ် ၄နေ (ဦးခင်မောင်လေး-ဒေါ်ခင်ကြည်)တို့၏သား၊ ဒေါ်မြင့်မြင့်(ခ)ဒေါ်ယဉ်သူ၏ချစ်လှစွာသောခင်ပွန်း၊ ဦးအောင်မင်း-ဒေါ်နှင်းယုဝေလွင်၊ ဦးဇော်ဇော်မင်းသိန်း-ဒေါ်သက်သက်ဝေလွင်(သင်းနွယ်မိတ္တူနှင့်ကွန်ပျူတာ)၊မနှင်းအိအိခင်တို့၏ချစ်လှစွာသောဖခင်၊ မောင်စစ်ရဲရင့်ထူး၊မောင်စွမ်းသုခဇော်၊ မသီရိရွှေရည်တို့၏ အဘိုးသည် ၂၈-၈-၂၀၁၆ရက်(တနင်္ဂနွေနေ့) နံနက် ၆း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၈-၂၀၁၆ရက် (အင်္ဂါနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၃-၉-၂၀၁၆ရက် (စနေနေ့) နံနက် ၇နာရီမှ ၉နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ခရစ်တော်၌အိပ်ပျော်ခြင်း
### ဖီးဖီးနော်လှ
**အသက်(၉၇)နှစ်**

ကြည့်မြင်တိုင်မြို့နယ်၊ သီတာရပ်ကွက်၊ သိန္ဓုလမ်း၊ အမှတ် ၁၅ (မြေညီ)နေ(စောမောင်ပု-နော်ပန်းမြ)တို့၏သမီး၊(စောမြတ်သာအောင်-နော်ဆွဲကြီး)တို့၏သမီးချွေးမ၊ စောထရူးမင်း-နော်မရီးနာချို၊ နော်မေးလျှံ-ဦးဝင်းနိုင်၊(စောပီတာ)၊ နော်ဆာဝါး-(ဦးမင်းလွင်)၊ နော်အဲသယ်တို့၏မိခင်၊ စောအယ်မူး-နော်စိုးစိုးမြိုင်၊ စောစောနိုင်-နန့်စီစီမျိုး၊ နော်နှင်းထွေးအေး-စောနပိုလီယံမြ၊ စောစောခိုင်၊ စောစေးဟဲ၊ စောမင်းမင်းနိုင်-နော်ခင်ဆွေအောင်၊ စောကျော်ညီညီလွင်-ဒေါ်ဝေဝေရှိန်၊ စောဆာစေး-နော်ဒိုင်ယာနာထူးတို့၏ဖီးဖီး၊ မြစ် ၁၀ယောက်တို့၏ဖီးဖီးကြီး၊ (စောဟားဘတ်)၏ချစ်လှစွာသောဇနီးသည် ၂၈-၈-၂၀၁၆ရက် နံနက် ၁၁း၅၀ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၉-၈-၂၀၁၆ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ကြည့်မြင်တိုင်၊ စမ်းချောင်း ကရင်နှစ်ခြင်းအသင်းတော် (သိန္ဓုလမ်း)၌ ဝတ်ပြုဆုတောင်းပြီး ထိန်ပင်ခရစ်ယာန်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
### ဒေါက်တာဦးကျော်မင်း
**အဂ္ဂမဟာသီရိ သုဓမ္မမဏိဇောတဓရ**
**ဥက္ကဋ္ဌ ရခိုင်ပြည်နယ်အသင်း**
**ဥက္ကဋ္ဌ မိုးကောင်းဆုတောင်းပြည့်စေတီတော်ဂေါပကအဖွဲ့ (ရန်ကင်းမြို့နယ်)**
**ဥက္ကဋ္ဌ အလိုတော်ပြည့် ဓမ္မာစရိယတက္ကသိုလ်(ရန်ကုန်)**
**အသက်(၇၈)နှစ်**

ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့နေ ဦးမောင်နီ-ဒေါ်မဝါတို့၏သား၊ ရန်ကုန်မြို့၊ သုဝဏ္ဏ၊ အမှတ် ၁၁၃၊ သစ်ရာပင်လမ်းနေ ဒေါ်နီနီဆွေ၏ ခင်ပွန်း၊ ဦးရဲထွဋ်ဝင်း-ဒေါ်သီဂီမင်း၊ မမင်းပြည့်ဖုဦး (MYANMAR IMPERIAL COLLEGE)၊ မမင်းသက်ဖုဖြူ(ပညာနန်းတော်)တို့၏ ချစ်လှစွာသောဖခင်၊ မဟန်သာခိုင် (ဒုတိယနှစ်၊ သတ္တဗေဒ၊ ဒဂုံတက္ကသိုလ်)၊ မဝေသာခိုင်၊ မခိုင်ယုယမင်းတို့၏ဘိုးဘိုးကြီးသည် ၂၈-၈-၂၀၁၆ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁၂း၄၅နာရီတွင် ပင်လုံဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၈-၂၀၁၆ရက် (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဦးကျော်မင်း
**အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ**
**(နာယကကြီး)**
**ပုဇွန်တောင်ကျွန်းမြို့နယ် လူမှုရေးအသင်း(ရန်ကုန်)**
**အသက်(၇၈)နှစ်**

ပုဇွန်တောင်ကျွန်းမြို့နယ်၊ လူမှုရေးအသင်း(ရန်ကုန်)၏ နာယကကြီး ဆရာဦးကျော်မင်းသည် ၂၈-၈-၂၀၁၆ရက်(တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၈-၂၀၁၆ရက် (အင်္ဂါနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသင်းသူ အသင်းသားများ လိုက်ပါပို့ဆောင်ကြပါရန်။

အမှုဆောင်အဖွဲ့

## ခရစ်တော်၌အိပ်ပျော်ခြင်း
### PA PAU KHAN MANG အသက်(၅၁)နှစ်
**(GUALNAM BEH)**
**THALMUAL/KALAYMYO**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၆)ရပ်ကွက်၊ ရွှေဘိုလမ်း၊ အောင်ဇေယျအိမ်ရာ၊ တိုက် ၂၄၊ အခန်း ၃၀၄နေ NU NIANG SUAN CIIN၏ ချစ်လှစွာသောခင်ပွန်း၊ ကလေးမြို့၊ ပင်လုံ (၃)၊ အမှတ် ၂နေ PU PUM ZA LIAN - (PI KHAWL ZA CING) တို့၏သား၊ PASTOR DANIEL NANGNO - PI DAL KHAN VUNG တို့၏သားသမက်၊ DO SUAN MUNG, (KAM KHAN SUAN), CING SAWN LUN, VIAL ZA KHUP (USA), (THANG NGIM SANG)တို့၏ညီ/အစ်ကို၊ LIAN BIAK SIAM, CING SAN KIM, NANG SIAN HON, MUNG SAWM PIANG တို့၏ ဖခင်သည် ၂၈-၈-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၂နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၃၀-၈-၂၀၁၆ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် အမှတ် ၆၈၊ ဦးဝိစာရလမ်း၊ Seventh-day Adventist Church (ရန်ကုန်ဗဟို)၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးခရစ်ယာန် ဂိုဏ်းပေါင်းစုံဥယျာဉ်တော်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ခရစ်တော်၌အိပ်ပျော်ခြင်း
### Daw Zen Ngaih Lun
### (ခ)ဒေါ်ငယ်
**(Buansing Beh)**
**အသက်(၆၃)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ အနန်းပင်ရပ်ကွက်၊ အနော်ရထာလမ်း၊ အမှတ် ၂/ကနေ အရာခံဗိုလ် ဝုန်ခန့်ဒိုး (လေ၊ ငြိမ်း)၏ဇနီး၊ Saya Vial Khan Mang ၏တူမ၊ ဒေါ်ဒိမ့်ဆွင်းငိုင်(ခ)ဒေါ်စီစီ လပခ(ငွေစာရင်းဌာနခွဲ)-ဦးဒိုရှင်းပေါင် (Mother Love Company)၊ မောင်ခိုင်ရှင်းမာန် (AMAS)၊ မကိမ်းခန့်ဒိမ့်(ခ) မမာမာလွင် (မြန်မာ့စီးပွားရေးဘဏ်၊ မြောက်/ဥ)၊ ဒေါ်ဇမ်းလမ်ကျိန်(ခ) မအေးအေးလွင် - ဒုအရာခံဗိုလ်မြင့်နိုင် (လေတပ်ဆွယ်၊ နေပြည်တော်)၊ မောင်ခွာလ်ခင်းစိန်(ခ)ချင်းလေး (Y.A.G) တို့၏မိခင်၊ မသူသူလွင်နိုင်၊ မမီမီလွင်နိုင်၊ မောင်ထန်ခန့်ခိုင်၊ မနဲမ်းရှင်းဝုန် တို့၏အဘွားသည် ၂၈-၈-၂၀၁၆ရက် နံနက် ၁နာရီတွင် နေအိမ်တွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၃၀-၈-၂၀၁၆ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးခရစ်ယာန်သုသာန်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်နှင့် ဝါယာလက်တို့မှကားများ မွန်းတည့် ၁၂နာရီနှင့် ယုဇန ပိတောက်ကွေ့မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ နတ်လမ်း ဒါယကာကြီး
### ဦးထွန်းမြင့်
**B.Sc (Geo)(၁၉၈၄-၁၉၈၅)**
**အထက(၁)တာမွေ**
**ကျောင်းသားဟောင်း**
**အသက်(၅၇)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ ကုန်းဘောင် ၁၁လမ်း၊ အမှတ် ၈၂၁နေ [ဦးမောင်မောင်မြင့် (မြန်မာ့ဆိပ်ကမ်းအာဏာပိုင်) - ဒေါ်ခင်ရီ]တို့၏သား၊ (ဦးရွှေလှဖြူ)[ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)၊ စက်မှု(၁)]-ဒေါ်ခင်ထွေးရီ [ဌာနမှူး (ငြိမ်း)၊ စက်မှုစားကုန်၊ ဂျုံလုပ်ငန်း]တို့၏သားသမက်၊ မောင်မျိုးဆွေထွန်း[Service Engineer (Skynet MPS)]၊ မဖြူနှင်းပွင့်ခိုင် [ကလေး တေးသံရှင် (Starlet' Sky)]တို့၏ချစ်လှစွာသောဖခင်၊ ဒေါ်မူမူရွှေ၏ ချစ်လှစွာသောခင်ပွန်းသည် ၂၇-၈-၂၀၁၆ရက်(စနေနေ့) မွန်းလွဲ ၂း၁၂နာရီတွင် သျှင်ပါကူဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၈-၂၀၁၆ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု



သရက္ခန်ဘုရားကိန်းဝပ်သည့် ဂန္ဓကုဋိတိုက် ပြာသာဒ်ဆောင်ထိပ်ပိုင်း ပြတ်ကျနေသည်ကို တွေ့ရစဉ်

# ပခုက္ကူမြို့နယ်အတွင်း ငလျင်ဒဏ်သင့်ခဲ့သော စေတီပုထိုးများကို ဌာနဆိုင်ရာများ၊ အလှူရှင်များနှင့် ပူးပေါင်းပြင်ဆင်သွားမည်

**သတင်း - တင်မောင်လွင်၊ နိုင်လင်းကြည်၊ ဓာတ်ပုံ - မောင်မွှေး**

**ပခုက္ကူ ဩဂုတ် ၂၈**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင်အတွင်းတွင် ဩဂုတ် ၂၄ ရက် ညနေပိုင်းက လှုပ်ခတ်ခဲ့သည့် အင်အားပြင်းငလျင်ကြောင့် ဘုရားပုထိုးစေတီနှင့် အဆောက်အအုံနှင့် နေအိမ်များ ထိခိုက်ပျက်စီးမှုဖြစ်ပေါ်ခဲ့ရာ ပျက်စီးသွားသော ဘုရားစေတီအချို့အား အမြန်ဆုံး ပြန်လည်ပြင်ဆင်ဆောင်ရွက်နိုင်ရေး အစိုးရဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် ဒေသခံပြည်သူများက ဝိုင်းဝန်းပူးပေါင်းပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

"ပခုက္ကူခရိုင်အတွင်းမှာ ငလျင်ဒဏ်ကြောင့် ပျက်စီးသွားတဲ့ အခြေခံကျောင်း ၁၀ ကျောင်းကို ဒေသခံ ရပ်မိရပ်ဖတွေ၊ သက်ဆိုင်ရာ ကျောင်းကော်မတီတွေနဲ့ ပြုပြင်မှာကတော့ လေးကျောင်းဖြစ်ပါတယ်။ သက်ဆိုင်ရာပညာရေးဌာနက ဘတ်ဂျက်တောင်းခံပြုပြင်မှာကတော့ ခြောက်ကျောင်းဖြစ်ပါတယ်။ ဘုရားပုထိုးစေတီတော်တွေ စေတီတော်မြေခတာ၊ စိန်ဖူးတော်မြေခတာတွေကတော့ သက်ဆိုင်ရာ ဂေါပကအဖွဲ့ဝင်တွေ၊ အလှူရှင်တွေနဲ့ ဌာနဆိုင်ရာအဖွဲ့အစည်းတွေ ပူးပေါင်းပြီးတော့ ပြင်ဆင်သွားမှာဖြစ်ပါတယ်" ဟု ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယအုပ်ချုပ်ရေးမှူး ဦးကံစောလှိုင်က ပြောသည်။

*စာမျက်နှာ ၇ ကော်လံ ၁* ❀

# ဆင်သေဆည် ရေပြည့်ရန် ၁၈ ပေကျော်လို၊ ဆည်ကျိုးကျသည်ဆိုသည်မှာ ကောလာဟလသာဖြစ်

**သတင်း - ကျော်သူဝင်း၊ ဓာတ်ပုံ - သက်ထက်၊ တင်စိုးလွင်**

**တပ်ကုန်း ဩဂုတ် ၂၈**

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်၌ မိုးသည်းထန်စွာ ရွာသွန်းကာ ဆင်သေချောင်းရေကြီးမှုကြောင့် လူနေအိမ် ၂၂ လုံးနှင့်အတူ မျောပါမှုဖြစ်ပွားပြီးနောက် မြို့နယ်အတွင်းရှိ ကျေးရွာများတွင် ဆင်သေဆည် ကျိုးပေါက်သည်ဟူသော ကောလာဟလများ ထွက်ပေါ်ခဲ့ကာ ဒေသခံများပြောင်းရွှေ့မှုများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

ဖေ့ဘုတ်လူမှုကွန်ရက်စာမျက်နှာများတွင် ဆင်သေဆည်ကျိုးပေါက်သည်ဟူသော ကောလာဟလများကြောင့် မြို့ပေါ်ရှိ ဈေး၊ ရပ်ကွက်နှင့် ကျေးရွာများတွင် ရောင်းဝယ်ဖောက်ကားမှုများ အနှောင့်အယှက်ဖြစ်ခဲ့ရပြီး ဒေသခံများ စိုးရိမ်စိတ်များခဲ့ကြရသည်။

ဩဂုတ် ၂၇ ရက်တွင် ဆည်ကျိုးပြီဟူသော ကောလာဟလကြောင့် ဒေသခံများ နေအိမ်ရှိပစ္စည်းများ သယ်ယူပြောင်းရွှေ့သွားလာနေကြခြင်းကြောင့် သက်ဆိုင်ရာ မြို့ပေါ် ရပ်ကွက်၊ ကျေးရွာတာဝန်ရှိသူများက ဆည်ကျိုးပေါက်မှုမရှိကြောင်း ပြည်သူများသိရှိရန် အသံချဲ့စက်များဖြင့် လိုက်လံအသိပေးမှုများ ပြုခဲ့ကြရသည်။

"ဩဂုတ် ၂၆ ရက် နံနက်က ရိုးမတောင်တန်းပေါ်မှာ မိုးများစွာရွာသွန်းခဲ့ပြီး ဆင်သေချောင်းထဲကို ရေတွေတိုးဝင်လာတာကြောင့် သံပုရာကုန်းကျေးရွာအုပ်စုရှိ သံပုရာကုန်းရွာနဲ့ လက်ပံအိုင့်ကျေးရွာတို့မှာ ရေကြီးရေလျှံမှု ဖြစ်ပွားခဲ့ပါတယ်။

*စာမျက်နှာ ၇ ကော်လံ ၁* ✪



နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်ရှိ ဆင်သေဆည်ကို ဩဂုတ် ၂၈ ရက်က တွေ့ရစဉ် (ဓာတ်ပုံ - တင်စိုးလွင်)

**ယခုနှစ်အတွင်း ဂျာမနီ၌ ရွှေ့ပြောင်းသွားလာသူ သုံးသိန်းကျော် ဝင်ရောက်လာမည်ဟု ခန့်မှန်းထား** *စာမျက်နှာ - ၁၀*

**ပြင်သစ်သမ္မတရွေးကောက်ပွဲမှာ သမ္မတဟောင်း နီကိုးလပ်စ်ဆာကိုဇီ တစ်ကျော့ပြန်အောင်ပွဲဆင်နိုင်မှာလား** *စာမျက်နှာ - ၁၁*

**စက်ပစ္စည်းများ တင်ဆောင်လာသည့် ကုန်တင်ယာဉ်တိမ်းမှောက်** *စာမျက်နှာ - ၁၂*

